# ပြည်ထောင်စု မြန်မာနိုင်ငံနှင့် တိုင်းရင်းသားလူမျိုးများ

## မတူကွဲပြားခြင်းက ပြဿနာလား၊ ခွဲခြားခြင်းက ပြဿနာလား။



**Unity in Diversity Series-1**

# ပြည်ထောင်စု မြန်မာနိုင်ငံနှင့် တိုင်းရင်းသားလူမျိုးများ

## မတူကွဲပြားခြင်းက ပြဿနာလား။ ခွဲခြားခြင်းက ပြဿနာလား။

**Unity in Diversity Series-1**

EBO MYANMAR

ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ထုတ်ဝေသည့်ကာလ | ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (ပထမအကြိမ်) |
| အုပ်ရေ | ၁၅၀၀ |
| မျက်နှာဖုံးဒီဇိုင်း | ကောင်းခန့်ဇင် |
| အတွင်းဒီဇိုင်း | ပေါင်းဟွမ် |
| ထုတ်ဝေဖြန့်ချိသူ | Pyidaungsu Institute Press |
| Publication Series | P0819PI10-A |
| သုတေသနနှင့် ရေးသားပြုစုသူ | စလင်းကိုလှိုင် |
| အခြားပံ့ပိုးပေးသောသူများ | PI သုတေသီများ |
| သုတေသနဒါရိုက်တာ | ဒေါက်တာစိုင်းဦး |

"ပြည်ထောင်စုမြန်မာနိုင်ငံနှင့်တိုင်းရင်းသားလူမျိုးများ-
မတူကွဲပြားခြင်းကပြဿနာလား၊ ခွဲခြားခြင်းကပြဿနာလား"

စာအုပ် ထုတ်ဝေနိုင်ရန်အတွက် ပြည်ထောင်စုအင်စတီကျု့၏ သုတေသီများကို ငွေကြေးအထောက်အပံ့ပေးသော EBO-Myanmar အား အထူးပင် ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါသည်။ ဆက်လက်၍လည်း ဤစာအုပ်၏ မူကြမ်းအား Reviewer များအဖြစ် ကူညီဖတ်ရှု သုံးသပ်အကြံဉာဏ်များ ပေးခဲ့ကြသော Uncle Khunsai Jaiyen, Uncle Richard Zatu နှင့် Saw Eh Htoo တို့အား အထူးပင် ကျေးဇူးတင်ရှိပါကြောင်းနှင့် စာအုပ်အမှာစာ ရေးသားပေးခဲ့သော ဆရာစိုင်းညွန့်လွင်ကိုလည်း အထူးပင် ကျေးဇူးတင်ရှိပါသည်။

## အမှာစာ

**တိုင်း**ရင်းသားလူမျိုးများ မတူကွဲပြားခြင်းသည် သမိုင်းအစဉ်အလာ၊ ဆင်းသက်မှု၊ ဘာသာစကား၊ ယဉ်ကျေးမှုဓလေ့ ထုံးတမ်းများမတူကွဲပြားကြခြင်းမှ ဆင်းသက်လာခြင်း ဖြစ်ပါသည်။

ခွဲခြားခြင်းကတော့ လူသားတို့၏ အတွေးအခေါ်၊ အယူအဆများလာခြင်း ဖြစ်ပါသည်။

ပြဿနာကဘယ်အရာလဲ- ဟူသောမေးခွန်းကို ဖြေဆိုရလျှင် ခွဲခြားခြင်းကသာ ပြဿနာဖြစ်ကြောင်း ရှင်းရှင်းလင်းလင်း ဆိုနိုင်ပါသည်။ တိုင်းရင်းသားလူမျိုးများ မကွဲပြားရလေအောင် တစ်မျိုးထဲ ဖြစ်စေရန်မှာ မဖြစ်နိုင်သော အတွေးအခေါ် ဖြစ်သည်။

မတူကွဲပြားခြင်းအား တစ်ခုထဲအဖြစ် တူညီသွားစေရန် စွမ်းဆောင်နိုင်ခြေ မရှိသော်လည်း ခွဲခြားခြင်း ဖြစ်သည့် လူ့အတွေးအခေါ်၊ အယူအဆများကိုမူ ပြုပြင်သွားနိုင်ရန် ဖြစ်နိုင်ခြေ ရှိကြောင်း တွေ့နိုင်ပါသည်။ ပြဿနာကို ဖြေရှင်းရန် မြန်မာ့လူမှုအသိုင်းအဝိုင်း၏ အတွေးအခေါ်၊ အယူအဆ၊ မြန်မာနိုင်ငံသားဟူသည့် အဓိပ္ပါယ်အပေါ် ဖွင့်ဆိုချက်များကို ပြန်လည်သုံးသပ်ညှိနှိုင်းဖို့ လိုအပ်လာကြောင်း တွေ့မြင်နိုင်ပါသည်။

သို့ဆိုလျှင် ခွဲခြားခြင်းများကို မည်သို့မည်ပုံ ပြုပြင်သွားကြမည်နည်း- ဟူသော မေးခွန်းကို ဖြေဆိုနိုင်ရန် ကြိုးပမ်းအားထုတ်ရပေမည်။

ယခုစာတမ်းသည် ယင်းအချက်ကို ဖြေဆိုနိုင်ရန် ကြိုးပမ်းအားထုတ်ထားသည်ကို တွေ့ရမည် ဖြစ်ပါသည်။ ယနေ့ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးစုအရေး ဖြစ်သည့် အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးကို အကောင်အထည်ဖော် နိုင်ရန် ကြိုးပမ်းနေဆဲကာလဖြစ်သည်နှင့်အညီ ယခုစာတမ်းသည် တစ်စုံတစ်ရာအကျိုးပြု နိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်။

မတူကွဲပြားနေသော လူမျိုးများကို လူမျိုးတစ်မျိုးထဲဖြစ်အောင် ကြိုးပမ်းအားထုတ်နေခြင်းထက် မတူကွဲပြားမှုဖြစ်သည့် ခြားနားနေမှုများကို အရှိတရားအတိုင်း လက်ခံလျက် ခွဲခြားခြင်း၊ လွှမ်းမိုးခြင်း၊ ချုပ်ကိုင်ခြင်း၊ အင်အားဖြင့် ဖိနှိပ်ခြင်း စသော လွဲမှားသည့် (နှစ်ပေါင်းခုနစ်ဆယ်ကျော်တိုင်အောင် မအောင်မြင်ခဲ့သည့်) ခွဲခြားမှုများကို ပြန်လည်ပြုပြင်ရမည့် အချိန်အခါသည် ပြည်ထောင်စု- ဟုဆိုသော မြန်မာနိုင်ငံအဖို့ လက်ငင်းလိုအပ်ချက်တစ်ခု အဖြစ် ရှုမြင်ရတော့မည် ဖြစ်ပါသည်။

> ခွဲခြားမှုများကို ပြန်လည်ပြုပြင်ရမည့် အချိန်အခါသည် "ပြည်ထောင်စု" ဟုဆိုသော "မြန်မာနိုင်ငံ" အဖို့ လက်ငင်းလိုအပ်ချက် တစ်ခုအဖြစ် ရှုမြင်ရတော့မည်။"

ကိုယ်တိုင်က တိုင်းရင်းသားလူမျိုးတစ်မျိုး စင်စစ်ဖြစ်နေပါလျက် ကိုယ့်ကိုယ်ကို တိုင်းရင်းသားအဖြစ် မေ့လျော့နေခြင်း၊ တိုင်းရင်းသား ဖြစ်ရခြင်းသည် တစ်ဆင့်နိမ့်သော လူမျိုးဖြစ်ရခြင်း- ဟူသော အမြင်များသည် အတော်များများသော လူပုဂ္ဂိုလ်များထံတွင် စွဲကပ်နေကြောင်း အတွေ့အကြုံများအရ တွေ့ခဲ့ရသည်။

၁၉၉၇ ခုနှစ်ဟု မှန်းဆမိသော ကာလတစ်ခုတုန်းဆီကို ပြန်လည် အမှတ်ရနေမိသော မြင်ကွင်းတစ်ခုကို ပြန်လည်ဖော်ပြလိုပါသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဌာနချုပ်ရုံးတွင် ကျင်းပသည့် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ရန် ကရင်၊ ကချင်၊ ရခိုင်၊ ရှမ်း ဝတ်စုံများဖြင့် ရောက်ရှိသွားသောအခါ အိမ်ရှင်ပါတီဝင်များက အားရဝမ်းသာစွာ "တိုင်းရင်းသားတွေလာပြီဟေ့။ တိုင်းရင်းသားတွေလာပြီဟေ့-" ဆိုသည့် ကြွေးကြော်သံများဖြင့် ကြိုဆိုခဲ့ကြပါသည်။ တွေးမိသည်မှာ အခမ်းအနားသို့ တက်ရောက်လာကြသော ကရင်၊ ကချင်၊ ရခိုင်၊ ရှမ်းတွေက တိုင်းရင်းသားတွေ ဖြစ်နေကြပြီး အားရဝမ်းသာ အော်ဟစ်ကြိုဆိုနေသူတွေ ကိုယ်တိုင်က သူတို့ကိုယ်သူတို့ တိုင်းရင်းသားလူမျိုးတစ်မျိုးအဖြစ် မေ့လျော့နေကြပုံကို ကွက်ကွက်ကွင်းကွင်း မြင်လိုက်မိခဲ့ဖူးပါသည်။ ထိုအဖြစ်အပျက်သည် ခွဲခြားခြင်းဖြစ်သည်- ဟု စွပ်စွဲရန် မသင့်သော်လည်း မှားယွင်းနေသော ဖြတ်သန်းမှု၊ တွေးခေါ်မှုများအဖြစ် ပြန်လည်ပြင်ဆင်ရန် ကြိုးပမ်းအားထုတ်ရမည့် (အရေးကြီး) ကိစ္စ တစ်ခုအဖြစ် ရှုမြင်မိပါသည်။

အရေးကြီးလှသော နောက်အချက်တစ်ခုမှာ- မိမိကိုယ်မိမိ တိုင်းရင်းသားတစ်ဦးဟု ခံယူလိုက်ရလျှင် တစ်ဆင့်နိမ့်သွားသော လူတစ်ဦးအဖြစ် ခံစားမှုဖြစ်ပေါ်နေခြင်း ဖြစ်ပါသည်။ ယင်းအချက်သည် ဤစာတမ်းက ရှာဖွေနေသော "ခွဲခြားခြင်း" ကို ကုစားရမည့် အချက် ဖြစ်ပါသည်။ ကိုယ့်ကိုယ်ကို တိုင်းရင်းသားတစ်ဦးအဖြစ် ရှုမြင်လိုက်ရခြင်းကိုက မိမိ၏ဂုဏ်သိက္ခာတစ်ခုကို စွန့်လွှတ်လိုက်ရသည့် ခံစားချက်မျိုး မရှိစေရန် ကုစားဖို့ လိုအပ်ပါသည်။

အမှန်စင်စစ် တိုင်းရင်းသားလူမျိုးအားလုံးသည် " မြန်မာနိုင်ငံသား " ဖြစ်သည် - ဟူသော အယူအဆကို ပြန်လည်ထူထောင်ဖို့ လိုအပ်လာပြီဖြစ်ကြောင်း သုံးသပ်နိုင်ပါသည်။ လူမျိုးတစ်မျိုးထဲ၏ သမိုင်းကို မြန်မာနိုင်ငံ၏သမိုင်းအဖြစ် ပုံဖော်နေခြင်းများသည် ယနေ့ခေတ်ကဲ့သို့ ပွင့်လင်းလာသည့် ခေတ်အခြေအနေနှင့် မသင့်လျော်တော့ပေ။ အကယ်၍သာ လူမျိုးတစ်မျိုးထဲက တည်ဆောက်ခဲ့သော နိုင်ငံဖြစ်သည်ဟု ဆိုချင်ခဲ့လျှင် နာမည်ကျော် " ပင်လုံစာချုပ် " ကို ချုပ်ဆိုဖို့ လိုအပ်ခဲ့မည် မဟုတ်ပေ။

မိမိ၏လူမျိုးစွဲကို အခြေပြုလျက် နိုင်ငံတော်ကို ထူထောင်ခဲ့သည့် အမှားကြောင့် ယနေ့အခါ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး လုပ်ငန်းများကို အပူတပြင်း ဆောင်ရွက်နေရခြင်း ဖြစ်သည်ဟု သုံးသပ်နိုင်ပါသည်။ မိမိ၏ခွဲခြားမှုကြောင့် အခြားလူမျိုးများအဖို့ ဆက်လက်ရှင်သန်ရပ်တည်နိုင်ရန် မိမိလူမျိုးရေးကို ပိုမိုအာရုံစိုက်အားထုတ် ကာကွယ်လာကြရသည်မှာ သဘာဝကျကျ ဖြစ်ရပ်သာ ဖြစ်ပါသည်။ ထိုကဲ့သို့ မတူကွဲပြားမှုကို အခြေခံလျက် ခွဲခြားမှုများက ကြီးထွားလာသောအခါ နိုင်ငံတော်၏ လူ့အသိုင်းအဝိုင်းသည် ပဋိပက္ခများအတွင်း သံသရာလည်လျက် နောက်ဆုံးတွင် ကျရှုံးရသည့် အခြေအနေမျိုးကို ဆိုက်ရောက်လာရသည်မှာ မြင်သာပါသည်။

မြန်မာနိုင်ငံ၏ အရှိတရားတစ်ခု အားဖေါ်ပြလိုပါသည်။ ကမ္ဘာပေါ်တွင် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်း အများဆုံး နိုင်ငံတစ်ခု ဖြစ်နေရသည်မှာ အဘယ်ကြောင့်နည်း ။ ထိုမေးခွန်းကို အမှန်တရားအတိုင်း ဖြေဆိုလိုက်ပါက ကုစားရမည့် လမ်းစဉ်ကို ထင်ထင်ရှားရှား တွေ့မြင်နိုင်လိမ့်မည်ဟု မီးမောင်းထိုးပြလိုပါသည်။

လူမျိုးတစ်မျိုးအား ရောနှောပစ်ရန်၊ ဝါးမြိုပစ်ရန်မှာ အလွန်မလွယ်ကူသော ကိစ္စဖြစ်ပါသည်။ လုပ်သင့်လုပ်အပ်သော လုပ်ရပ်မျိုးလည်းမဟုတ်ပေ။ ယနေ့ခေတ်ကာလတွင် ပျောက်ကွယ်လုနီးနီး ဖြစ်နေသော လူမျိုးစုငယ်များကို ကမ္ဘာလောကကြီး ထဲမှ ပျောက်ကွယ်မသွားစေရန် ဝိုင်းဝန်းကူညီနေကြသည့်ခေတ် ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်လည်း ပျောက်ကွယ်လု

နီးနီး ဖြစ်နေသော လူမျိုးစုငယ်များကို မပျောက်ကွယ်သွားအောင် ကာကွယ်ရမည့် အချိန်လည်း ဖြစ်ပါသည်။

ဆင်ခြင်သုံးသပ်နိုင်ရန် ဤစာတမ်းက အထောက်အကူပြုနိုင်လိမ့်မည်ဟု ထင်မြင်မိပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံရှိတိုင်းရင်းသားလူမျိုးများ မတူကွဲပြားနေကြခြင်းကို လက်ခံလျက်

“အကျိုးမပြုတော့သည့် ခွဲခြားခြင်းကို အဆုံးသတ် ပိတ်ပင်ပြီး”

အားလုံး တူညီသည့် အခွင့်အရေးအောက်တွင် တစ်သွေးထဲ တစ်သံထဲ စိတ်ဓါတ်များ ပြန်လည်ရှင်သန် ထမြောက်လာအောင် ကြိုးစားရမည့် အချိန်ဆိုက်ရောက်နေပြီ ဖြစ်ပါကြောင်း ဖေါ်ပြလိုက်ပါသည်။

စိုင်းညွှန့်လွင်

ဒုဥက္ကဋ္ဌ

ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်

# အကျဉ်းချုပ်မိတ်ဆက်

ဤစာတမ်းအား ရေးသားထုတ်ဝေရခြင်း၏ အဓိကရည်ရွယ်ချက်မှာ အမျိုးသား ပြန်လည်သင့်မြတ်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံသားအယောက်စီတိုင်းနှင့် တိုင်းရင်းသားလူမျိုးအသီးသီးတို့အား တန်းတူရည်တူရှိမှုကို အာမခံပေးနိုင်မည့် ဒီမိုကရေစီ ဖက်ဒရယ်စနစ်သို့ ဦးတည်ကြိုးပမ်းနေသော ကာလတွင် မြန်မာနိုင်ငံ၏ မတူကွဲပြားမှုနှင့် ဆက်စပ်အကြောင်းအရာများကို ကိုင်တွယ်ဖြေရှင်းရာမှာ မြေပြင်တွင် ဖြစ်ပေါ်နေသောအနေအထားနှင့် လိုက်လျောညီထွေမှုမရှိစွာ ကိုင်တွယ်ဖြေရှင်းခဲ့ခြင်းတို့၏ အကျိုးဆက်ကြောင့် လွတ်လပ်ရေးရပြီးစ အတိတ်ကာလမှ စတင်ခဲ့ပြီး လက်ရှိတိုင် အမြစ်တွယ်နေဆဲဖြစ်သော လူမျိုးရေးမယုံကြည်မှုများ၊ အာဃာတများနှင့် လူမျိုးရေးခွဲခြားမှုများအား လက်တွေ့အနေအထားနှင့် လျော်ညီစွာ စနစ်တကျ ကိုင်တွယ်ဖြေရှင်းရာတွင် အထောက်အကူပြုစေရန် ဖြစ်ပါသည်။

- စာတမ်း၏ အပိုင်း (၁) တွင် တိုင်းရင်းသားဟူသော ဝေါဟာရအား ခေတ်အဆက်ဆက် သုံးနှုန်းလာပုံ နှင့် လက်ရှိမြန်မာနိုင်ငံ၏ လူမှုအသိုက်အဝန်းအစုံမှ မတူညီသော အမြင်များဖြင့် အဓိပ္ပါယ်ဖော်ဆောင် ရှုမြင်နေကြပုံများ။ ဆက်လက်၍လည်း တိုင်းရင်းသား လူနည်းစု၊ ဌာနေတိုင်းရင်းသားလူနည်းစု စသည့်ဝေါဟာရတို့အား မြန်မာလူမှုအသိုက်အဝန်း အဖက်ဖက်မှ အဓိပ္ပါယ်ဖွင့်ဆို သုံးနှုန်းကြပုံတို့ကို တွေ့ရမည်ဖြစ်သည်။

- စာတမ်း၏ အပိုင်း (၂) တွင် လွတ်လပ်ရေးရပြီးချိန်မှ စတင်ကာ အစိုးရအဆက်ဆက်မှ မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံသားအယောက်စီတိုင်းနှင့် တိုင်းရင်းသားလူမျိုးအသီးသီးတို့အား ကိုယ်စားပြု၍ အကျိုးပြုသော နိုင်ငံတော်တည်ဆောက်ခြင်းအစား ဗမာလူမျိုးတစ်မျိုးတည်း၏ အမျိုးသားရေးလက္ခဏာကိုသာ အခြေပြုပြီး အမျိုးသားရေးလက္ခဏာ တည်ဆောက်ခြင်းကိုသာ လုပ်ဆောင်ခဲ့ကြပုံ။ အကျိုးဆက်အနေဖြင့်လည်း ဗမာပီသခြင်း၊ ဗမာဖြစ်ရခြင်းသည် အများပြည်သူနှင့်သက်ဆိုင်သော အဆောက်အအုံများဖြစ်သည့် အုပ်ချုပ်ရေးယန္တရားအဆင့်ဆင့်တွင် အခွင့်ထူးခံလူတန်းစားတစ်ရပ်သဖွယ်အမြစ်တွယ်အသားကျနေကာ ဗမာမဟုတ်သော တိုင်းရင်းသားလူမျိုးများ

တို့အဖို့မှာမူ ထိုစနစ်၏ အကျိုးဆက်ကြောင့် အလိုအလျောက်ပင် အခွင့်အရေးနှင့် ရပိုင်ခွင့်များဆုံးရှုံးနေကြရပုံကို ရေးသားထားပါသည်။

- အပိုင်း (၃) အနေဖြင့် ဤစာတမ်းတွင် မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုး ၁၃၅ ရှိသည်ဆိုသော အယူအဆအား လက်တွေ့အနေအထားနှင့် သဟဇာတ မဖြစ်မှုများကို လေ့လာသုံးသပ်ထားပါသည်။

- စာတမ်း၏အပိုင်း (၄)တွင် ၂၀၀၈ခုနှစ် ပြည်ထောင်စုသမ္မတနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများအား လူမျိုးဖြစ်တည်မှု အပေါ်အခြေခံ၍ နိုင်ငံရေးအရ အသိအမှတ်ပြုမှုများနှင့် အခွင့်အရေးများပေးအပ် ထားပုံများကို ထည့်သွင်းသုံးသပ်ထားပါသည်။

# မာတိကာ


| | |
|---|---|
| အမှာစာ .......... | v |
| အကျဉ်းချုပ်မိတ်ဆက် .......... | ix |
| နိဒါန်း .......... | 4 |
| အပိုင်း (၁) တိုင်းရင်းသားဆိုတာဘာလဲ၊ ဘယ်သူတွေလဲ။ .......... | 16 |
| ၁.၁။ တိုင်းရင်းသား ဝေါဟာရပေါ် ပေါက်လာပုံနှင့် ခေတ်အဆက်ဆက် ရှင်သန်လာပုံ .......... | 18 |
| ၁.၂။ တိုင်းရင်းသားဆိုတာ ဘယ်သူတွေကို ရည်ညွှန်းချင်သလဲ။ .......... | 21 |
| ၁.၃။ ယနေ့ခေတ် မြန်မာ့လူမှုအသိုင်းအဝိုင်းမှ တိုင်ရင်းသားဆိုသူများအား ရှုမြင်ပုံ .......... | 24 |
| ၁.၄။ ဗမာလူမျိုးတို့မှ တိုင်းရင်းသားဟုဆိုရာတွင် ဗမာမဟုတ်သော လူမျိုးများသာ ရည်ညွှန်းနေခြင်းနှင့် ဗမာမဟုတ်သော လူမျိုးများမှ လည်း ဗမာလူမျိုးအား တိုင်းရင်းသားလူမျိုးတစ်မျိုးပင်ဖြစ်သည်ဟု မမြင်နိုင်ခြင်း .......... | 27 |
| ၁.၅။ လူနည်းစုတိုင်းရင်းသားလူမျိုးဆိုတာ ဘယ်သူတွေလဲ။ .......... | 29 |
| ၁.၆။ လူနည်းစုဖြစ်ခြင်း၊ မဖြစ်ခြင်းနှင့် ဒွိဟ .......... | 31 |
| ၁.၇။ ဌာနေတိုင်းရင်းသားဆိုတာ ဘယ်သူတွေလဲ။ .......... | 32 |
| အပိုင်း (၂) ဗမာလူမျိုးအခြေပြု အမျိုးသားရေးလက္ခဏာ တည်ဆောက်ခြင်း၊ မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးယန္တရားများနှင့် မြန်မာ့လူမှု အသိုင်းအဝိုင်းတွင် အမြစ်တွယ်နေပြီဖြစ်သော ဗမာလူမျိုးကြီးဝါဒ (ဗမာဖြစ်ခြင်း၊ မဖြစ်ခြင်း၏အကျိုး) .......... | 36 |

၂.၁။ နိုင်ငံတော်တည်ဆောက်ခြင်းနှင့် အမျိုးသားရေးလက္ခဏာ တည်ဆောက်ခြင်း .......... 40
၂.၂။ ဗမာလူမျိုးအခြေပြု ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အမျိုးသားရေးလက္ခဏာ တည်ဆောက်ခြင်း .......... 44
၂.၃။ မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးယန္တရားများနှင့် မြန်မာ့လူမှုအသိုက်အဝန်းတွင် အမြစ်တွယ်အသားကျနေပြီဖြစ်သော ဗမာလူမျိုးကြီးဝါဒ .......... 49
(ဗမာဖြစ်ခြင်း၊ ဗမာပီသခြင်း၏ အကျိုး) .......... 50
၂.၄။ ဗမာဖြစ်ခြင်း (ဗမာပီသခြင်း)နှင့် အကျိုးကျေးဇူးများ

အပိုင်း (၃) ၁၃၅ တိုင်းရင်းသားလူမျိုးအယူအဆအား သုံးသပ်ခြင်း .......... 58
၃.၁။ တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးဆိုတာ ဘာကိုအခြေခံပြီး ခွဲခြားသတ်မှတ်ခဲ့တာလဲ .......... 63
၃.၂။ လူမျိုးတစ်မျိုးတည်းအား သီးခြားလူမျိုးအဖြစ်သို့ ခွဲခြားပွားများထားခြင်း .......... 64
၃.၃။ နေရာဒေသအခြေပြုကာ လူမျိုးများအား အုပ်စုဖွဲ့ထားခြင်း .......... 66
၃.၄။ မတူညီသော အမည်များဖြင့် လူမျိုးတစ်မျိုးတည်းအား နှစ်မျိုး(သို့) သုံးမျိုး အဖြစ် ရေတွက်ထားခြင်း .......... 67
၃.၅။ ရည်ရွယ်ချက်ရှိရှိ ချန်လှပ်ထားခြင်းလား၊ အသိအမှတ်မပြုခြင်းလား .......... 68
၃.၆။ တိုင်းရင်းသားများကိုယ်၌ကရော မိမိတို့ကိုယ်ကိုမိမိ မည်သို့ခေါ်ဝေါ်၍ မည်သို့သတ်မှတ်ကြပါသလဲ။ .......... 70
၃.၇။ ရှေ့ဆက်စဉ်းစားသင့်သည့် အရာများ .......... 73

အပိုင်း(၄) ၂၀၀၈ ခုနှစ် မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေပါ တိုင်းရင်းသားလူမျိုး ဖြစ်တည်မှုနှင့် အမျိုးအစားအလိုက် ပေးအပ်သော နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများ .......... 78
၄.၁။ တိုင်းရင်းသားရေးရာ ဝန်ကြီး ရွေးကောက်ပုံ၊ လုပ်ပိုင်ခွင့်နှင့် အကျိုးဆက်များ .......... 80

၄.၂။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများဖန်တီးခြင်း၊ နိုင်ငံရေးဆိုင်ရာ လုပ်ပိုင်ခွင့်များနှင့် နိုင်ငံရေးအကျိုးဆက်များ .......... 87

နိဂုံးချုပ် .......... 94
ကျမ်းကိုးစာရင်း .......... 98
နောက်ဆက်တွဲများ
(၁) ၂၀၁၄ သန်းခေါင်စာရင်းပါ တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးတို့၏ အမည်စာရင်းနှင့် code နံပါတ်များ .......... 103
(၂) တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေ .......... 111
(၃) မြန်မာ တိုင်းရင်းသားတို့၏ ရိုးရာစကားပုံများ .......... 113
(၄) တိုင်းနှင့် ပြည်နယ် အလံများ .......... 123
(၅) တိုင်းရင်းသားသင်္ကေတများ .......... 124

# နိဒါန်း

## နိဒါန်း

ယနေ့ခေတ် ကမ္ဘာ့မြေပုံပေါ်တွင် မြင်တွေ့နေရသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အတွင်း၌ မတူကွဲပြားသော တိုင်းရင်းသားလူမျိုးပေါင်းများစွာ နေထိုင်ကြ၍ ၎င်းတို့သည် ဤပြည်ထောင်စုအား ပင်ရင်းနိုင်ငံအဖြစ်သတ်မှတ်ကာ အစဉ်တစိုက်မှီတင်းနေထိုင်လာခဲ့ကြသည်မှာ ရာစုနှစ်ပေါင်းများစွာ ရှိခဲ့ပြီဆိုသည့်အချက်မှာ ငြင်းပယ်၍ မရနိုင်သော ပကတိအမှန်တရားတစ်ခုပင်ဖြစ်သည်။ ပြည်ထောင်စု၏ တိုင်းရင်းသားလူမျိုးများသည် လူမျိုးတစ်မျိုး၏ အမှတ်သရုပ်လက္ခဏာ စတင်ဖြစ်တည်ရာ အခြေခံဖြစ်သောနှင့် လူမျိုးတစ်မျိုး၏ သီးခြားတည်ရှိမှုအား တိုင်းတာသော စံနှုန်းများဖြစ်သည့် သမိုင်းအစဉ်အလာ၊ ဆင်းသက်ရာဇာတိဇစ်မြစ်၊ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းအစဉ်အလာနှင့် ကိုးကွယ်ယုံကြည်ရာ ဘာသာတရားများ ကွဲကွဲပြားပြားပင် ရှိကြသကဲ့သို့ မတူညီသော အရပ်ဒေသများတွင်လည်း အခြေချနေထိုင်နေကြခြင်း ဖြစ်သည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုသည်မှာလည်း အင်္ဂလိပ် ကိုလိုနီလက်ထက်တွင် ကိုယ်ပိုင်အုပ်ချုပ်ရေးနှင့် အချုပ်အခြာအာဏာ သီးခြားစီရှိခဲ့သော တောင်တန်းဒေသမှ ခေါင်းဆောင်များနှင့် ဗမာပြည်မမှ ခေါင်းဆောင်များ ၁၉၄၇ ခုနှစ်တွင် ချုပ်ဆိုခဲ့သော ပင်လုံစာချုပ်တွင် သန္ဓေတည်ခဲ့ကာ ၁၉၄၈ခုနှစ် မြန်မာနိုင်ငံလွတ်လပ်ရေးရမှသာ စုပေါင်းတည်ထောင်ဖြစ်တည်လာခဲ့ခြင်းဖြစ်သည်။

မတူကွဲပြားသော တိုင်းရင်းသားလူမျိုးများဖြင့် ဤပြည်ထောင်စုအား စုပေါင်းဖွဲ့စည်းတည်ထောင်ခဲ့သည်မှာ ရာစုနှစ် တစ်ခုပြည့်လုနီးပါး အချိန်သို့ ချဉ်းကပ်ရောက်ရှိနေပြီဖြစ်သော်လည်း ပြည်ထောင်စု၏ သရုပ်သကန်မှာ ပေါ်လွင်လာခြင်းမရှိသေးပါ။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးဆိုသည်မှာလည်း ကိုလိုနီခေတ်လွန် အစိုးရအဆက်ဆက်၏ ပြည်ထောင်စုမပြိုကွဲရေးနှင့် ပြည်ထောင်စု၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် အရေးကြီးသည့် မူဝါဒတစ်ခုအနေဖြင့် တည်ရှိနေခဲ့ပြီး အနှစ်သာရ မပါသည့် ကြွေးကြော်သံ သက်သက်မျှသာဖြစ်ခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် အစိုးရအဆက်ဆက်၏ နိုင်ငံတော်တည်ဆောက်ရေး မူဝါဒများသည် တိုင်းရင်းသားလူမျိုးများ အချင်းချင်းကြား စည်းလုံးညီညွတ်မှုရှိရေးသို့ ဦးတည်စေမည့်

လူမျိုးအချင်းချင်းကြား တန်းတူရည်တူရှိကြသည်ဆိုသည့် ခံစားမှုနှင့် လူမျိုးအသီးသီးမှ ဤနိုင်ငံတော်အား စုပေါင်းပိုင်ဆိုင်ထားကြသည်ဆိုသည့် ခံစားမှုများအား ဖြည့်ဆည်းပေးစွမ်းနိုင်ခြင်း မရှိခဲ့သည့်အတွက်ကြောင့်ပင်ဖြစ်သည်။

တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးဆိုမှာ ယနေ့တွင် နိုင်ငံတော်အခြေခံမူ ၆ ရပ်တွင် တစ်ရပ်အနေဖြင့် ရပ်တည်နေသော်လည်း စစ်မှန်သောတိုင်းရင်းသားစည်းလုံးညီညွတ်မှုဆိုသည်မှာ အိပ်မက်တစ်ခုသာ ဖြစ်နေသေးကာ လက်တွေ့တွင် အရိပ်လက္ခဏာပင် မြင်တွေ့နိုင်ခြင်းမရှိသေးပါ။ တိုင်းရင်းသားလူမျိုးတို့၏ ကွဲပြားမှုများသည်လည်း အမှတ်သရုပ်လက္ခဏာ ကွဲပြားမှုသက်သက်မှသည် နိုင်ငံရေးအသွင်ဆောင်သော ခွဲခြားမှုများနှင့် လူမျိုးတစ်ခုနှင့်တစ်ခုကြား ခွဲခြားဆက်ဆံခြင်းများအဆင့်အထိ ရောက်ရှိနေပါသည်။ ထို့အပြင် တိုင်းရင်းသားလူမျိုးအသီးသီး၏ နိုင်ငံရေးနှင့် အမျိုးသားရေး လှုပ်ရှားမှုများသည်လည်း ပြည်ထောင်စုအသွင်မဆောင်ပဲ ၎င်းတို့နှင့်ဆိုင်ရာ လူမျိုးအသီးသီးအားသာလျှင် အခြေပြုသော လူမျိုးစုအခြေပြုလှုပ်ရှားမှုပုံစံသို့သာ လုံးလုံးလျားလျား ဦးတည်ရွေ့လျားနေပါတော့သည်။

ထို့ကြောင့်ပင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုဖော်ဆောင်ရေးကြိုးပမ်းနေသော ဤကာလတွင် စစ်မှန်သောပြည်ထောင်စု တည်ထောင်ရေးအတွက် မရှိမဖြစ်လိုအပ်နေသော အနှစ်သာရပြည့်ဝသည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး မရှိနိုင်ခြင်းမှာ အဘယ်ကြောင့်နည်းဟု မေးခွန်းထုတ် အဖြေရှာရန် အရေးကြီးနေပါသည်။ လူမျိုးတစ်ခုနှင့်တစ်ခု မတူကွဲပြားခြင်းက တိုင်းရင်းသားစည်းလုံးညီညွတ်မှုမရှိရခြင်း ပြဿနာ၏ အဓိကအကြောင်းအရင်းလား သို့မဟုတ် အစိုးရ အဆက်ဆက်၏ မတူကွဲပြားသော လူမျိုးများပေါ် ခွဲခြားဆက်ဆံခဲ့ခြင်းများကပင် ပြဿနာ၏ အဓိကတရားခံလား ဆိုသည်များကို မဖြစ်မနေ ပြန်လည်ဆန်းစစ်သုံးသပ်ရန် လိုအပ်ပါသည်။ တိုင်းရင်းသားလူမျိုးများ မတူကွဲပြားခြင်းသည် တိုင်းပြည်၏ တိုးတက်ရေးအတွက် အားအင်တစ်ခုပင်ဖြစ်သည်ဆိုသော်လည်း မတူကွဲပြားမှုကို စီမံခန့်ခွဲရာတွင် အစိုးရ အဆက်ဆက်မှ မည်ကဲ့သို့သော စနစ်များအား အသုံးချခဲ့သနည်း။ ၎င်းမတူကွဲပြားမှုအား စီမံခန့်ခွဲရာတွင် အသုံးချခဲ့သော စနစ်များသည် လူမျိုးရေးတန်းတူမှုအပေါ် တွင် အခြေခံခြင်းလား၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအား ဖန်တီးနိုင်ခဲ့သလား သို့မဟုတ် မတူကွဲပြားမှုများမှသည် မတူ၍ ခွဲခြားဆက်ဆံခြင်းများဆီသို့သာ ဦးတည်စေခဲ့သလား စသည်တို့အား မေးခွန်းထုတ် အဖြေရှာရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏လူမှုအသိုက်အမြုံအား သရုပ်ဖော်ရာတွင် ယနေ့ခေတ်အချိန်အထိတိုင်အောင် အုပ်ချုပ်ခဲ့သော အစိုးရအဆက်ဆက်သည် မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများ အားလုံးသည် အေးအတူပူအမျှနှင့် တန်းတူညီမျှခြင်းတရားကို လက်ကိုင်ထားကာ ညီနောင်သွေးရင်းများသဖွယ် စည်းစည်းလုံးလုံးချစ်ချစ်ခင်ခင်ဖြင့် ရှေးပဝေသဏီကာလ ကတည်းပင် တစ်သွေးတစ်သားတည်း စုပေါင်းနေထိုင်လာခဲ့ကြသည်။ မတူကွဲပြား သော်လည်း စည်းလုံးညီညွတ်မှုရှိကြပြီး အရောင်အသွေးစုံစုံလင်လင်ဖြင့် ခမ်းနားတင့် တယ်သော လူ့အသိုက်အမြုံတစ်ခုသဖွယ် မြန်မာ့လူမှုအသိုက်အဝန်း၏ ပုံရိပ်အား ထာဝရတည်မြဲခဲ့သော သမိုင်း၏ အမှန်တရားတစ်ခုဖွယ် မှတ်တမ်းတင် ဖော်ပြကြွေး ကြော်ခဲ့ကြပါသည်။ ဤကဲ့သို့သော သရုပ်ဖော်မှုများမှာ တိုင်းရင်းသားစည်းလုံး ညီ ညွတ်ရေးအား ထိန်းသိမ်းရန်နှင့် ၎င်းစည်းလုံးညီညွတ်ရေး အဓွန့်ရှည်တည်တံ့ရန် အတွက် အလွန်ပင်လိုအပ်သော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါသည်။ သို့သော် ပြဿနာ မှာ နိုင်ငံတော်အစိုးရအဆက်ဆက်မှ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ကြွေးကြော် သံများသည် လက်တွေ့တွင် အနှစ်သာရမပါသော နိုင်ငံရေးကြွေးကြော်သံများ သက်သက် ထက် မပိုခဲ့ခြင်းပင်ဖြစ်သည်။

> "သမိုင်းအဆက်ဆက်၏ လူမျိုးရေး မျှတမှုမရှိခြင်းများ၊ လူမျိုးအချင်းချင်းကြား မယုံကြည်မှုများအား လျစ်လျူရှုပြီး တိုင်းရင်းသား စည်းလုံးညီညွတ်ရေးဟု အသံကုန် ဟစ်ကြွေးနေမည် ဆိုပါက အချည်းအနှီးသက်သက်သာ ဖြစ်နေမည်"

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအား တွင်တွင်ကျယ်ကျယ် အသံလွှင့်ကာ မြန်မာ့လူမှု အသိုက်အမြုံအား စည်းလုံးညီညွတ်၍ တန်းတူညီမျှမှုရှိသော အသိုက်အမြုံတစ်ခုအနေ ဖြင့် ခေတ်အဆက်ဆက် ပုံဖော်ခဲ့သော်ငြားလည်း အစိုးရအဆက်ဆက် အသိအမှတ်မပြု လျစ်လျူရှုခဲ့ပြီး ပြင်ဆင်တည့်မတ်ရန် မကြိုးပမ်းခဲ့သော အဓိကဖြစ်သည့် အကြောင်းအရာ တစ်ခုမှာ စည်းလုံးညီညွတ်သည်ဟုဆိုကာ မှတ်တမ်းတင်ပုံဖော်ထားသော မြန်မာ့သမိုင်း၏ အပေါ်ယံစာမျက်နှာများအောက်မှ လူမျိုးရေး တန်းတူညီမျှမှု မရှိ ခြင်းများ၊ မယုံကြည်မှုများနှင့် တင်းမာမှုများဖြစ်သည်။ သမိုင်းအဆက်ဆက်၏ လူမျိုးရေး မျှတမှုမရှိခြင်းများ၊ လူမျိုးအချင်းချင်းကြား မယုံကြည်မှုများအား လျစ်လျူရှုပြီး

တိုင်းရင်းသား စည်းလုံးညီညွတ်ရေးဟု အသံကုန်ဟစ်ကြွေးနေမည် ဆိုပါက အချည်းအနှီး သက်သက်သာဖြစ်နေမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ ဖြေရှင်းရန် ခက်ခဲနေဆဲဖြစ်သော ပြည်တွင်းပဋိပက္ခများသည်လည်း ပြေလည်လာနိုင်မည် မဟုတ်ပေ။ ထို့အတွက်ကြောင့်ပင် လက်ရှိအစိုးရအနေဖြင့် သမိုင်းအဆက်ဆက် လူမျိုးရေးတန်းတူညီမျှမှု မရှိခြင်းများနှင့် တင်းမာမှုများအား အသိအမှတ်ပြု လက်ခံလာပြီးသည့်တိုင် ဆက်လက်၍ မေးခွန်းထုတ် အဖြေရှာမည့် အကြောင်းအရာ နောက်ထပ်တစ်ခုမှာ ၎င်းလူမျိုးရေးတန်းတူညီမျှမှု မရှိခြင်းများနှင့် တင်းမာမှုများသည် မည်သည့်အကြောင်းအရာအပေါ်တွင် အခြေခံပြီး ပေါ်ပေါက်လာခြင်းလဲ ဆိုသည်ကိုပင်ဖြစ်သည်။

အထက်တွင်ဆိုခဲ့သည့်အတိုင်း မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများသည် လူမျိုး တစ်မျိုးနှင့် တစ်မျိုး အမှတ်သရုပ်လက္ခဏာနှင့် ဆက်စပ်လက္ခဏာများ မတူကွဲပြားမှု ရှိနေသည်မှာ အမှန်တရားတစ်ခုပင် ဖြစ်သော်လည်း လူမျိုးရေး အမှတ်သရုပ် လက္ခဏာ ကွဲပြားရုံတစ်ခုတည်းသက်သက်နှင့် မြန်မာနိုင်ငံတွင် အမြစ်တွယ်နေပြီ ဖြစ်သော လူမျိုးရေး ခွဲခြားမှုများ၊ မညီမျှမှုများ၊ မယုံကြည်မှုများနှင့် လူမျိုးစု အခြေပြု အမျိုးသားရေးလှုပ်ရှားမှုများ ပေါ်ပေါက်လာနိုင်မည် မဟုတ်ပေ။ ဤသို့ဆိုပါက ထိုကဲ့သို့ သော အခြေအနေ ပေါ်ပေါက်လာစေရန်အလို့ငှာ အမှတ်သရုပ်လက္ခဏာ ကွဲပြားမှု အပြင် အခြားတစ်ခုထက်မကသော အခြေအနေနှင့် အကြောင်းတရားများ ရှိနေမည် မှာ သေချာပါသည်။ အထင်ရှားဆုံးနှင့် အခြေခံအကျဆုံး အကြောင်းတရား တစ်ခုမှာ ပင်လုံစာချုပ်ပါ ကတိကဝတ်များနှင့် လျော်ညီစွာ ပြည်နယ်အသီးသီး အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိသော ပြည်နယ်များဖြင့် ဤပြည်ထောင်စုအား တည်ထောင် မည်ဟု ခေါင်းဆောင်အသီးသီးမှ ကတိသစ္စာထားခဲ့ကြသော်လည်း လက်တွေ့ပေါ် ပေါက်လာခဲ့သော ပြည်ထောင်စုမှာ ဗမာပြည်မကို အခြေခံ၍ ကျန်ပြည်နယ်များအား စုစည်းထားခြင်းဖြစ်သည်ဟု ခေတ်အဆက်ဆက် ဗမာလူမျိုး နိုင်ငံရေးသမား အများစု မှ လက်ခံယုံကြည်ထားခြင်းနှင့် လူမျိုးကြီးဝါဒကို လက်ကိုင်ထား နိုင်ငံတည်ထောင် ခဲ့ကြသော ကိုလိုနီခေတ်လွန် အာရှတိုက်ရှိ အခြားသော နိုင်ငံများနှင့် အာဖရိကတိုက် အတွင်းရှိ များစွာသော နိုင်ငံများကဲ့သို့ပင် မြန်မာနိုင်ငံတွင်လည်း လူများစုဖြစ်သော ဗမာလူမျိုးကြီးကိုအခြေခံ၍ ဗမာလူမျိုးလွှမ်းမိုးသော အုပ်ချုပ်သူ လူတန်းစား အဆက်ဆက်မှ ဗမာလူမျိုးဗဟိုပြုနိုင်ငံတော်တည်ဆောက်ခြင်း (Bamar-Centric State Building) လမ်းစဉ်အား စဉ်ဆက်မပြတ် လက်ကိုင်ထားကျင့်သုံးခဲ့ခြင်းပင် ဖြစ်သည်။

ပင်လုံစာချုပ်မှ ကတိကဝတ်များနှင့် ဆန့်ကျင်သွေဖည်ကာ ဗမာမဟုတ်သော ကျန်တိုင်းရင်းသား လူမျိုးများ၏ သမိုင်းအစဉ်အလာ၊ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများအား ထည့်သွင်းစဉ်းစားခြင်းမပြုခဲ့ဘဲ တိုင်းရင်းသားလူမျိုးများအားလုံးမှ စုပေါင်းတည်ထောင်၍ပိုင်ဆိုင်ခဲ့ကြသော ဤပြည်ထောင်စုအား ဗမာလူမျိုးတစ်မျိုးတည်း၏ သမိုင်းရာဇဝင်နှင့် အမျိုးသားရေးလက္ခဏာများကိုသာ ထင်ဟပ်စေသော ဗမာဗဟိုပြု နိုင်ငံတော် တည်ထောင်ခဲ့သည်မှာ ၁၉၄၇ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေမှ စတင်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ ဗမာဗဟိုပြု နိုင်ငံတော်တည်ထောင်ခဲ့ခြင်း ဖြစ်သည့် အလျောက် ဗမာဖြစ်ခြင်း (ဗမာပီသခြင်း) (Burman-ness) အားလည်း သမိုင်းအစဉ်အလာကြီးမြတ်မှုနှင့် အင်အားကြီးလွှမ်းမိုးနိုင်မှုတို့ ၏ လက္ခဏာများသဖွယ် မြန်မာနိုင်ငံအစိုးရအဆက်ဆက်၏ အုပ်ချုပ်ရေးယန္တရားအဆက်ဆက်အတွင်းသို့ပင် သမိုင်း၏အမှန်တရားတစ်ခုသဖွယ် ထည့်သွင်းတည်ထောင်ခဲ့ကြပါသည်။ ဆိုလိုသည်မှာ အစိုးရအဆက်ဆက်၏ အုပ်ချုပ်ရေးနှင့်ဆိုင်သော ပြည်သူလူထုဆိုင်ရာ အဆောက်အအုံများ (Public Institutions) များတွင် ဗမာဖြစ်ခြင်း (ဗမာပီသခြင်း) အား သမိုင်းအစဉ်လာကြီးမြန်ခြင်း၊ အင်အားကြီးလွှမ်းမိုးနိုင်ခြင်းတို့နှင့် မျှခြေပြု Instutionalized လုပ်ထားခြင်းဖြစ်သည်။ သို့အတူ ဗမာလူမျိုးကြီးဝါဒသည်လည်း မြန်မာနိုင်ငံအစိုးရအဆက်ဆက်၏ ဗမာလူမျိုး ဗဟိုပြုနိုင်ငံတော်တည်ထောင်ရာတွင် နိုင်ငံရေးနှင့် အုပ်ချုပ်ရေးစနစ်၏ အဓိကယန္တရားတစ်ခုဖွယ် ဖြစ်လာပါတော့သည်။

အကျိုးဆက်များအနေဖြင့် ဗမာဖြစ်ခြင်း (သို့) ဗမာပီသခြင်း (Burman-ness) သည် မြန်မာနိုင်ငံ၏ နေ့စဉ်လူမှုအသိုင်းအဝန်းတွင် အခွင့်ထူးခံ လူတန်းစားဖြစ်ရခြင်း၏ အမှတ်သရုပ်လက္ခဏာသဖွယ် သက်ဝင်ရှင်သန်နေခြင်း ဖြစ်သည်။ ဤကဲ့သို့ ဗမာဖြစ်ခြင်းအား အခွင့်ထူးခံလူတန်းစားဖြစ်ခြင်းနှင့် ခိုင်းနိုင်းပါက အခွင့်ထူးခံ လူတန်းစားဖြစ်ရန် အလို့ငှာ သာမန်လူတန်းစား ဗမာလူမျိုးများမှ ကိုယ်တိုင်ကြိုးပမ်းအားထုတ်ခြင်း မပြုခဲ့ခြင်း ကတစ်ကြောင်း၊ မြန်မာ့နိုင်ငံရေးသမိုင်း၏ အချိုးအကွေ့တစ်ချို့တွင် များစွာသော ဗမာလူမျိုးများသည်လည်း ဗမာမဟုတ်သော အခြားလူမျိုးများနည်းတူ ဗမာလူမျိုးများကသာ လွှမ်းမိုးသော အုပ်ချုပ်သူအစိုးရ၏ ဖိနှိပ်မှုများကို အတူတကွ ကြုံတွေ့ခဲ့ခြင်းများ ရှိခဲ့ခြင်းများကြောင့် ဤခိုင်းနှိုင်းချက်အား လက်မခံသောသူများစွာ ရှိနေမည်မှာ မလွဲပါ။ သို့သော် ဗမာမဟုတ်သော ကျန်လူမျိုးများ၏ အမြင်တွင်မူ ဗမာလူမျိုး မဟုတ်ခြင်းအားဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ စာပေ၊ ဘာသာစကား နှင့် အစရှိသည့် အခွင့်အရေးတို့မှာ အလိုအလျောက်ဆုံးရှုံးနေရခြင်း သို့မဟုတ်

အခွင့်အရေး ရှိပြန်လျှင်ပင် ဒုတိယတန်းစား လူတန်းစားများကဲ့သို့သာ ဖြစ်နေသည်ဟု မြန်မာနိုင်ငံ၏ နှစ် ၇၀ ကျော် လက်တွေ့သမိုင်းအား သက်သေအဖြစ် ညွှန်းဆိုကာ ပြောဆိုနေကြလိမ့်မည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဗမာမဟုတ်သော တိုင်းရင်းသားလူမျိုးတို့အဖို့မှာမူ တန်းတူရည်တူအခွင့်အရေး ခံစားရရှိနိုင်ရန်မှာ ဗမာလူမျိုးအဖြစ် ကျင့်ကြံနေထိုင်ခြင်း (သို့ ) ဗမာလူမျိုးတစ်မျိုးတည်း၏ အမျိုးသားရေး သရုပ်လက္ခဏာကိုသာ ထင်ဟပ်စေသော မြန်မာနိုင်ငံသားပီသစွာ ကျင့်ကြံနေထိုင်ရမည်ကဲ့သို့ ဖြစ်နေခြင်းကြောင့် ဖြစ်သည်။ ဤဗမာဗဟိုပြုနိုင်ငံတော်တည်ဆောက်ခြင်း စနစ်ကပင် မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးအသီးသီးအား ပြည်တွင်းပဋိပက္ခ ပြေလည်ရေး စဉ်းစားရာတွင် လူမျိုးရေးခွဲခြားမှုဆန်သော ရှုထောင့်ဖက်သို့သာ ရှုမြင်စေကာ ၎င်းစနစ်၏ မှားယွင်းမှုကို မေးခွန်းထုတ်ရန် မေ့လျော့စေခဲ့ခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ပြည်တွင်းပဋိပက္ခဖြေရှင်းရေးအား စဉ်းစားဆင်ခြင်ရာတွင် မြန်မာနိုင်ငံ၏ အချို့သော ခေါင်းဆောင်များကိုယ်၌ကပင်လျှင် တိုင်းရင်းသားလူမျိုးများ အမျိုးအစားများစွာ ကွဲပြားနေမှုအား ပဋိပက္ခမပြေလည်ရခြင်း၏ အဓိကအကြောင်းတရားသဖွယ် ဖြစ်သည်ဟု ပြောဆိုကောက်ချက်ချနေကြသည်ကို တွေ့နေရမည်ဖြစ်သည်။ ဤကောက်နုတ်ချက်များသည် ပြဿနာအား ပြေလည်စေမည်မဟုတ်သလို အစိုးရအဆက်ဆက်၊ စနစ်အဆက်ဆက်မှ အုပ်ချုပ်သူ လူတန်းစားတစ်ရပ်၏ အကျိုးအတွက် ဖန်းတီးခဲ့သော မှုမမှန်သည့် တိုင်းရင်းသားကွဲပြားမှုကို ကိုင်တွယ်စီမံခဲ့သည့်စနစ်အား သက်ဆိုးရှည်စေမည်သာ ဖြစ်သည်။

“တိုင်းရင်းသားဆိုသည်မှာ ဘယ်သူတွေကို ရည်ညွှန်းသနည်း။”

“တိုင်းရင်းသား လူနည်းစုဆိုသည်မှာ မည်သူနည်း။”

မြန်မာနိုင်ငံ၏ တိုင်းရင်းသားလူမျိုးများအရေး နှင့်စပ်လျဉ်း၍ ရှင်းလင်းမှုမရှိသေးသည့် နောက်ထပ်အကြောင်းအရာ တစ်ရပ်မှာ တိုင်းရင်းသားဆိုသည်မှာ မည်သူတွေကို ရည်ညွှန်းသနည်း ဆိုသည့်အချက်နှင့် တိုင်းရင်းသားလူနည်းစုဆိုသည်မှာ မည်သူနည်း ဆိုသည့်အချက်ပင် ဖြစ်သည်။ တိုင်းရင်းသားဆိုသောစကားရပ်အား ခေတ်အဆက်ဆက် သုံးနှုန်းပြောဆို၍ မြန်မာနိုင်ငံရှိ လူမျိုးများအား တိုင်းရင်းသားဖြစ်တည်မှုအပေါ်တွင်

အခြေခံကာ အခွင့်အရေးများ ပေးသယောင်ယောင် ဖြစ်ခဲ့သော်လည်း တိုင်းရင်းသားဆိုသော ဝေါဟာရ၏ အနက်အဓိပ္ပါယ်မှာ မည်သည့် အခြင်းအရာအားဆိုလိုခြင်း ဖြစ်သနည်းနှင့်စပ်လျဉ်း၍ အမြင်အမျိုးမျိုးရှိနေတုန်းပင်ဖြစ်သည်။ တိုင်းရင်းသားများဖြစ်ကြသည်ဆိုသော လူမျိုးအသီးသီးကိုယ်၌မှလည်း တိုင်းရင်းသားဆိုသော ဝေါဟာရအား မိမိတို့နားလည်သော သဘောအဓိပ္ပါယ်ဖြင့်သာ ရည်ညွှန်းသုံးနှုန်းနေကြခြင်းဖြစ်သည်။ အခြေအနေနှင့် အချိန်အခါ အမျိုးမျိုးတွင် တိုင်းရင်းသား ဝေါဟာရ၏ အနက်အဓိပ္ပါယ်မှာ ပြောင်းလဲနေတတ်ပါသည်။ တိုင်းရင်းသားလူနည်းစုဆိုသည့်အဓိပ္ပါယ်ဖွင့်ဆိုချက်မှာလည်း ထိုနည်းလည်းကောင်းပင်ဖြစ်သည်။ မည်သည့် လူမျိုးများက လူနည်းစုဖြစ်သည်၊ မည်သည့်လူမျိုးများက လူများစုများဖြစ်ကြသည် ဆိုသည်ကို ယနေ့အချိန်အထိ လိုအပ်သလို သုံးနှုန်းနေဆဲပင်ဖြစ်သည်။ တိုင်းရင်းသား၊ တိုင်းရင်းသားလူနည်းစု စသည့်ဝေါဟာရတို့၏ အနက်အဓိပ္ပါယ်နှင့် စပ်လျဉ်း၍ အမြင်ရှုပ်ထွေးနေမှုများအား ဖြေရှင်းရန်မှာ အရေးကြီးသော အကြောင်းအရာတစ်ခု ဖြစ်နေခြင်းမှာ အဘယ်ကြောင့်နည်း။

လက်ရှိမြန်မာနိုင်ငံ၏ နိုင်ငံရေးအခင်းအကျင်းတွင် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးရရှိနေမှုများနှင့် အစိုးရ၏ နိုင်ငံရေးဆိုင်ရာဆုံးဖြတ်ချက်များသည် တိုင်းရင်းသားလူမျိုးတစ်မျိုး၏ ဖြစ်တည်မှု တိုင်းရင်းသားလူမျိုး အမျိုးအစားကွဲပြားမှုနှင့် ခွဲခြားသတ်မှတ်မှုများအပေါ်တွင် တိုက်ရိုက်ဆက်စပ်နေမှုများ ရှိနေခြင်းကြောင့်ပင်ဖြစ်သည်။

လက်တွေ့အနေအထားနှင့်ကွဲလွဲနေသောတသမတ်တည်းမဖြစ်သည့်တိုင်းရင်းသားလူမျိုး အမျိုးအစား ခွဲခြားသတ်မှတ်မှုအား အခြေခံကာ တိုင်းရင်းသားလူမျိုးဖြစ်တည်မှုအလိုက် အခွင့်အရေး ခံစားစေမှုများသည် မြန်မာနိုင်ငံ၏ ရှုပ်ထွေးလျက်ရှိနေသော လူမျိုးရေး မမျှတမှု၊ မယုံကြည်မှုများနှင့် တင်းမာမှုများကိုသာ တိုးပွားစေမည်ဖြစ်သည်။ လူမျိုးအလိုက် ဖြစ်တည်မှုနှင့် ဆက်စပ်၍ နိုင်ငံရေးအခွင့်အရေးများ ခံစားစေခဲ့သည့် ဥပမာများမှာ ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေမှစတင်ကာ လူမျိုးအမည်နှင့် ပြည်နယ်အချို့ပေါ် ပေါက်ခဲ့ခြင်း၊ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် လူမျိုးအမည်နှင့် ပြည်နယ် ၇ ခု ပေါ် ပေါက်ခဲ့ခြင်း၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရောက်တွင် ရှိရင်းစွဲ ပြည်နယ် ၇ ခုနှင့်အတူ လူမျိုးအမည်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၅) ဒေသ နှင့် တိုင်း (၁) တိုင်း ပေါ်ပေါက်လာခဲ့ခြင်းနှင့် ထပ်လောင်း၍ တိုင်းရင်းသားအရေး ဆောင်ရွက်ရန်အတွက် သတ်မှတ်ထားသော လူဦးရေပြည့်မီပါက ပြည်နယ်နှင့်တိုင်းများတွင် သက်ဆိုင်ရာ တိုင်းရင်းသားရေးရာ

ဝန်ကြီးများ ရွေးကောက်ခွင့် ပေးအပ်ထားခဲ့ခြင်းတို့ဖြစ်သည်[1]။ ဤဖန်တီးမှုများအား ကြည့်ပါက အစိုးရအဆက်ဆက်၏ တိုင်းရင်းသားလူမျိုးတန်းတူရေး ဖြေရှင်းရာတွင် ရေရှည်ထက် ရေတိုကို ဦးစားပေးကာ လတ်တလောပြဿနာ ဖြေရှင်းနည်းကိုသာ အသုံးပြုခဲ့ခြင်း ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် လူမျိုးအမည်နှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသနှင့်တိုင်းများ၊ ရေးရာဝန်ကြီးများ ရွေးကောက်ပိုင်ခွင့်များ ဖန်းတီးပေးထားခဲ့သော်လည်း ဗမာမဟုတ်သော တိုင်းရင်းသားလူမျိုးများ သမိုင်း အဆက်ဆက် တောင်းဆိုခဲ့သော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်တို့မှာ အရိပ်အယောင်ပင် တွေ့မြင်နိုင်ခြင်း မရှိသေးခြင်းကြောင့်ဖြစ်သည်။

ဤစာတမ်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးပဋိပက္ခဖြစ်သော လူမျိုးရေး ပြဿနာများကို ကိုင်တွယ်ဖြေရှင်းရာတွင် အစိုးရအဆက်အဆက်၏ မှားယွင်းခဲ့သော စီမံခန့်ခွဲမှုစနစ် အဆက်ဆက်အား ထောက်ပြလိုခြင်းဖြစ်သည်။ ဗမာဗဟိုပြု နိုင်ငံတော် တည်ထောင်ခြင်းလမ်းစဉ်မှ အစပြု၍ လူမျိုးရေးကွဲပြားမှုအား အသုံးချကာ အုပ်ချုပ်သူ လူတန်းစားတစ်ရပ်၏ အကျိုးအတွက် လူမျိုးအချင်းချင်းကြား ခွဲခြားဆက်ဆံစေခြင်း များ ဖြစ်ပေါ်စေသောစနစ်အား ဖန်တီးခဲ့ခြင်း၊ လူမျိုးရေး မညီမျှမှုများအား ဖြေရှင်းရာ တွင် အနှစ်သာရ မပါသော ခဏတာပြေလည်စေမည့် ရေတိုဖြေရှင်းမှုများ ပြုလုပ်ခဲ့ခြင်း များအား မီးမောင်းထိုးပြလိုခြင်းဖြစ်သည်။ ၎င်းအနှစ်သာရ မပါသော ရေတိုဖြေရှင်းမှု များသည်လည်း တိုင်းရင်းသားစည်လုံးညီညွတ်ရေးသို့ ဦးတည်စေခဲ့သလား၊ လူ မျိုးအချင်းချင်းကြား တင်းမာမှုကိုပင် ပို၍တိုးပွားစေခဲ့သလား ဆိုသည်ကိုလည်း လေ့လာရန် ဖြစ်သည်။ တစ်ဖက်တွင်လည်း မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများ အားလုံးသည် မြန်မာနိုင်ငံ၏ လူမျိုးရေးပြဿနာနှင့် တန်းတူညီမျှမှု မရှိခြင်းများအား ဆင်ခြင်ရာတွင် ပြဿနာ၏ အရင်းအမြစ်ကို ရှုမြင်စေလိုခြင်းမှာ ဤစာတမ်း၏ ရည် ရွယ်ချက် ဖြစ်သည်။ ပြဿနာ၏အရင်းအမြစ်မှာ စနစ်ဖြစ်သည့်အတွက် မျှတမှု မရှိခဲ့ သောစနစ်ကိုသာ တွန်းလှန်ရန် သိမြင်နားလည်စေလိုခြင်းဖြစ်သည်။ လူမျိုးရေး ပြဿနာဟုဆိုသော်လည်း မြန်မာနိုင်ငံ၏ပြဿနာမှာ လူမျိုးများကြား အမုန်းမဟုတ်ပါ။ အုပ်ချုပ်သူလူတန်းစားအဆက်ဆက်၏ အကျိုးအတွက် တည်တံ့စေရန်အလို့ငှာ ထိုအမုန်း

1 ၁၉၄၇ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ။ အခန်း (၁) ဖွဲ့စည်းပုံ။ ပုဒ်မ ၅၊ ၆၊ ၇။ ၁၉၇၄ ခုနှစ်၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ။ အခန်း (၃) ဖွဲ့စည်း တည်ဆောက်ပုံ။ ပုဒ်မ ၃၁။ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (ည)၊ (ဋ)၊ (ဍ)။ ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ။ အခန်း (၁) နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ။ ပုဒ်မ ၄၉။ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (ည)၊ (ဋ)၊ (ဍ)။ ပုဒ်မ ၅၆၊ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င)၊ (စ)။ အခန်း (၄) ဥပဒေပြုရေး။ ပုဒ်မ ၁၆၁။ (ခ)၊ (ဂ)။ အခန်း (၅) အုပ်ချုပ်ရေး။ ပုဒ်မ ၂၆၂။ (င)။

များအား ဖန်တီးပေးခဲ့သော စနစ်သာ ဖြစ်သည်ကိုလည်း သဘောပေါက်ရန် ဖြစ်ပါသည်။ ပြဿနာ၏ အရင်းအမြစ်ဖြစ်သော အစိုးရအဆက်ဆက် အသုံးချခဲ့သည့်စနစ်၏ မှားယွင်းမှုကို မြင်နိုင်ပါမှ မြန်မာနိုင်ငံ၏ လူမျိုးရေး တန်းတူညီမျှမှု မရှိခြင်း ပြဿနာ ပြေလည်လာနိုင်မည်ဖြစ်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဆိုသည့်ကြွေးကြော်သံမှာလည်း အဓိပ္ပါယ် ပြည့်ဝလာကာ သမိုင်းအဆက်ဆက် မက်ခဲ့သော တိုင်းရင်းသားလူမျိုးများအားလုံး၏ တန်းတူရည်တူရှိမှုကို အာမခံမှုပေးမည့် ဖက်ဒရယ်အိမ်မက်သည်လည်း အကောင်အထည်ပေါ် လာနိုင်မည်ဖြစ်သည်။

# အပိုင်း (၁)

## တိုင်းရင်းသားဆိုတာ ဘာတွေလဲ၊ ဘယ်သူတွေလဲ။




"Source: U.S. Central Intelligence Agency"

# အပိုင်း (၁) တိုင်းရင်းသားဆိုတာဘာလဲ။ ဘယ်သူတွေလဲ။

"တိုင်းရင်းသားဝေါဟာရ၏ အနက်အဓိပ္ပါယ်အား မြန်မာနိုင်ငံ၏ တိုင်းရင်းသားလူမျိုးများအကြား နားလည်မှု မတူညီကြခြင်းသည်ပင် လက်ရှိမြန်မာပြည်အတွင်း လူမျိုးရေး အကွဲအပြဲအား ပြေလည်စေရန် အတားအဆီးတစ်ခု ဖြစ်နေသည်။"

တိုင်းရင်းသားဆိုသည့် ဝေါဟာရမှာ မြန်မာနိုင်ငံ၏ လက်ရှိ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး စသည့် နယ်ပယ်အရပ်ရပ် အပါအဝင် နေ့စဉ်လူနေမှုဘဝ လှုပ်ရှားမှုများတွင် နေ့စဉ် နှင့်အမျှ နီးပါဆိုသလောက်ပင် ပြောဆိုသုံးနေကြသော စကားရပ်တစ်ခု ဖြစ်ပါသည်။ "တိုင်းရင်းသားဆိုတာ ဘာလဲ" လို့မေးပါက မြန်မာနိုင်ငံသူ၊ နိုင်ငံသားတိုင်း ဖြေကြ လိမ့်မည်မှာ တိုင်းရင်းသားဆိုသည်မှာ ၁၈၂၃ ခုနှစ်၊ ပထမအကြိမ် အင်္ဂလိပ်-မြန်မာစစ်ပွဲ မတိုင်ခင် ကတည်းကပင် ပြည်ထောင်စုသမ္မတနိုင်ငံတော်အား ပင်ရင်းနိုင်ငံ အဖြစ် သတ်မှတ်၍ စဉ်ဆက်မပြတ် နေထိုင်ခဲ့ကြသော လူမျိုးများဟု ဆိုကြပေလိမ့်မည်[2]။ ၎င်းတိုင်းရင်းသား လူမျိုးများသည် မည်သည့်လူမျိုးများဖြစ်သည်နည်း၊ အမျိုးအစား မည်မျှရှိသနည်း မေးပါကလည်း ယခင်က ဒဏ္ဍာရီယံုတမ်း သက်သက်သဖွယ် (၁၃၅) မျိုးဟု ပြောဆိုသုံးနှုန်းခဲ့သည်မှာ ကောန်မလွဲပေ။ ၂၀၁၄ ခုနှစ်၊ မြန်မာနိုင်ငံသန်းခေါင်စာရင်း ပြုစုရာတွင် မြန်မာနိုင်ငံ၏ တိုင်းရင်းသားလူမျိုးများကို ၁၃၅ မျိုးသော Codings များဖြင့် အမျိုးအစား ၁၃၅ မျိုး ခွဲခြားသတ်မှတ်ရေတွက်ကာ တရားဝင်ပြဌာန်းချက် တစ်ခုသဖွယ် ဖြစ်လာသည်ဟုဆိုနိုင်သော ဗမာလူမျိုးအပါအဝင်ဖြစ်သည့် ထို ၁၃၅ မျိုးသော တိုင်းရင်းသား လူမျိုးများ၏ အမည်စာရင်းအား ညွှန်ပြကြလိမ့်မည်မှာ ကောန် မုချပင်ဖြစ်သည်[3]။ သို့သော် မြန်မာနိုင်ငံသူ၊ နိုင်ငံသား တစ်ယောက်ချင်းမှစကာ နိုင်ငံ့ ခေါင်းဆောင်များ ကိုယ်၌ပင်လျှင် လွယ်လင့်တကူ သုံးနှုန်းနေကြသော တိုင်းရင်းသား

2 ၂၀၁၅ ခုနှစ်တွင် ပြဌာန်းခဲ့သော တိုင်းရင်းသားလူမျိုးများ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေ၊ ၁၉၈၂ မြန်မာနိုင်ငံသား ဥပဒေတို့တွင် တိုင်းရင်းသားဆိုသော ဝေါဟာရအား အထက်ပါအတိုင်း အဓိပ္ပါယ် ဖွင့်ဆိုထားပါသည်။
3 ၂၀၁၄ မြန်မာနိုင်ငံ သန်းခေါင်စာရင်းပြုစုရာတွင် မြန်မာနိုင်ငံ၏ တိုင်းရင်းသားလူမျိုးတစ်မျိုးချင်းစီအတွက် သတ်မှတ်ထားသော code များအား ဇယား (၁) တွင်ကြည့်ပါ။

ဆိုသည့် ဝေါဟာရ၏ အနက်အဓိပ္ပါယ်အား အခြေအနေနှင့် အချိန်အခါ အမျိုးမျိုးတွင် မတူညီသော အဓိပ္ပါယ်များဖြင့် ရည်ညွှန်းသုံးနှုန်းနေသည်ကို တွေ့နေရပြီး မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံးမှ ဘုံသဘောနှင့် ပကတိလက်ခံထားသော တိကျသည့် အနက်အဓိပ္ပါယ်အား ရှိမနေပါ[4]။ အချို့အခြေအနေတွင် တိုင်းရင်းသားဟုဆိုပါက လူမျိုးများအားလုံး စုပေါင်းပါဝင်သော ဘုံလက္ခဏာဖြစ်သော "မြန်မာဆိုသည့် နိုင်ငံရေးအသိုက်အမြုံတစ်ခုအား" ရည်ညွှန်းနေသကဲ့သို့ အဓိပ္ပါယ်ပေါ်လွင်နေပြီး အချို့အခြေအနေတွင် တိုင်းရင်းသားဟုဆိုပါက "၎င်းမြန်မာဆိုသော နိုင်ငံရေး အသိုက်အမြုံ၏ ရင်းခြာပတ်လည်တွင် နေထိုင်ကြသော လူမျိုးများကိုသာ" ရည်ညွှန်းနေသကဲ့သို့ အဓိပ္ပါယ် ပေါ်လွင်နေပါသည်။ အဘယ့်ကြောင့်နည်း။ အပေါ်ယံအမြင်အားဖြင့် ကြည့်ပါက အရေးမကြီးသော ကိစ္စတစ်ရပ်အနေဖြင့်သာ ထင်မြင်လိမ့်မည် ဖြစ်သော်လည်း တိုင်းရင်းသား ဝေါဟာရ၏ အနက်အဓိပ္ပါယ်အား မြန်မာနိုင်ငံ၏ တိုင်းရင်းသားလူမျိုးများအကြား နားလည်မှု မတူညီကြခြင်းသည်ပင် လက်ရှိမြန်မာပြည်အတွင်း လူမျိုးရေး အကွဲအပြဲအား ပြေလည်စေရန် အတားအဆီးတစ်ခု ဖြစ်နေပါသည်ဟု ဆိုပါက မှားလိမ့်မည် မထင်ပါ။ ထို့ကြောင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် စစ်မှန်သော တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအား အကောင်အထည်ဖော်လိုပါက တိုင်းရင်းသားဆိုသော ဝေါဟာရနှင့် ဆက်စပ်သော မတူကွဲပြားသည့် နားလည်မှုများအားလည်း အလေးထား ဖြေရှင်းရန် လိုအပ်ပါသည်။

---

4 မြန်မာနိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၏ Nationwide Ceasefire Agreement (NCA) စာချုပ် သုံးနှစ်ပြည့် နှစ်ပတ်လည်အစည်းအဝေးတွင် ပြောကြားခဲ့သော မိန့်ခွန်းတွင် "မြန်မာနိုင်ငံရဲ့ နောက်ဆုံးမင်းဆက်ဖြစ်တဲ့ သီပေါမင်းကို အင်္ဂလိပ်တို့ ဖမ်းဆီးခေါ်ဆောင်သွားစဉ်မှာ အင်္ဂလိပ်လက်ထဲက သီပေါမင်းကို ပြန်လုမယ်ဆိုပြီး နောက်လိုက်နောက်ပါ ၅၀၀ နဲ့ မန္တလေးဘုရားကြီးက စောင့်ခဲ့တဲ့သူဟာ ရှမ်းစော်ဘွားတစ်ဦးဖြစ်တဲ့ ညောင်ရွှေစော်ဘွားကြီး ဦးစောမောင်ဖြစ် ပါတယ်။ ဒါကြောင့် လည်း နယ်ချဲ့အင်္ဂလိပ်တွေက ဗမာတွေနဲ့ တိုင်းရင်းသားတွေ ပူးပေါင်းသွားမှာကို စိုးရိမ်ခဲ့ကြတယ်။ မပူးပေါင်းမိအောင်လည်း တိုင်းရင်းသားဒေသတွေနဲ့ မြန်မာပြည်အလယ်ပိုင်းဒေသကို သွေးခွဲ အုပ်ချုပ်နိုင်ရေး ရှမ်းပြည်နယ်များအက်ဥပဒေ (Shan States Act of 1888)၊ ကချင်တောင်တန်းလူမျိုးစုများ စည်းမျဉ်းဥပဒေ (Kachin Hill Tribes Regulation-1895)၊ ချင်းတောင်တန်း စည်းမျဉ်းဥပဒေ (Chin Hill Regulation-1896) ဆိုပြီး အုပ်ချုပ်မှုစနစ်အမျိုးမျိုး၊ ဥပဒေအမျိုးမျိုး ကျင့်သုံးဆောင်ရွက်ခဲ့ပါတယ်"။ ဤအပိုဒ်ပါ "ဗမာနှင့် တိုင်းရင်းသား" ဆိုသောစကားရပ်အား ကြည့်ပါက ဗမာနှင့် တိုင်းရင်းသားမတူကြောင်းဆိုလိုနေသည်မှာထင်ရှားပါသည်။

## ၁.၁။ တိုင်းရင်းသားဝေါဟာရ ပေါ်ပေါက်လာပုံနှင့် ခေတ်အဆက်ဆက် ရှင်သန်လာပုံ

မြန်မာနိုင်ငံ လွတ်လပ်ရေးမတိုင်မီ နယ်ချဲ့ဆန့်ကျင်ရေးနှင့် လွတ်လပ်ရေး ကြိုးပမ်းစဉ် ခေတ်ကာလများ ကတည်းကပင် တိုင်းရင်းသားဟူသော ဝေါဟာရအား စတင်သုံးနှုန်း နေခဲ့ခြင်းဖြစ်သော်လည်း ထိုခေတ်မြန်မာ့နိုင်ငံရေးတွင် တိုင်းရင်းသားဆိုသည်မှာ အရေးပါသော ဝေါဟာရတစ်ခု မဖြစ်သေးပါ။ ဒုတိယကမ္ဘာစစ်ပြီးနောက်ပိုင်း ဖဆပလ၏ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းတွင် တိုင်းရင်းသားဆိုသော ဝေါဟာရအားထည့်သွင်းသုံးနှုန်း ထားခဲ့သော်လည်း တိုင်းရင်းသားနှင့် ဆက်စပ်သော အနှစ်သာရပြည့်ဝသည့် နိုင်ငံရေး အခွင့်အရေးများပါဝင်လာခဲ့ခြင်း မရှိပါ။ ပြည်ထောင်စုနေ့အဖြစ်သတ်မှတ်ကာ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်ခဲ့သည်ဆိုသော ၁၉၄၇ ခုနှစ် ပင်လုံ စာချုပ်တွင်ပင် တိုင်းရင်းသားဆိုသော ဝေါဟာရအား ရှာမတွေ့နိုင်ပါ။ တိုင်းရင်းသား ဆိုသည်မှာ မြန်မာနိုင်ငံတွင်းရှိ မည်သည့်လူမျိုးများကို ဆိုလိုခြင်းဖြစ်သနည်းနှင့် ၎င်း တိုင်းရင်းသားလူမျိုး အမျိုးအစားမည်မျှရှိသည် ဆိုသည့်အချက်တို့မှာလည်း ထိုခေတ် အခါက မြန်မာ့နိုင်ငံရေးတွင် အရေးကြီးသော ကိစ္စရပ်တစ်ခုဖြစ်ခဲ့ခြင်း မရှိသေးပါ။

၁၉၆၂ ခုနှစ်တွင် နိုင်ငံတော်အာဏာကို ဒုတိယအကြိမ်အဖြစ် သိမ်းယူခဲ့သော ဗိုလ်ချုပ်ကြီး နေဝင်း၏ ဆိုရှယ်လစ်စနစ်အစိုးရလက်ထက် အရောက်တွင်တော့ တိုင်းရင်းသား ဝေါဟာရအား တွင်တွင်ကျယ်ကျယ် စတင်ပြောဆိုသုံးနှုန်းကာ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးသည်လည်း နိုင်ငံတော်တည်ဆောက်ရေးအတွက် အရေးကြီးသောကိစ္စ တစ်ရပ်ဖြစ်လာပါသည်။ လူတန်းစားအရေးသာ အဓိက အခြေခံသဘောတရားဖြစ်သော ဆိုရှယ်လစ်စနစ်တွင် လူမျိုးရေးဖြစ်သော တိုင်းရင်းသားအရေးအား တွင်ကျယ်စွာ ကြွေး ကြော်ခဲ့ပြီး တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးကျောင်းများအားလည်း စတင် ဖွင့်လှစ် တည်ထောင်ခဲ့ပါသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးချိန်မှစကာ ၁၉၆၂ ခုနှစ် အထိ ဆယ်စုနှစ်တစ်ခုကျော်ကြာခဲ့သည့်တိုင် လူမျိုးများအချင်းချင်း မသင့်မြတ်နိုင်ခြင်း နှင့် စည်းလုံးညီညွတ်ခြင်း မရှိနိုင်ခြင်းတို့ မှာ လူမျိုးအချင်းချင်းကြား ယုံကြည်မှုမရှိခြင်းကြောင့် ဟုဆိုကာ မြန်မာနိုင်ငံ၏ ကောင်းရာကောင်းကျိုးအတွက် နိုင်ငံအတွင်းရှိ တိုင်းရင်းသား လူမျိုးများအားလုံး အတူတကွ ပူးပေါင်းပါဝင်ကြရန်လည်း အားပေးခဲ့ပါသည်[5]။

5 Nick Chessman (2017).

ဗိုလ်ချုပ်ကြီးနေဝင်း ကိုယ်တိုင်စိတ်ကြိုက်ကြိုးကိုင်ရေးဆွဲခဲ့သည်ဟုဆိုနိုင်သော ၁၉၇၄ ခုနှစ်၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေတွင် တိုင်းရင်းသား လူမျိုးများအမည်နှင့် ပြည်နယ် ၇ ပြည်နယ်ပေါ်ပေါက်လာခဲ့ပါသည်။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စိတ်ဓာတ်သည်ပင် ပြည်ထောင်စုစိတ်ဓာတ်ဖြစ်၍ ပြည်ထောင်စု တည်တံ့ခိုင်မြဲစေရန်အလို့ငှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး သည် မရှိမဖြစ်လိုအပ်သော အခြေခံအကြောင်းတရားတစ်ခုအဖြစ် စတင်ပုံဖော်ခဲ့သော ခေတ်လည်း ဖြစ်ခဲ့ပါသည်။ ပြည်ထောင်စုနေ့အား နိုင်ငံတော်အဆင့်အနေဖြင့် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းတွင် နှစ်စဉ်ကျင်းပကာ မြန်မာနိုင်ငံရှိတိုင်းရင်းသားလူမျိုးများအားလုံးကိုလည်း မိမိတို့၏ ရိုးရာဝတ်စုံကို အသီးသီးဝတ်ဆင်စေကာ လာရောက်ပါဝင်ဆင်နွှဲစေခဲ့ပါသည်။ သို့သော် ၁၉၆၂ ခုနှစ်၊ တော်လှန်ရေးကောင်စီမှစကာ လမ်းစဉ်ပါတီတစ်ခန်းရပ်ခဲ့သည့် ၁၉၈၈ ခုနှစ်အထိ တိုင်းရင်းသားဆိုသော ဝေါဟာရအား တွင်တွင်ကျယ်ကျယ် ကြွေး ကြော်ခဲ့ခြင်းမှာ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စိတ်ဓာတ်အခြေခံသော ပြည်ထောင်စု စိတ်ဓာတ်အား အရှိန်မြှင့် ဖော်ဆောင်ခဲ့ခြင်းတော့ မဟုတ်ပါ။ အဘယ့်ကြောင့်ဆိုသော် တော်လှန်ရေးကောင်စီနှင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ နိုင်ငံရေးစနစ်များမှာ ဗဟို ချုပ်ကိုင်မှုစနစ်များသာဖြစ်ခဲ့ကာ ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားလာရန်ပင် မဆိုထားနှင့်၊ ၁၉၄၇ ခုနှစ်၊ ပင်လုံစာချုပ်မှ တိုင်းရင်းသားလူမျိုးအသီးသီးမှ ပိုင်ဆိုင်သင့် ပိုင်ဆိုင်ထိုက်သော အခွင့်အရေးများအားလုံးပင် ပျောက်ဆုံးခဲ့ရသည့် ခေတ်သာဖြစ်ခဲ့ ပါသည်။

၁၉၈၈ တစ်နိုင်ငံလုံး လူထုအုံကြွမှုနှင့်အတူ ဆိုရှယ်လစ်နိုင်ငံရေးစနစ် နိဂုံးချုပ်ခဲ့သော်လည်း တိုင်းရင်းသားဝေါဟာရမှာ ဆက်လက်ရှင်သန်အားကောင်းဆဲပင်ဖြစ်သည်။ နိုင်ငံတော် အာဏာအား ဆိုရှယ်လစ်အစိုးရလက်ထက်မှ ဆက်ခံခဲ့သော စစ်အစိုးရမှလည်း တိုင်းရင်း သား ဆိုသောဝေါဟာရအား ဆက်လက်ဆုပ်ကိုင်ထားကာ တိုင်းရင်းသားစည်းလုံးညီညွတ် မှု မပြိုကွဲရေးသည်ပင် ၎င်းတို့၏နိုင်ငံရေးအခြေခံမူ သုံးခုတွင် ဒုတိယအခြေခံမူ ဖြစ်လာပါ သည်။ ၁၉၈၉ ခုနှစ်တွင် စစ်အစိုးရမှ နယ်စပ်ဒေသ နှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေး ဗဟိုကော်မတီ (Central Committee for Implementation of Progress of Border Areas and National Races) တစ်ရပ်အား အသစ်တဖန် ဖွင့်လှစ်ခဲ့သကဲ့သို့ ၂၀၀၂ ခုနှစ် အစောပိုင်းတွင်လည်း ရန်ကုန်တိုင်းအတွင်းတွင် တိုင်းရင်းသားကျေးရွာဟု ခေါ်သော မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများအားလုံး၏ ရိုးရာဓလေ့များအား ခင်းကျင်းပြသပေးနေသည့် နေရာတစ်ခုအား ဖွင့်လှစ်တည်ထောင်ခဲ့ပါသည်။

စစ်အာဏာရှင်အစိုးရလက်ထက်တစ်လျှောက်လုံးတွင် ပြည်ထောင်စုမကွဲရေးသည် နိုင်ငံတော်၏အခြေခံမူ (၁) နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးသည် အခြေခံမူ (၂) များ ဖြစ်လာခဲ့သော်လည်း[6] ပြည်ထောင်စုစိတ်ဓာတ် ဆိုသည်နှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးတို့မှာ မည်သည့်အရာကိုဆိုလိုခြင်း ဖြစ်သနည်း ဟုပင် မေးခွန်းထုတ်စရာဖြစ်လာခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် ပြည်ထောင်စု မြန်မာနိုင်ငံ၏ နိုင်ငံကိုယ်စားပြု အမျိုးသားရေးလက္ခဏာများ နှင့် သမိုင်းတင်ပြမှုတို့မှာ အစိုးရအဆက်ဆက်အား လွှမ်းမိုးခဲ့သော ဗမာလူမျိုး တစ်မျိုးတည်း၏ အမျိုးသားရေး လက္ခဏာနှင့် သမိုင်းတို့ကိုသာ ထင်ဟပ်စေခဲ့ကာ ပြည်ထောင်စု မြန်မာနိုင်ငံ၏ သမိုင်းအစ သည်လည်း ဗမာလူမျိုးတို့ ကြီးစိုးအုပ်ချုပ်ခဲ့သော ပုဂံ၊ တောင်ငူ၊ ကုန်းဘောင်ခေတ်များမှ စတင်ခဲ့သည်ဆိုသော ပြည်ထောင်စု၏ သမိုင်းတင်ပြမှုများကြောင့် ဖြစ်သည်။

၂၀၁၁ ခုနှစ်မှစပြီး သမ္မတဦးသိန်းစိန် ဦးဆောင်သော အရပ်သားတစ်ပိုင်းအစိုးရမှစကာ ယခုလက်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (National League for Democracy-NLD) ဦးဆောင်သော အစိုးရလက်ထက်အထိတိုင် တိုင်းရင်းသားဆိုသည့် ဝေါဟာရ အား နိုင်ငံရေးနယ်ပယ်တွင် နိစ္စဓူဝကဲ့သို့ပင် မြန်မာ့လူမှုအသိုင်းအဝိုင်းတွင် ကြားနေရ ပါတော့သည်။ တိုင်းရင်းသားလက်နက်ကိုင်၊ တိုင်းရင်းသားနိုင်ငံရေးပါတီ၊ တိုင်းရင်းသား အခွင့်အရေး၊ တိုင်းရင်းသားပြည်နယ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စသည့် စကားလုံး အသုံးအနှုန်းတို့မှာ နိုင်ငံရေးစကားဝိုင်းများတွင် မပါမဖြစ်သော စကားရပ်များ အဖြစ်လည်း မြင်တွေ့နေရပါသည်။ ဤသည်မှာလည်း ပင်လုံစာချုပ်၊ ပင်လုံကတိကဝတ် နှင့် ပင်လုံစိတ်ဓာတ်အား ပြန်လည်အသက်သွင်းကာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး နှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုအား တည်ထောင်မည်ဆိုသည့်အချက်မှာ NLD ၏ နိုင်ငံရေးပြုပြင်ပြောင်းမှုများထဲမှ အဓိကပန်းတိုင်တစ်ခုဖြစ်နေသောကြောင့် ပင်ဖြစ်သည်။ သို့သော်ငြားလည်း တိုင်းရင်းသားဟု ဆိုပါက ဘုံလက္ခဏာဖြစ်သော "မြန်မာ ဆိုသည့် နိုင်ငံရေးအသိုက်အမြုံတစ်ခု" နှင့် ဆက်စပ်မြင်နိုင်ခြင်း မရှိသေးသကဲ့သို့ တိုင်းရင်းသားဆိုသည်မှာ ဗမာမဟုတ်သောလူမျိုးများကိုသာ ရည်ညွှန်းခြင်းဖြစ်သည်။ ဗမာသည်လည်း တိုင်းရင်းသားတစ်မျိုးပင်ဖြစ်သည် ဟူသော အတွေးအခေါ် အယူအဆများ အပေါ် တွင် အခြေခံ၍ အငြင်းအခုံဖြစ်နေကြဆဲပင် ဖြစ်ပါသည်။

6 ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း ၁။ ပုဒ်မ ၆။ နိုင်ငံတော်အခြေခံမူများ

## ၁.၂။ တိုင်းရင်းသားဆိုတာ ဘယ်သူတွေကို ရည်ညွှန်းချင်သလဲ။

၁၉၄၈ ခုနှစ်၊ မြန်မာ့လွတ်လပ်ရေး မတိုင်မီအချိန်အထိ လွတ်လပ်ရေးခေတ်ကြို ကာလများတွင် တိုင်းရင်းသားဆိုသော ဝေါဟာရမှာ မြန်မာနိုင်ငံရှိ ဗမာမဟုတ်သော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း အစရှိသော လူမျိုးများအားသာ ရည်ညွှန်း သုံးနှုန်းခြင်း ဖြစ်သည်[7]။ တစ်နည်းအားဖြင့်ဆိုရသော် ဗမာပြည်မ (Burma Proper) နှင့် ထိစပ်လျက်ရှိသော ဒေသများတွင်နေထိုင်ကြသော ဗမာမဟုတ်သော လူမျိုးများ အားသာ ရည်ညွှန်းခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံလွတ်လပ်ရေး ရပြီးနောက်ပိုင်း ခေတ်အဆက်ဆက်တွင် ဗမာသည်လည်း တိုင်းရင်းသားလူမျိုး တစ်မျိုးပင်ဖြစ်သည်။ မြန်မာနိုင်ငံအတွင်းရှိ လူမျိုးများအားလုံးသည် တိုင်းရင်းသားများပင်ဖြစ်ကာ တန်းတူ ရည်တူရှိကြသည်ဆိုသော အသုံးအနှုန်းများအား အစိုးရအဆက်ဆက်မှ ပြောဆို သုံးနှုန်းလာခဲ့သော်လည်း ဗမာမဟုတ်သည့် အခြားသော တိုင်းရင်းသားလူမျိုးများ သည် ဗမာလူမျိုးနှင့် မည်သည့်အခါတွင်မျှ တန်းတူရည်တူရှိသောအဆင့်သို့ ရောက်ရှိလာနိုင်ခဲ့ခြင်း မရှိပါ။ အမှန်စင်စစ် ဗမာလူမျိုးသည် နောင်တော်ကြီးသဖွယ် အနေအထားတွင်ဖြစ်ပြီး ဗမာမဟုတ်သော အခြားလူမျိုးများသည် ညီတော် (သို့မဟုတ်) ဒုတိယတန်းစားလူမျိုးများ၏ အနေအထားသို့ ရောက်ရှိခဲ့သည်သာဖြစ်သည်။ ဤသည် မှာလည်း ဗမာလူမျိုးတစ်မျိုးတည်း၏ အမျိုးသားရေး အမှတ်သရုပ် လက္ခဏာများကိုသာ အခြေခံ၍ ဗမာဗဟိုပြုနိုင်ငံတည်ထောင်ခဲ့သော အစိုးရ အဆက်အဆက်၏ စနစ်များ၏ အကျိုးဆက်ဖြစ်သည်။

လွတ်လပ်ရေးခေတ်နောက်ပိုင်း အချိန်ကာလများတွင် ဗမာသည်လည်းတိုင်းရင်းသား လူမျိုးတစ်မျိုးပင်ဖြစ်သည်ဟူသော အဆိုထွန်းကားလာခြင်း၏ နောက်ကွယ်တွင်လည်း အကြောင်းအရင်းများစွာ ရှိပါသည်။ ဗမာသည်လည်း တိုင်းရင်းသားလူမျိုးတစ်မျိုးပင် ဖြစ်သည်ဟု ဆိုခြင်းအားဖြင့် တိုင်းရင်းသားဆိုသောဝေါဟာရသည် ဗမာမဟုတ်သော လူမျိုးများကိုသာ ရည်ညွှန်းသည်ဆိုသော အယူအဆအား ဖျောက်ဖျက်ရန်ဖြစ်သည်[8]။

---

7 ၁၉၉၀ ပြည့်နှစ် ဧပြီလတွင် ထုတ်ဝေသော တိုင်းရင်းသားလူမျိုးအရေးနှင့် ၁၉၄၇ အခြေခံဥပဒေ စာအုပ်ပါ သမိုင်းမှတ်တမ်းများအား လေ့လာပါက မှတ်တမ်းတော်တော်များများတွင် တိုင်းရင်းသားဆိုသည်မှာ ဗမာပြည်မအပြင်တွင် နေထိုင်သောလူမျိုးများ သို့မဟုတ် ဗမာပြည်မအတွင်း နေထိုင်သော်လည်း ဗမာလူမျိုး မဟုတ်သော လူမျိုးများကိုသာဆိုလိုခြင်း ဖြစ်သည့် အကြောင်းအရာအတော်များများတွေ့ရမည်ဖြစ်သည်။

8 SeiSue Mark (2018)

နောက်ထပ်အကြောင်းတရားတစ်ခုမှာ ဗမာလူမျိုးအား တိုင်းရင်းသားလူမျိုး တစ်မျိုးဖြစ်သည်ဟု ဆိုခြင်းအားဖြင့် တိုင်းရင်းသားဆိုသော ဝေါဟာရမှာ မြန်မာနိုင်ငံရှိ လူမျိုးများအားလုံး၏ ဘုံမူပိုင်လက္ခဏာဖြစ်လာပြီး တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ကြိုးပမ်းရာတွင် ပို၍ ထိရောက်အောင်မြင်မှုရှိမည်ဆိုသော စစ်အာဏာရှင်အစိုးရ၏ ယုံကြည်မှု တစ်ခုဖြစ်ပါသည်[9]။ ဆက်လက်၍ ဗမာဗဟိုပြု နိုင်ငံတော် တည်ထောင်ခြင်း လမ်းစဉ်အား လှမ်းဆုပ်ကိုင်ထားခဲ့သော အစိုးရအဆက်ဆက်သည် ဗမာသည်လည်း တိုင်းရင်းသားလူမျိုးတစ်မျိုးပင်ဖြစ်သည် ဟူသောအဆိုကို အားပေးခြင်းအားဖြင့် ဗမာသည်လည်း တိုင်းရင်းသား၊ တိုင်းရင်းသားသည်လည်း ဗမာနှင့်အတူတူဆိုသော ယုံကြည်ချက်အား ရိုက်သွင်းပေးလိုခဲ့ခြင်း ဖြစ်ဟန်ရှိခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် ဗမာသည်လည်းတိုင်းရင်းသား၊ တိုင်းရင်းသားသည်လည်း ဗမာဖြစ်ပါက ဗမာလူမျိုး တစ်မျိုးတည်း၏ သမိုင်းကြောင်းအစဉ်အလာနှင့် အမျိုးသားရေး သရုပ်လက္ခဏာများကိုသာ ထင်ဟပ်စေသော မြန်မာနိုင်ငံ၏ အမျိုးသားရေးလက္ခဏာ (Myanmar National Identity) ကို ဗမာဟုတ်သော အခြားလူမျိုးများအား ၎င်းတို့၏ ကိုယ်ပိုင်အမျိုးသားရေး လက္ခဏာ တစ်ခုသဖွယ် လက်ခံကျင့်သုံးစေရန် သွတ်သွင်း (Assimilate) ရာတွင် လွယ်ကူလိမ့်မည်ဟု ထင်မှတ်ခဲ့ဟန်ဖြစ်ပါသည်။

တိုင်းရင်းသား ဝေါဟာရအား အဓိပ္ပါယ်ဖွင့်ဆိုရာတွင် အချို့သောစာပေများတွင် စာလုံးတစ်လုံးခြင်းအား ခွဲခြားဆန်းစစ်ကာ "တိုင်း" ဆိုသည်မှာ တိုင်းပြည် (သို့) တိုင်းနိုင်ငံဟု အဓိပ္ပါယ်ဖွင့်ဆိုပြီး၊ "ရင်း" ဆိုသည်မှာ အရင်းအခြာ ဟုအဓိပ္ပါယ်ရကာ၊ "သား" ဆိုသည်မှာ သွေးချင်းသားချင်းအား ဆိုလိုသည်ဟု ဖော်ပြရေးသားကြပါသည်။ ဆိုလိုသည်မှာ တိုင်းပြည်တစ်ခုတွင် တန်းတူရည်တူ အေးအတူပူအမျှ ယှဉ်တွဲနေထိုင်ကြသော သွေးချင်းညီအစ်ကို အရင်းအခြာများဖြစ်သည်ဟု ရည်ညွှန်းခြင်းဖြစ်သည်။ ဤဖွင့်ဆိုချက်အား ဆန်းစစ်ပါက တန်းတူရည်တူရှိမှု၊ ချစ်ခင်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှု အစရှိသော အဓိပ္ပါယ်အားလုံးကို ခြုံငုံမိစေကာ အလွန်ပင် နှစ်သက်ဖွယ်ကောင်းသော ဝေါဟာရတစ်ခုဟု ယူဆနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံအတွင်းရှိ အားလုံးသော လူမျိုးများသည် ယနေ့ခေတ်ကမ္ဘာ့မြေပုံပေါ်ရှိ လက်ရှိမြန်မာနိုင်ငံအား ဘုံသဘော စုပေါင်းပိုင်ဆိုင်ထားကာ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးစသည့် နယ်ပယ် အရပ်ရပ်တွင် တန်းတူရည်တူအခွင့်အရေး ပိုင်ဆိုင်ထားကြသကဲ့သို့ အပေါ်ယံအားဖြင့် အဓိပ္ပါယ် ပေါ်လွင်နေခြင်းကြောင့် ဖြစ်သည်။

9 Nick Cheesman (2017)

သို့သော် လွတ်လပ်ရေးရပြီး ယနေ့ပြည်ထောင်စုမြန်မာနိုင်ငံအား စတင်တည်ထောင်ခဲ့သည်မှာ ရာစုနှစ်တစ်ခုနီးပါ ပြည့်လုနီးပြီဖြစ်သော်လည်း အစိုးရအဆက်ဆက်နှင့် ၎င်းတို့၏ အုပ်ချုပ်ရေးစနစ် အဆက်ဆက်သည် တိုင်းရင်းသား ဆိုသောဝေါဟာရအား အထက်ဖော်ပြပါ အနက်အဓိပ္ပါယ်၏ ဆန့်ကျင်ဘက်သို့သာ တွန်းပို့စေခဲ့ပါသည်။ အကြောင်းမှာ လွတ်လပ်ရေးရပြီးခေတ်မှစကာ မြန်မာအစိုးရအဆက်ဆက် လက်ကိုင်ကျင့်သုံးခဲ့သော  နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု စသည့်စနစ်များသည် လူမျိုးကြီးဖြစ်သော ဗမာလူမျိုးတစ်မျိုးတည်း၏ အမျိုးသားရေးလက္ခဏာများကိုသာ ထင်ဟပ်စေပြီး တိုက်ရိုက်နည်းအားဖြင့်သော်လည်းကောင်း၊ သွယ်ဝိုက်နည်းအားဖြင့်သော်လည်းကောင်း ဗမာလူမျိုးတစ်မျိုးတည်း၏ အကျိုးစီးပွားကိုသာ အဓိကအားဖြင့် အားပေးအားမြှောက် ပြုစေခဲ့သောကြောင့်ဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသား ဆိုသော ဝေါဟာရ၏ အနက်အဓိပ္ပါယ်မှာ အထက်ပါရှင်းလင်းချက်နှင့် ထပ်တူကျသည်ဟု စိုးစဉ်းမျှ ထင်သာမြင်သာမှုမရှိပဲ၊ တိုင်းရင်းသားဟုဆိုပါက ဗမာလူမျိုး နှင့် ပထဝီဒေသအရ ဗမာတိုင်းပြည်အား ဗဟိုပြုကာ (Bamar Centric)  ၎င်းတို့၏ ရင်းခြာပတ်လည် ဒေသများတွင် အခြေချနေထိုင်ကြသော ဗမာမဟုတ်သော လူမျိုးများကိုသာ ရည်ညွှန်းသကဲ့သို့ အဓိပ္ပါယ်သက်ရောက်မြဲ သက်ရောက်နေပါသည်။

ဤအချင်းအရာအား ဆင်ခြင်ကြည့်ပါက တိုင်းရင်းသားဆိုသောဝေါဟာရသည် လူမျိုးရေး တန်းတူရည်တူရှိခြင်း၏ သင်္ကေတသဘောတရားအား ညွှန်ပြခြင်းမဟုတ်ဘဲ တိုင်းရင်းသားဖြစ်ရခြင်းသည် ဗမာဗဟိုပြု (Bamar-Centric State Building) နိုင်ငံတော် တည်ဆောက်ခြင်းလမ်းစဉ်နှင့် လိုက်လျောညီထွေစွာ ရပ်တည်ရှင်သန်ကာ နိုင်ငံရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် စီးပွားရေး စသည့်နယ်ပယ်အရပ်ရပ်တွင် ဗမာလူမျိုးတို့၏ လက်အောက်ခံ (subordinate nationalities) လူမျိုးများအဖြစ် စုပေါင်းပါဝင်ကာ၊ ဗမာလူမျိုးတို့၏ အမျိုးသားရေးလက္ခဏာအား မိမိတို့၏ ကိုယ်ပိုင်အမျိုးသားရေး လက္ခဏာများသဖွယ် လက်ခံကျင့်သုံးရမည့် သဘောသာ ဆောင်နေပါသည်။

## ၁.၃။ ယနေ့ခေတ်မြန်မာ့လူမှုအသိုင်းအဝိုင်းမှ တိုင်းရင်းသားဆိုသောသူများအား ရှုမြင်ပုံ

မြန်မာနိုင်ငံအစိုးရအဆက်ဆက်မှ ဗမာသည်လည်းတိုင်းရင်းသားတစ်မျိုးပင်ဖြစ်သည်ဟုဆိုကာ နိုင်ငံတော်၏ နေ့ကြီးရက်ကြီးများနှင့် နိုင်ငံအဆင့်ပွဲတော်များတွင်လည်း ဗမာလူမျိုးအပါအဝင် မြန်မာနိုင်ငံရှိလူမျိုးများအားလုံး မိမိတို့၏ ရိုးရာဝတ်စုံများအားဝတ်ဆင်စေကာ မြန်မာနိုင်ငံအား အရောင်အသွေးစုံလင်စွာဖြင့် စုပေါင်းတည်ထောင်ထားသည့် ပြည်ထောင်စုတစ်ခုသဖွယ် ပုံဖော်လာခဲ့သည်မှာ ရာစုနှစ်တစ်ခုပြည့်လုနီးပါးအချိန်သို့ ရောက်လာခဲ့ပြီဖြစ်သည်။ ဗမာသည်လည်း တိုင်းရင်းသားလူမျိုးပင်ဖြစ်သည်ဆိုသည်ကို မြန်မာနိုင်ငံ၏ ၂၀၁၄ သန်းခေါင်စာရင်းပါ တိုင်းရင်းသားလူမျိုးများ စာရင်းတွင်တရားဝင် ထည့်သွင်းရေတွက်သတ်မှတ်ထားပြီးလည်း ဖြစ်သည်။ သို့သော် မြန်မာနိုင်ငံ၏လက်ရှိလူမှုအသိုင်းအဝန်းမှ တိုင်းရင်းသားဆိုသောဝေါဟာရအား ဗမာမဟုတ်သောလူမျိုးများနှင့်သာ ဆက်စပ်ရှုမြင်နေကြသကဲ့သို့ မြန်မာနိုင်ငံ၏ ခေတ်ပေါ်စာပေ၊ အနုပညာနှင့် လူမှုအလွှာအများစုတွင် အလိုအလျောက်ပင် တိုင်းရင်းသားအား ပုံဖော်ရာတွင်ဗမာ့ယဉ်ကျေးမှု တစ်ခုသာ ထင်ဟပ်လွှမ်းမိုးသော မြန်မာ့ယဉ်ကျေးမှု နှင့် အလှမ်းဝေးကာမြန်မာ့နည်းမြန်မာ့ဟန်နှင့် လိုက်လျောညီထွေမှုရှိစွာ ကျင့်ကြံပြုမူနေထိုင်နိုင်ခြင်း မရှိသောလူမျိုးများအဖြစ်သာ ပုံဖော်ရေးသားနေကြသည်ပင် ဖြစ်သည်။

ဗမာစကားပြောအသံဝဲခြင်း၊ တုတ်ထိုးအိုးပေါက် ပြောတတ်ခြင်း၊ အရိုင်းဆန်ဆန်ဖြစ်သော်လည်း ပွင့်လင်းရိုးသားသဖြင့် ချစ်ခင်နှစ်လိုဖွယ်ကောင်းခြင်း၊ မြန်မာ့ယဉ်ကျေးမှုနှင့်လိုက်လျောညီထွေစွာ မနေတတ်ခြင်း စသည့်လက္ခဏာများသည် တိုင်းရင်းသားတို့၏အမူအကျင့်နှင့် လက္ခဏာများသာဖြစ်သည်ဟူသော အယူအဆများသည် မြန်မာ့လူမှုအသိုင်းအဝိုင်းကြားတွင် အမြစ်တွယ်နေဆဲဖြစ်သည်။ ဗမာစကားပြောအသံဝဲခြင်း၊ တုတ်ထိုးအိုးပေါက် ပြောတတ်ခြင်းနှင့် အရိုင်းဆန်ဆန် ဖြစ်နေခြင်းများမှာ တိုင်းရင်းသားတို့၏ စရိုက်လက္ခဏာများသာဖြစ်သည်ဆိုသော ဗမာလူမျိုးတို့၏ အယူအဆမှာတိုင်းရင်းသား ဝေါဟာရနှင့်စပ်လျဉ်း၍ အဓိကပြဿနာတစ်ရပ်ဟု မဆိုနိုင်သော်လည်းဤအချက်မှ ရည်ညွှန်းနေသော အခြားအရေးကြီးသော အကြောင်းအရာ တစ်ခုရှိနေပါသည်။ ၎င်းမှာ တိုင်းရင်းသားဟု ဆိုပါက ဗမာ့သမိုင်း၊ ယဉ်ကျေးမှု၊ စာပေ၊ ဘာသာစကားနှင့် ဓလေ့ထုံးတမ်းများကိုသာ ထင်ဟပ်သော မြန်မာ့အမျိုးသား ယဉ်ကျေးမှုနှင့် အလှမ်းဝေးကင်းကွာနေသော သူများဖြစ်သည်ဟု ဆိုခြင်းပင် ဖြစ်သည်။ တစ်ဖက်တွင်လည်း

ယဉ်ကျေးမှုအရ ခေတ်နောက်ပြန်သော၊ ဖွံ့ဖြိုးတိုးတက်မှု နောင့်နှေးကျန်ခဲ့သူများသာ ဖြစ်သည်ဆိုသည်ကို ရည်ညွှန်းသကဲ့သို့ အဓိပ္ပါယ်သက်ရောက်စေပါသည်။

ယဉ်ကျေးမှုအရ ခေတ်နောက်ပြန်နေသောသူများ၊ ဖွံ့ဖြိုးတိုးတက်မှုနည်းပါးသူများဟု ရှုမြင်နေကြသည်မှာ အဘယ့်ကြောင့်နည်းဟုဆိုပါက ၎င်းယဉ်ကျေးမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများအား တိုင်းတာနေသော စံနှုန်းများမှာ အခြေခံအားဖြင့် ဗမာလူမျိုးတို့၏ ယဉ်ကျေးမှုနှင့် ဗမာလူမျိုးအများစု နေထိုင်သော ဒေသတို့အား အခြေခံပေတံအနေဖြင့် အသုံးပြု တိုင်းတာနေခြင်းများကြောင့် ဖြစ်သည်။ ဗမာမဟုတ်သော တိုင်းရင်းသား လူမျိုးအသီးသီး တွင် ခေတ်အဆက်ဆက် ကျင့်သုံးထိန်းသိမ်းလာခဲ့ပြီး ကြီးကျယ်ခမ်းနားသည့် ဆိုင်ရာ ဆိုင်ရာ ယဉ်ကျေးမှုများ ရှိကြပါသည်။ ၎င်းတို့၏ ယဉ်ကျေးမှုများသည်လည်း ခေတ် နောက်ပြန်နေသည်ဟု ယူဆ၍ မရနိုင်ပါ။ နိုင်ငံတော်အစိုးအရ အဆက်ဆက်မှ အားပေး အားမြှောက်မပြုခဲ့ခြင်းများနှင့် အခြေအနေအချို့တွင် ၎င်းယဉ်ကျေးမှု အစဉ်အလာ များအား ထုတ်ဖော်ကျင့်သုံးရန်ပင် ပိတ်ပင်ခဲ့ခြင်းများကြောင့်သာ နိုင်ငံတော် ယဉ်ကျေးမှုလည်းဖြစ်၊ နိုင်ငံတော်မှ အစဉ်တစိုက် ထိန်းသိမ်းမြှင့်တင်ပေးနေသော ဗမာ့ယဉ်ကျေးမှုနှင့်ယှဉ်ပါက နိမ့်ကျနေသဖွယ် ဖြစ်နေခြင်းသာ ဖြစ်ပါသည်။

ဤကဲ့သို့သော ဗမာလူမျိုးအခြေပြု စံနှုန်းများဖြင့် ဗမာမဟုတ်သော လူမျိုးများ၏ ယဉ်ကျေးမှု နှင့် ဓလေ့စရိုက်များအား တိုင်းတာနေမည်ဆိုပါက ဗမာမဟုတ်သောလူမျိုးများသည် မြန်မာဆိုသည့် နိုင်ငံရေးအသိုက်အမြုံ၏ အပြင်ဖက်တွင်သာ ရှိနေမည်ဖြစ်ပြီး တိုင်းရင်း သား စည်းလုံးညီညွတ်ရေးမှာလည်း အကောင်အထည်ပေါ် လာရန် ဝေးနေဦးမည် သာဖြစ်ပါသည်။



ပုံ (၁)။ နာဂတိုင်းရင်းသားတို့၏ဒေသတွင် နှစ်ရှည်တာဝန်ထမ်းဆောင်ရာမှ ပြောင်းလဲသွားသော ကျောင်းအုပ်ဆရာကြီးတစ်ဦး၏ ပုံသဏ္ဍာန်အား ဖော်ညွှန်းထားသော ကာတွန်း။ ၁၉၇၈၊ မတ်လ ၁၀ ရက်ထုတ် ဟံသာဝတီသတင်းစာပါ ဤကာတွန်းအား ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် မြန်မာ့သံတော်ဆင့်၏ အတွဲ (၇)၊ အမှတ် (၂၆) မှ ပြန်လည်ဖော်ပြထားခြင်း။

## ၁.၄။ ဗမာလူမျိုးတို့မှ တိုင်းရင်းသားဟုဆိုရာတွင် ဗမာမဟုတ်သော လူမျိုးများသာ ရည်ညွှန်းနေခြင်းနှင့် ဗမာမဟုတ်သော လူမျိုးများမှလည်း ဗမာလူမျိုးအား တိုင်းရင်းသား လူမျိုးတစ်မျိုးပင်ဖြစ်သည်ဟု မမြင်နိုင်ခြင်း

တိုင်းရင်းသားဝေါဟာရနှင့်ဆက်စပ်၍ မြန်မာ့လူမှုအသိုင်းအဝန်း၏ ကွဲလွဲနေသော အမြင်တစ်ချို့ကို တင်ပြခဲ့ပြီးဖြစ်ပါသည်။ ဆက်လက်၍ အဘယ့်ကြောင့် ဗမာလူမျိုးသည် တိုင်းရင်းသားလူမျိုးတစ်မျိုးမဟုတ်၊ တိုင်းရင်းသားဟုဆိုရာတွင် ဗမာလူမျိုးမပါ ဆိုသော အယူအဆများ ဗမာလူမျိုးများတွင်ဖြစ်စေ၊ ဗမာမဟုတ်သော အခြားလူမျိုးများတွင်ဖြစ်စေ အမြစ်တွယ် ရှင်သန်နေရသလဲဆိုတာနှင့် ပတ်သက်၍ ဆွေးနွေးလိုပါသည်။ ဗမာလူမျိုးများမှ တိုင်းရင်းသားဟု ပြောဆိုကြရာတွင် ဗမာမဟုတ်သော အခြားတိုင်းရင်းသားလူမျိုးများ ကိုသာ ရည်ညွှန်းနေသကဲ့သို့ပင် ဗမာမဟုတ်သော တိုင်းရင်းသားများလူမျိုးများမှ လည်း တိုင်းရင်းသားဟု ပြောဆိုရာတွင် ဗမာလူမျိုးအား ထည့်သွင်းရေတွက်ခြင်းမရှိပါ။ အဘယ်ကြောင့်နည်း။ ဗမာမဟုတ်သော လူမျိုးများမှ ဗမာလူမျိုးအား တိုင်းရင်းသားလူမျိုး တစ်မျိုးပင်ဖြစ်သည်ဟု မမြင်နိုင်ခြင်း၏ အဓိကအကြောင်းအရင်းတစ်ခုမှာ ဗမာဗဟိုပြု လမ်းစဉ်ဖြင့် တည်ထောင်ခဲ့သော မြန်မာနိုင်ငံအား ဗမာလူမျိုးလွှမ်းမိုးသော အစိုးရ အဆက်ဆက်မှ ဗဟိုချုပ်ကိုင်မှုစနစ်ဖြင့် နိုင်ငံအားအုပ်ချုပ်ခဲ့ကြခြင်းကြောင့် "ဗဟို၊ နိုင်ငံတော် နှင့် အစိုးရ" ဆိုသည်တို့ အား ဗမာလူမျိုးတို့နှင့်သာ ယှဉ်တွဲ၍ ရှုမြင်ခဲ့ကြခြင်း ကြောင့်ဖြစ်သည်။ ဗမာလူမျိုးသည် အုပ်ချုပ်သူလူတန်းစားဖြစ်ပြီး "ဗဟို၊ နိုင်ငံတော် နှင့် အစိုးရ" စသည်တို့မှာ ဗမာလူမျိုးတစ်မျိုးအားသာ ကိုယ်စားပြုခြင်းဖြစ်ကာ တိုင်းရင်းသား လူမျိုးများဆိုသည်မှာ ၄င်း "ဗဟို၊ နိုင်ငံတော် နှင့် အစိုးရ" စသည်တို့၏ အုပ်ချုပ်ချယ် လှယ်ခြင်း ခံရသော လူမျိုးများသာဖြစ်သည်ဟူသော ရှုမြင်ယူဆချက်များသည် ဗမာ မဟုတ်သော လူမျိုးများအတွက်မူ မြန်မာနိုင်ငံအစိုးရအဆက်ဆက်မှ ရေးခဲ့သောသမိုင်း၏ သင်ခန်းစာများသာ ဖြစ်ခဲ့ပါတော့သည်။

ဗမာလူမျိုးများကိုယ်၌မှ တိုင်းရင်းသားဟုဆိုရာတွင် ၄င်းတို့မိမိကိုယ့်ကိုအား ထည့်သွင်း ရေတွက်လေ့မရှိဘဲ ဗမာမဟုတ်သောလူမျိုးများအားသာ ရည်ညွှန်းလေ့ရှိသည်မှာလည်း ဗဟိုဦးစီးစနစ်ဖြင့် အုပ်ချုပ်ခဲ့သော အစိုးရအဆက်ဆက်နှင့် ၄င်းတို့၏ မြန်မာ့သမိုင်း ဆိုင်ရာတင်ပြမှု၊ မြန်မာ့အမျိုးသားရေးလက္ခဏာ ဖော်ဆောင်မှုတို့မှာ ဗမာလူမျိုးတို့နှင့် တစ်ထပ်တည်းကျကာ၊ ဗမာလူမျိုးတို့အတွက် ဂုဏ်ယူစရာအဖြစ် လက်ခံနိုင်ခဲ့ခြင်း

တို့ကြောင့်ပင်ဖြစ်၍ ၎င်း "ဗဟို၊ နိုင်ငံတော် နှင့် အစိုးရ" စသည်တို့တွင် အလိုအလျောက် ပျော်ဝင်လွယ်ခြင်းပင်ဖြစ်သည်။ နိုင်ငံရေးအယူအဆများတွင် အစိုးရနှင့် အချို့သော ဗမာလူမျိုးများ၏ ရပ်တည်ချက်များ ကွဲလွဲကောင်းကွဲလွဲနိုင်သော်လည်း၊ လူမျိုးရေး၊ ယဉ်ကျေးမှု၊ စာပေဘာသာစကားနှင့် ကိုးကွယ်ယုံကြည်ရာ ဘာသာတရားများတွင် "ဗဟို၊ နိုင်ငံတော် နှင့် အစိုးရ" စသည်တို့မှာ ဗမာလူမျိုးတို့နှင့် တစ်သားတည်းဖြစ်ခဲ့ပါသည်။ ထို့ကြောင့်ပင် မြန်မာနိုင်ငံ၏ သမိုင်းတွင် မှတ်တမ်းတင်ဖော်ပြခြင်းမခံရသော၊ မြန်မာနိုင်ငံ၏ အမျိုးသားရေးလက္ခဏာအား ကိုယ်ပိုင်အဖြစ်လက်ခံနိုင်ခြင်းမရှိသော နှင့် "ဗဟို၊ နိုင်ငံတော် နှင့် အစိုးရ" စသည့်ကဏ္ဍအသီးသီးတွင် တစ်သားတည်းမဖြစ်သော လူမျိုးများသာလျှင် တိုင်းရင်းသားများဖြစ်သည်ဟု ဗမာလူမျိုးများမှ အလိုအလျောက် ရှုမြင်သွားကြခြင်း ဖြစ်ပါသည်။



ပုံ (၂)။ ဇာတ်ဆရာမှ သူပုန်လုပ်ရန် တိုင်းရင်းသားဝတ်စုံတစ်ခုဝတ်ခဲ့ဟုဆိုသောကြောင့် ဗမာတိုင်းရင်းသားဝတ်စုံ ဝတ်ဆင်ခဲ့သော ဇာတ်အဖွဲ့ဝင်တစ်ဦး။ ကာတွန်း မောင်မောင်ဖောင်တိန် - တိုင်းရင်းသား ဝတ်စုံဆိုလို့။ (မိုးမခ) ဖေဖော်ဝါရီ ၁၉၊ ၂၀၁၅။

## ၁.၅။ လူနည်းစုတိုင်းရင်းသားလူမျိုးဆိုတာ ဘယ်သူတွေလဲ

မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေးအခင်းအကျင်းတွင် နိုင်ငံရေးဆိုင်ရာ အခွင့်ရေးပေးအပ်နေမှုများသည် တိုင်းရင်းသားလူမျိုးဖြစ်တည်မှုအပေါ်တွင် မူတည်၍ မတူကွဲပြားသည့် အခွင့်အရေးများ ပေးအပ်ထားသည်ကို မြင်တွေ့နေရပါသည်။ လက်ရှိကျင့်သုံးလျက်ရှိသော မြန်မာနိုင်ငံ၏ အမြင့်ဆုံးဥပဒေဖြစ်သည့် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေသည်လည်း တိုင်းရင်းသား လူမျိုးဖြစ်တည်မှုအပေါ်တွင် အခြေခံ၍ အုတ်မြစ်ချတည်ဆောက်ထားခြင်းဖြစ်သည်[10]။ လူနည်းစု၊ လူများစုဆိုင်ရာသတ်မှတ်ချက်များ နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ မည်သည့်ဥပဒေတွင်မှ တရားဝင်ပြဋ္ဌာန်းထားခြင်း မရှိသော်လည်း ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လူမျိုးစုဖြစ်တည်မှုအလိုက် ပေးအပ်ထားသော နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများအား ဆန်းစစ်ကြည့်ပါက လူနည်းစု၊ လူများစုဖြစ်တည်မှု အပေါ်တွင် အခြေခံထားခြင်းဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။ သို့သော် မြန်မာနိုင်ငံ၏ လူမျိုးစု အရေအတွက် သတ်မှတ်မှုများနှင့် အခွင့်အရေးပေးအပ်နေမှုများသည် တစ်သမတ်တည်းရှိနေခြင်း မဟုတ်သည့်အတွက် မည်သူကလူနည်းစုဖြစ်သည်၊ မည်သူက လူများစုဖြစ်သည် စသည့် ရှုပ်ထွေးမှုများလည်း ရှိနေပြန်ပါသည်။

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံတွင် ဖန်တီးပေးထားသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများ နှင့်တိုင်းရင်းသားရေးရာကိုယ်စားလှယ် ရွေးကောက်ပိုင်ခွင့်များမှာ နိုင်ငံတကာ၏လူနည်းစု၊ လူများစု ခွဲခြားသတ်မှတ်ခြင်း၏ စံနှုန်းတစ်ခုဖြစ်သော လူဦးရေ အရေအတွက်အပေါ်တွင် အခြေခံထားခြင်းဖြစ်သည်။ သို့ သော် ၎င်းတို့မှာ မြန်မာနိုင်ငံ၏ လူနည်းစုတိုင်းရင်းသား လူမျိုးများ ဖြစ်ကြပါသည်ဟု ပြော၍မရနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံတွင် လူဦးရေအများဆုံးဖြစ်သော ဗမာလူမျိုးတို့သည်လည်း ပြည်နယ်အတော်များများတွင် ဗမာ တိုင်းရင်းသားကိုယ်စားလှယ်များ ရွေးကောက်ပိုင်ခွင့် ရရှိနေခြင်းကြောင့်ပင်ဖြစ်သည်။ ၎င်းတိုင်းရင်းသားရေးရာ ကိုယ်စားလှယ်များ၏ လုပ်ပိုင်ခွင့်များနှင့် စပ်လျဉ်း၍ ၂၀၁၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော တိုင်းရင်းသားလူမျိုးများ အခွင့်အရေး ကာကွယ်စောင့်ရှောက်ခြင်း ဥပဒေတွင်လည်း လူနည်းစုဟူသော စကားရပ် မပါရှိပါ။ အထက်ပါအချက်များအား ခြုံငုံကြည့်ပါက မြန်မာနိုင်ငံ၏ လူနည်းစုတိုင်းရင်းသားဆိုသည်မှာ နိုင်ငံတစ်ခုလုံး၏ လူဦးရေ အပေါ်တွင် အခြေခံထားခြင်းမဟုတ်ပဲ ပြည်နယ်/တိုင်းအသီးသီးတို့၏ လူဦးရေ အပေါ်တွင်သာ အခြေခံ၍ သတ်မှတ်ထားခြင်းဖြစ်ပါသည်။

10 နေဝင်းနိုင် (၂၀၁၈)။ ပြည်ထောင်စုကို အမွေခွဲကြခြင်း။

မြန်မာနိုင်ငံတွင် ဗမာလူမျိုးမှအပ ကျန်ရှိသော တိုင်းရင်းသားလူမျိုးများ အားလုံးသည် လူနည်းစုများ ဖြစ်ကြသည်ဟု သုံးနှုန်းခြင်းများရှိသကဲ့သို့ ဗမာလူမျိုးအပါအဝင် လူမျိုးကြီး ရှစ်မျိုးဖြစ်သော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင် နှင့် ရှမ်းစသည့် လူမျိုးများမှအပ ကျန်တိုင်းရင်းသားလူမျိုးများသာ လူနည်းစုဖြစ်ကြသည်ဟု ပြောဆိုသုံးနှုန်းနေမှုများ ရှိပါသည်။ မြန်မာနိုင်ငံတွင် ဤကဲ့သို့သော လူနည်းစုဖြစ်ခြင်း၊ လူများစုဖြစ်ခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှု ဘာကြောင့်ဖြစ်နေရပါသနည်း။ အကြောင်းမှာ နိုင်ငံအရေး အခွင့်အရေး ခံစားစေမှုများအား လူမျိုးစုဖြစ်တည်မှု အပေါ်တွင် အခြေခံထားသော်လည်း လူမျိုးစု ခွဲခြားသတ်မှတ်ခြင်းဆိုင်ရာ စံနှုန်းများမှာ တစ်သမတ်မှတ်တည်း ဖြစ်မနေခြင်းစသည့် အချက်များ အပါအဝင် ပေးအပ်ထားသော အချို့သော အခွင့်အရေးများမှာလည်း လူမျိုးစု ဖြစ်တည်မှုနှင့် ကိုက်ညီခြင်း မရှိသည့်အတွက်ကြောင့်ပင် ဖြစ်ပေ၏။

## ၁.၆။ လူနည်းစုဖြစ်ခြင်း၊ မဖြစ်ခြင်းနှင့် ဒွိဟ

မြန်မာနိုင်ငံတွင် ဗမာလူမျိုးတစ်မျိုးတည်းသာ နိုင်ငံလူဦးရေ၏ ၆၈ ရာခိုင်နှုန်းခန့်ရှိပြီး ကျန်ရှိသော တိုင်းရင်းသားလူမျိုးများအားလုံး၏ လူဦးရေစုစုပေါင်းမှာ ၃၂ ရာခိုင်နှုန်းခန့်ရှိပါသည်[11]။ ထို့ကြောင့် လူဦးရေအရ ကြည့်မည်ဆိုပါက ဗမာလူမျိုးမှအပ ကျန်ရှိသော တိုင်းရင်းသားလူမျိုးများ အားလုံးသည် လူနည်းစုဖြစ်သည်ဟု ဆိုနိုင်ပါသည်။ တိုင်းရင်းသားလူနည်းစုအခွင့်ရေး နှင့်စပ်လျဉ်း၍ လှုပ်ရှားနေကြသော အဖွဲ့အစည်းများမှလည်းကောင်း၊ လူနည်းစုဖြစ်သည့် ၎င်းတိုင်းရင်းသား အဖွဲ့အစည်းများကိုယ်တိုင်မှလည်းကောင်း လူနည်းစုအခွင့်အရေး တောင်းဆိုလှုပ်ရှားကြရာတွင် ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် အခြားနိုင်ငံတကာအဖွဲ့အစည်းများမှ ပြဋ္ဌာန်းကာကွယ်ထားပေးသော လူနည်းစုအခွင့်အရေးဆိုင်ရာ ဥပဒေများအား တွင်တွင်ကျယ်ကျယ် ကိုးကားသုံးနှုန်းနေကြခြင်းများ ရှိပါသည်။ သို့သော် လူနည်းစု အခွင့်အရေးအတွက် ပြဋ္ဌာန်းကာကွယ်ပေးထားသော ဥပဒေများအား ကိုးကားသုံးနှုန်းနေကြသော်လည်း လူဦးရေအရ လူနည်းစုဖြစ်နေသော ၎င်းတိုင်းရင်းသားလူမျိုးအားလုံးသည် လူနည်းစုဟူသည့် အဆင့်အတန်း အင်္ဂါရပ်အား နှစ်သက်ကြသည်တော့ မဟုတ်ပေ။

အဘယ်ကြောင့်လူနည်းစုဖြစ်ခြင်း၊ မဖြစ်ခြင်းများတွင် အချို့သောလူနည်းစု တိုင်းရင်းသားလူမျိုးများမှ ဒွိဟဖြစ်နေရသနည်း။ အကြောင်းအရင်းမှာ လူနည်းစု (Ethnic Minority) ဟူသော အဆင့်အတန်းအင်္ဂါရပ်အား လက်ခံလိုက်ပါက တိုင်းရင်းသားလူမျိုးစု (Ethnic Nationality) ဟူသော အင်္ဂါရပ်အောက်တစ်ဆင့် လျော့ကျသွားမည်ကို စိုးရိမ်နေကြခြင်းပင်ဖြစ်သည်။ အကယ်၍ တိုင်းရင်းသားလူမျိုးစု (Ethnic Nationality) ဟူသော အင်္ဂါရပ်အောက်တစ်ဆင့်လျော့ကျသွားပါက ပင်လုံစာချုပ်နှင့်အတူ ဤပြည်ထောင်စုအား ဗမာလူမျိုးနှင့် လူမျိုးရေးအရ တန်းတူရည်တူဖြင့် ပခုံးချင်းယှဉ်ကာ တည်ထောင်ခဲ့ကြသည်ဟူသော သဘောတရား၏ အနှစ်သာရသည်လည်း မှေးမှိန်းအားပျော့သွားမည်ဟု ယုံကြည်ကြခြင်းပင် ဖြစ်သည်။ အကျိုးဆက်အနေဖြင့် လက်ရှိ ၂၁ ရာစု ပင်လုံညီလာခံတွင် အနာဂတ် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် နိုင်ငံရေးအရ ဆွေးနွေးရာတွင် အဆင့်အတန်းတူညီစွာဖြင့် ဆွေးနွေးနိုင်မည့် အခွင့်အလမ်းသည်လည်း အားလျော့သွားမည်ဟု တွက်ဆထားခြင်းကြောင့်ပင်ဖြစ်သည်။ ဤကဲ့သို့သော ဒွိဟများမှာ လူမျိုးရေး တန်းတူမှုမရှိခဲ့သော အစိုးရစနစ်အဆက်ဆက်နှင့် လူနည်းစုအခွင့်အရေးအတွက် အာမခံပေးနိုင်သော ပြည်တွင်းဥပဒေများ မရှိခဲ့ခြင်းကြောင့်ပင်ဖြစ်သည်။

11 PRB, 2014. Deciphering the Demography of Myanmar

## ၁.၇။ ဌာနေတိုင်းရင်းသားဆိုတာ ဘယ်သူတွေလဲ

ယေဘုယျအားဖြင့် ဌာနေတိုင်းရင်းသားဆိုသည်မှာ ပထဝီဒေသတစ်ခုတွင် နယ်ချဲ့ ကိုလိုနီစနစ် မရောက်ရှိခင် အချိန်ကာလများကတည်းက သမိုင်းအဆက်ဆက် ၎င်းဒေသတွင် အခြေချနေထိုင်ခဲ့ကြပြီး ကိုလိုနီခေတ်အလွန် နိုင်ငံတစ်ခုဖြစ်လာချိန်တွင် ၎င်းနိုင်ငံအတွင်းရှိ အခြားသော လူမှုအသိုက်အဝန်းများနှင့် ကွဲပြားခြားနားသော လူမျိုးများဖြစ်သည်ဟု မိမိတို့ကိုယ့်ကို ခံယူကြသောသူများဖြစ်သည်။ ထိုနိုင်ငံအတွင်းတွင်လည်း လူများစုလူမျိုး သို့မဟုတ် အင်အားကြီးလွှမ်းမိုးသော လူမျိုးတစ်မျိုး ဖြစ်မနေသော်လည်း ၎င်းတို့၏ လူမျိုးရေးလက္ခဏာ၊ ယဉ်ကျေးမှုအစဉ်အလာ၊ သမိုင်းကြောင်းနှင့် ၎င်းတို့၏ သီးခြားလူမျိုးဖြစ်တည်မှုအား ၎င်းတို့၏ ကိုယ်ပိုင်အုပ်ချုပ်ရေး သို့မဟုတ် ဥပဒေ အကြောင်းတရားများအတိုင်း ထိန်းသိမ်းမြှင့်တင်၍ အနာဂတ်မျိုးဆက်များသို့ လက်ဆင့်ကမ်းလိုသော လူမျိုးများဖြစ်သည်[12]။ အမှန်စင်စစ် ဌာနေတိုင်းရင်းသားဆိုသည့်ဝေါဟာရနှင့် သဘောတရားဆင်းသက်ရာမှာလည်း အင်္ဂလိပ်ခေတ်ကိုလိုနီစနစ်နှင့် တိုက်ရိုက်ဆက်စပ်မှု ရှိနေပါသည်။ ဤသို့ဆိုပါက မြန်မာနိုင်ငံတွင် မည်သည့်လူမျိုးများသည် ဌာနေတိုင်းရင်းသားများဖြစ်ကြသနည်း။

လူနည်းစုဖြစ်ခြင်း၊ မဖြစ်ခြင်းကဲ့သို့ပင် ဌာနေတိုင်းရင်းသားဖြစ်ခြင်း၊ မဖြစ်ခြင်းမှာလည်း လက်ရှိ မြန်မာ့နိုင်ငံရေးတွင် ခေတ်စားနေသော စကားရပ်ဖြစ်ပါသည်။ သို့သော် အထက်ပါ အနက်အဓိပ္ပါယ် ဖွင့်ဆိုချက်မှဖြစ်စေ၊ မြန်မာနိုင်ငံ၏ နိုင်ငံသားဖြစ်မှု၊ ဌာနေတိုင်းရင်းသားဖြစ်မှုတို့နှင့် ဆက်စပ်သော တည်ဆဲဥပဒေများအားဖြစ်စေ ကြည့်မည်ဆိုပါက မြန်မာနိုင်ငံရှိ ၁၃၅ မျိုးသော လူမျိုးများအားလုံးသည် မြန်မာနိုင်ငံ၏ ဌာနေတိုင်းရင်းသားများသာ ဖြစ်ကြသည်ဟု ဆိုနိုင်ပါသည်။ ဤသို့ဆိုပါက လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံ၏ ဌာနေတိုင်းရင်းသားဖြစ်မှု၊ မဖြစ်မှုအငြင်းပွားနေမှုမှာ အဘယ်ကြောင့်နည်း။ အကြောင်းမှာ မြန်မာနိုင်ငံ၏ ဌာနေတိုင်းရင်းသားနှင့်ဆက်စပ်သော သဘောတရားအပေါ် နားလည်မှုမှာ အခြားနိုင်ငံများနှင့်မတူပဲ ကွဲလွဲနေခြင်းကြောင့်ဖြစ်သည်။ အခြားနိုင်ငံများတွင် ဌာနေတိုင်းရင်းသား တစ်ခုသတ်မှတ်မှုမှာ ပထဝီဒေသအားဖြင့် နိုင်ငံတစ်ခုအား အခြေခံထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ အချို့သောတိုင်းရင်းသားလူမျိုးများမှ ဌာနေတိုင်းရင်းသား

12 United Nations, 1982

သတ်မှတ်မှုမှာ နိုင်ငံနယ်နိမိတ်အား အခြေခံထားခြင်းမဟုတ်ပဲ အရွယ်အစားအားဖြင့် သေးငယ်သောဒေသ (ဥပမာ ပြည်နယ်၊ မြို့နယ်၊ ကျေးရွာ) တစ်ခုအား အခြေခံထားခြင်း ကြောင့်သာဖြစ်သည်။

ဌာနေတိုင်းရင်းသားဖြစ်ခြင်း၊ မဖြစ်ခြင်း အငြင်းပွားနေမှု၏ နောက်ထပ်အကြောင်းအရာ တစ်ရပ်မှာ မြန်မာနိုင်ငံရှိ ဒေသအသီးသီးသည် ပြည်ထောင်စုနယ်နမိတ်အတွင်း ကျရောက်နေခဲ့သော်လည်း ပြည်ထောင်စု၏ အစိတ်အပိုင်းများဖြစ်သည်ဆိုသည့် ခံစားမှု များအား အစိုးရအဆက်ဆက်မှ ဖန်တီးပေးနိုင်ခဲ့ခြင်း မရှိမှုနှင့် မြန်မာနိုင်ငံရှိ တိုင်းရင်းသား လူမျိုးများအချင်းချင်းကြား နယ်ပယ်အရပ်ရပ်တွင် တန်းတူရည်တူရှိမှုအား ဖန်တီးပေးနိုင် ခဲ့ခြင်း မရှိခြင်းတို့ကြောင့်ဖြစ်သည်။ ထို့ကြောင့်ပင် တိုင်းရင်းသားလူမျိုးအသီးသီးမှ ခံယူလာကြသည်မှာ လူမျိုးရေးတန်းတူညီမျှမှု မရှိသော ဤပြည်ထောင်စုတွင် လူမျိုး အမည်နှင့် ဒေသတစ်ခုရှိပါမှ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုစသည်တို့တွင် လုံခြုံမှုရှိမည်ဟု ခံစားလာခြင်းကြောင့်ပင်ဖြစ်သည်။ အကျိုးဆက်အနေဖြင့်လည်း နိုင်ငံ တစ်ခုအတွင်းမှ ဌာနေတိုင်းရင်းသားအချင်းချင်းပင်ဖြစ်သော်လည်း နိုင်ငံ၏ တောင်ဖက်တွင် နေထိုင်သော လူမျိုးများမှာ နိုင်ငံ၏ မြောက်ဖက်ဒေသနှင့် မဆိုင်ဖြစ်နေရခြင်းဖြစ်သည်။ ဤကဲ့သို့အနေအထားများ ရောက်လာရခြင်းမှာလည်း လူမျိုးရေးတန်းတူညီမျှမှု မရှိခြင်း တစ်ခုတည်းသည် တရားခံမဟုတ်ဘဲ ၎င်းလူမျိုးရေးတန်းတူမရှိမှုအား ဖြေရှင်းရာတွင် အနစ်သာရပြည့်ဝသော နိုင်ငံရေးအခွင့်အရေးများပေးအပ်ခြင်းမရှိခဲ့ပဲ အပေါ်ယံသာ ဖြစ်သည့် လူမျိုးအမည်နှင့် ဒေသများ ဖန်တီးပေးခဲ့ကြခြင်းသည်လည်း နောက်ခံအကြောင်း တစ်ရား တစ်ခုပင်ဖြစ်သည်။

# အပိုင်း (၂)

## ဗမာလူမျိုးအခြေပြု အမျိုးသားရေးလက္ခဏာ တည်ဆောက်ခြင်း (Bamar-Centric Nation Building)၊ မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးယန္တရားများနှင့် မြန်မာ့လူမှုအသိုင်းအဝိုင်းတွင် အမြစ်တွယ် အသားကျနေပြီဖြစ်သော ဗမာလူမျိုးကြီးဝါဒ (ဗမာဖြစ်ခြင်း၊ မဖြစ်ခြင်း၏အကျိုး)

## အပိုင်း (၂) ဗမာလူမျိုးအခြေပြု အမျိုးသားရေးလက္ခဏာ တည်ဆောက်ခြင်း (Bamar-Centric Nation Building)၊ မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးယန္တရားများနှင့် မြန်မာ့လူမှုအသိုင်းအဝိုင်းတွင် အမြစ်တွယ် အသားကျနေပြီဖြစ်သော ဗမာလူမျိုးကြီးဝါဒ (ဗမာဖြစ်ခြင်း၊ မဖြစ်ခြင်း၏ အကျိုး)

“ဗမာစာ၊ ဗမာစကားနှင့် ဖတ်ဆိုသင်ကြားနေရသော
မြန်မာ့ပညာရေးစနစ်နှင့် အဆင့်ဆင့်သော မြန်မာ့သမိုင်းဖတ်စာတို့တွင်
ဗမာလူမျိုးတို့၏ ရာဇဝင်နှင့် သမိုင်းများကိုသာ ထင်ဟပ်စေသည့်
မြန်မာ့ပညာရေးစနစ်ပင်ဖြစ်သည်။”

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သမိုင်းအစ နှင့်စပ်လျဉ်း၍ တင်ပြပြောဆိုနေကြသော ရှုထောင့်အမျိုးမျိုးရှိပါသည်။ ကမ္ဘာ့မြေပုံပေါ်တွင် ယနေ့မြင်တွေ့နေရသော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ နိုင်ငံရေးအခင်းအကျင်း၊ သရုပ်သဏ္ဍာန်များနှင့် ပြည်ထောင်စု၏ ပထဝီဒေသ၊ နယ်နိမိတ်အကျယ်အဝန်း စသည်တို့မှာ ကိုလိုနီခေတ် မတိုင်ခင် ကာလများ ကတည်းကပင် ယခုလက်ရှိ အနေအထားအတိုင်းပင် တည်ရှိနေခဲ့ခြင်း ဖြစ်သည်ဟု ပြည်ထောင်စု၏ သမိုင်းအစအား တင်ပြဖော်ညွှန်းနေကြ သကဲ့သို့ပင် တစ်ဖက်တွင်လည်း ပြည်ထောင်စု၏ အစဆိုသည်မှာ အင်္ဂလိပ်ကိုလိုနီခေတ် လက်အောက်မှ လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလဖြစ်သော ၁၉၄၇ ခုနှစ် အရောက်တွင်မှသာ ပင်လုံစာချုပ်နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံ၏ သန္ဓေတည်စတင်၍ တည်ခဲ့ခြင်း ဖြစ်သည်ဟု တင်ပြပြောဆိုနေကြပါသည်။ သို့သော် ကိုလိုနီခေတ်ကြိုကာလများနှင့် ကိုလိုနီခေတ်ကာလများတွင် မြန်မာနိုင်ငံ၏ ပထဝီနယ်နိမိတ်အကျယ်အဝန်းမှာ ယခုလက်ရှိ အနေထားအတိုင်းပင် ဖြစ်ကောင်းဖြစ်ခဲ့မည်ဖြစ်၍ ၎င်းနယ်နိမိတ်အတွင်းတွင်လည်း လူမျိုးပေါင်းစုံ နေထိုင်ခဲ့ကြသည်ဆိုသည်မှာ ငြင်းပယ်၍ မရနိုင်သည့် အမှန်တရား တစ်ခုပင်ဖြစ်သည်။ သို့သော်လည်း ၎င်းခေတ်ကာလ မြန်မာနိုင်ငံဆိုသည်မှာ တိုင်းရင်းသား လူမျိုးများအားလုံး စုပေါင်းတည်ထောင်ထားသော ပြည်ထောင်စုအမျိုးသားများ

နိုင်ငံတော် တစ်ခု မဟုတ်ခဲ့ပါ။ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ အရောက်တွင်မှသာ ပြည်ထောင်စု မြန်မာနိုင်ငံ ဖြစ်ထွန်းပေါ်ပေါက်လာခြင်း ဖြစ်သည်။ ပုဂံခေတ်၊ တောင်ငူခေတ် နှင့် ကုန်းဘောင်ခေတ် မြန်မာနိုင်ငံများနှင့် မတူဘဲ ပြည်ထောင်စု တစ်ခုသဖွယ် ရုပ်ရော၊ နာမ်ရော၊ အချင်းရော၊ အဆင်းပါ ပြောင်းလဲခဲ့ခြင်း ဖြစ်သည်[13]။ အမှန်စင်စစ် ၁၉၄၇ ခုနှစ်အရောက်မှသာလျှင် ကိုယ်ပိုင်အချုပ်အခြာအာဏာ အသီးသီးရှိခဲ့သော ပြည်ထောင်များမှ ဆန္ဒအလျောက် စုစည်းနေထိုင်ခြင်း (Voluntary Association)၊ နိုင်ငံရေးတန်းတူမှု (Political Equality) နှင့် internal self-determination မူအရ သက်ဆိုင်ရာ ဒေသများအတွင်းတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိမှု (Self-government) စသည့် မူဝါဒများပေါ်တွင် အခြေခံကာ ပင်လုံစာချုပ်အားချုပ်ဆို၍ ၁၉၄၈ ခုနှစ် လွတ်လပ်ရေး နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်အား စတင်တည်ထောင်ခဲ့ခြင်း ဖြစ်ပါသည်[14]။

ပြည်ထောင်စုဟူ၍စတင်တည်ထောင်ခဲ့သော်လည်း မြန်မာနိုင်ငံသည် မည်သည့်အခါတွင်မှ ပြည်ထောင်စု နိုင်ငံတစ်ခုဖြစ်မလာခဲ့ပါ။ ပြည်ထောင်စုအမည်ခံထားသော်လည်း တစ်ပြည်ထောင်ဆန်ဆန် စနစ်သာ ဖြစ်လာခဲ့ပြီး ဗမာလူမျိုးတစ်မျိုးတည်းကသာ လွှမ်းမိုးသော အစိုးရအဆက်ဆက်မှ လူမျိုးပေါင်းစုံ စုပေါင်းနေထိုင်သော ပြည်ထောင်စု မြန်မာနိုင်ငံအား အုပ်စိုးခဲ့ကြခြင်းဖြစ်သည်[15]။ ဗဟိုအစိုးရမှ ပြည်ထောင်စုသည်လူမျိုး အမျိုးအစားများစွာဖြင့် ဖွဲ့စည်းထားသော်လည်း စည်းလုံးညီညွတ်မှုရှိသည်ဟု မည်မျှပင် ပုံဖော်ခဲ့စေကာမူ လက်တွေ့တွင် ဗမာမဟုတ်သော လူမျိုးများစိတ်တွင် မြန်မာနိုင်ငံသည် ပြည်ထောင်စုတစ်ခုဖြစ်၍ စည်းလုံးညီညွတ်မှုရှိကြသည် ဆိုသည့် အယူအဆမှာ မည်သည့်အခါမှာမှ ပေါက်ဖွားလာခြင်းမရှိခဲ့ပါ။ အဘယ်ကြောင့်ဆိုသော် ဝန်ကြီးချုပ်ဦးနုခေါင်းဆောင်သော ပါလီမန်ဒီမိုကရေစီအစိုးရမှစကာ အစိုးရ

---

13 ဇော်ဂျီ၏ စာရှုခင်း (၄)။ စာတမ်းငယ်များနှင့် စာပေလေ့လာချက်များစာအုပ်ပါ။ ဆရာဇော်ဂျီ၏ ပြည်ထောင်စု နှင့် ကျွန်တော်အမည်ရှိ ဆောင်းပါးတွင်ပါရှိသော "ကျွန်တော်တို့နိုင်ငံသည် လွတ်လပ်ရေးကို ရသည်နှင့် တစ်ပြိုင်နက်ပြည်ထောင်စုမြန်မာနိုင်ငံဖြစ်လာသည်။ ပြည်ထောင်စုဟုဆိုသဖြင့် ကျွန်တော်တို့ နိုင်ငံသည် ပုဂံခေတ်ကတိုင်းပြည်မျိုးမဟုတ်တော့ပြီ။ တောင်ငူခေတ်က တိုင်းပြည်မျိုးမဟုတ်တော့ပြီ။ ကုန်းဘောင်ခေတ်၊ အင်္ဂလိပ်ခေတ်က တိုင်းပြည်မျိုးလည်းမဟုတ်တော့ပြီ။ ရုပ်ရော၊ နာမ်ရော အကုန်ပြောင်းပြီ။ ပြည်ထောင်စုနယ်နိမိတ်အတွင်းရှိဒေသသည် မြန်မာတစ်မျိုးတည်း၏ အကျိုးအတွက်လည်းမဟုတ်၊ ရှမ်းတစ်မျိုးတည်း၏ အကျိုးအတွက်လည်းမဟုတ်၊ ကရင်တစ်မျိုးတည်း၏ အကျိုးအတွက်လည်းမဟုတ်၊ ကချင်တစ်မျိုးတည်း၏ အကျိုးအတွက်လည်းမဟုတ်၊ ချင်းတစ်မျိုးတည်း၏ အကျိုးအတွက်လည်းမဟုတ်၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း၊ ကရင်၊ ကချင်၊ ချင်း အစရှိသော တိုင်းရင်းသားအားလုံး၏ အကျိုးအတွက်သာ ဖြစ်သည်။ တိုင်းရင်းသားအားလုံးစုပေါင်း ပိုင်ဆိုင်ဖို့ လိုပေသေးသည်။ သူတို့ နှင့် တစ်စိတ်တစ်ဝမ်းတည်း ဖြစ်ဖို့ လိုပေသေးသည်။" စာပိုဒ်အား ကိုးကားရေးသားထားခြင်းဖြစ်ပါသည်။

14 Lian H. Sakhong (2012). The Dynamics of Sixty Years of Ethnic Armed Conflict in Myanmar.

15 Ibid.p. 1



ပုံ(၃)။ ပင်လုံစာချုပ်ကိုပင် ဖျက်ဆီးနေခြင်း။ Source: http://shanculture.blogspot.com/2013/02/66th-anniversary-of-shan-state-national.html

အဆက်ဆက်သည် ပြည်ထောင်စုအား ကြိုးပမ်းထိန်းသိမ်းတည်ဆောက်ခဲ့ ကြသည်ဟု ဆိုသော်လည်း ပြည်ထောင်စုအားတည်ဆောက် (State Building) ခဲ့ကြခြင်း မဟုတ်ပဲ လူများစုဖြစ်သော ဗမာလူမျိုးနှင့် ဗုဒ္ဓဘာသာအား အခြေခံသော အမျိုးသားရေးလက္ခဏာ တည်ဆောက်ခြင်း (Nation Building) ဘက်သို့သာ ယိမ်းယိုင်ခဲ့ခြင်းကြောင့် ဖြစ်သည်။

အကျိုးဆက်များအနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ ဗမာမဟုတ်သော လူမျိုးများသည် မြန်မာနိုင်ငံအား ပိုင်ဆိုင်၍ (Belong to Myanmar) အဖွဲ့ဝင်များဖြစ်ကြ သည်ဆိုသည့် ခံစားမှု ပေါက်ဖွားရှင်သန်စေခြင်း မရှိနိုင်ခဲ့ဘဲ မြန်မာနိုင်ငံ၏ အမျိုးသား လက္ခဏာအားလည်း ၎င်းတို့၏ကိုယ်ပိုင်အမျိုးသား လက္ခဏာတစ်ရပ်သဖွယ် လက်မခံနိုင်ခဲ့ ကြခြင်းဖြစ်သည်။ ဆက်လက်၍လည်း ဗမာလူမျိုးကြီးဝါဒသည် မြန်မာနိုင်ငံ အစိုးရ အဆက်ဆက်၏ အုပ်ချုပ်ရေးစနစ်များတွင် institutionalized ဖြစ်လာကာ ဗမာဖြစ်ခြင်း (ဗမာပီသခြင်း) (Burman-ness) သည်လည်း မြန်မာ့လူမှုအသိုက်အဝန်းတွင် အလို အလျောက်ပင် အခွင့်ထူးခံ လူတန်းစားတစ်ရပ်သဖွယ်ဖြစ်လာပါသည်။ ဤအကြောင်းအရာ များကပင် မြန်မာနိုင်ငံ လူမျိုးရေးအကွဲအပြဲအား သက်ဆိုးရှည်စေကာ လူမျိုးစု အခြေပြု အမျိုးသားရေးအမြင်နှင့် လှုပ်ရှားမှုများအား အားကောင်းလာစေရန် တွန်းအားပေး နေပါတော့သည်။

## ၂.၁။ နိုင်ငံတော်တည်ဆောက်ခြင်း (State Builidng) နှင့် အမျိုးသားရေးလက္ခဏာ တည်ဆောက်ခြင်း (Nation Building)

နိုင်ငံတော်တည်ဆောက်ခြင်း (State Building) နှင့် အမျိုးသားရေးလက္ခဏာ ဖော်ဆောင်ခြင်း (Nation Building) စသည့် ဝေါဟာရတို့၏ အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် စပ်လျဉ်း၍ မရေရာမှုများနှင့် ရှုပ်ထွေးမှုများ များစွာရှိနေပါသည်။ အချို့သောပညာရှင်များမှ နိုင်ငံတော် တည်ဆောက်ခြင်းနှင့် အမျိုးသားရေးလက္ခဏာ တည်ဆောက်ခြင်းတို့အား အဓိပ္ပါယ်ခြင်းတူကာ ဖြစ်စဉ်တစ်ခုတည်းအဖြစ် ရှုမြင်သုံးနှုန်းနေကြသကဲ့သို့ တစ်ချိန်တည်း မှာပင် အချို့သောပညာရှင်များမှ ၎င်းဝေါဟာရနှစ်ခုအား လုံးလုံးလျားလျား ကွဲပြားခြားနားသော ဖြစ်စဉ်များဖြစ်သည်ဟု ရှုမြင်သုံးနှုန်းနေကြသည်လည်း ရှိပါသည်16။ ယေဘုယျအားဖြင့် နိုင်ငံတော်တည်ဆောက်ခြင်း (State Building) ဆိုသည်မှာ နိုင်ငံတစ်ခု၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် အများပြည်သူနှင့်ဆိုင်သော အုပ်ချုပ်ရေးဆိုင်ရာ အဆောက်အအုံ (Public Institutions) များ နှင့် အင်္ဂါအစိတ်အပိုင်း (Apparatus) များအား တည်ဆောက်ခြင်းတို့ပင်ဖြစ်သည်။ ဥပမာ နိုင်ငံတစ်ခု၏ ထိန်းချုပ်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ စနစ်ဖြစ်သော ဗျူရိုကရေစီ (Bureaucracy) အား တည်ဆောက်ခြင်း ပင်ဖြစ်သည်။ အမျိုးသားလက္ခဏာ တည်ဆောက်ခြင်းဆိုသည်မှာ ယေဘုယျအားဖြင့် နိုင်ငံတစ်ခု၏ ဆိုင်ရာနယ်နိမိတ်အတွင်းရှိ နိုင်ငံသားအားလုံး (သို့) လူမျိုးများအားလုံးနှင့် ဆက်စပ်သော ဘုံယဉ်ကျေးမှုဆိုင်ရာ လက္ခဏာ (Cultural Identity) အား တည်ဆောက်ခြင်းပင်ဖြစ်သည်[17]။

အကျဉ်းဆိုရသော် နိုင်ငံတော်တည်ဆောက်ခြင်း (State Building) ဆိုသည်မှာ နိုင်ငံရေးဆိုင်ရာ ထုတ်ကုန်ပစ္စည်းများ (Political Goods) ဖြစ်သည့် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ စီးပွားရေးဆိုင်ရာအခွင့်အလမ်း၊ လူမှုဖူလုံရေးအစီအမံများနှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အဆောက်အအုံများအား ၎င်းနိုင်ငံအတွင်းရှိ နိုင်ငံသားတိုင်း (တစ်ဦးချင်းစီ)နှင့် လူမျိုးအသီးသီးအား ခွဲခြားမှုမရှိပဲ တန်းတူညီမျှစွာ အာမခံ အထောက်

16 Hippler 2004, Goldsmith 2007 in Zoe Scott (2007). Literature Review on State Building. University of Birmingham. International Development Department.
17 Zoe Scott (2007). Literature Review on State Building. University of Birmingham. International Development Department.

အပံ့ပေးနိုင်မည့် အများပြည်သူဆိုင်ရာ အုပ်ချုပ်ရေး အဆောက်အအုံများ (Public Institutions) အား တည်ဆောက်ခြင်းဖြစ်သည်[18]။ ထို့အပြင် နိုင်ငံအတွင်းရှိ နိုင်ငံသား အယောက်စီတိုင်းနှင့် လူမျိုးများအားလုံး နိုင်ငံရေးဆိုင်ရာ ဖြစ်စဉ်များတွင် တန်းတူရည်တူ အခွင့်အရေးရှိစွာ ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံရေးဆိုင်ရာ အစီအမံများ ဖန်တီးပေးခြင်းသည်လည်း နိုင်ငံတော်တည်ဆောက်ခြင်း၏ အစိတ်အပိုင်းတစ်ခုပင် ဖြစ်သည်။ နိုင်ငံတော်တည်ဆောက်ခြင်းအတွက် အရေးတကြီးလိုအပ်သော အကြောင်း အရာ တစ်ခုမှာ ပြည်သူလူထုတစ်ရပ်လုံးမှ ဆင်းသက်လာသော အချုပ်အခြာအာဏာနှင့် စုပေါင်းအာဏာတို့အား အကြမ်းမဖက် အကျပ်မကိုင်ပဲ တရားဝင်ကျင့်သုံးမည့် နိုင်ငံတော် တစ်ရပ်အား တည်ဆောက်ခြင်းပင်ဖြစ်သည်။ ဤကဲ့သို့သော အချုပ်အခြာအာဏာ နှင့် စုပေါင်းအာဏာတို့အား ကျင့်သုံးမည့် တရားဝင်သော (legitimate) နိုင်ငံတော်တစ်ခု ဖြစ်ရန်မှာလည်း ၎င်းအာဏာ ဆင်းသက်ရာ အရင်းအမြစ်နှင့် ၎င်းတို့အား အုပ်ချုပ် နေသော တရားဥပဒေများမှာ လူထုအများစုမှ တရားဝင် (legitimate) ဖြစ်သည်ဟု အသိအမှတ်ပြုလက်ခံရန် လိုအပ်ပါသည်[19]။

နိုင်ငံတော်တစ်ခု၏ အားကောင်းခြင်း၊ အားလျော့ချိနဲ့ခြင်း နှင့် ကျရှုံးခြင်းများသည် ၎င်းနိုင်ငံတော်မှ နိုင်ငံရေးထုတ်ကုန်များ(Political Goods) ဖြစ်သော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ စီးပွားရေးဆိုင်ရာအခွင့်အလမ်းများ၊ လမ်းပန်းဆက်သွယ်ရေး အဆောက်အအုံများ၊ လူမှုဖူလုံရေးအစီအမံများ နှင့် နိုင်ငံရေးဖြစ်စဉ်များတွင် တန်းတူရည်တူ ပါဝင်နိုင်မှု အခွင့်အလမ်းများအား ၎င်းနိုင်ငံတော်မှ မည်မျှ အထောက်အပံ့ ပေးနိုင်သနည်း ဆိုသည့်အခြေအနေပေါ် တွင် များစွာမူတည်နေပါသည်။ ထို့အပြင် နိုင်ငံတော်တစ်ခု၏ အားလျော့ချိနဲ့ခြင်းမှသည် ကျရှုံးခြင်းသို့ ဦးတည်စေသည့် အကြောင်းအရာ များစွာလည်း ရှိပါသည်။ ၎င်းတို့မှာ မတူညီသော လူမှုအသိုင်းအဝန်းများအကြား ညီညွတ်မှုမရှိခြင်း၊ နယ်စပ်ဒေသများနှင့် နိုင်ငံတော်၏ နယ်နိမိတ်တစ်ခုလုံးအား ထိန်းချုပ်နိုင်မှု မရှိခြင်း၊ ရာဇဝတ်မှုများ တိုးပွားလာခြင်း၊ အများပြည်သူဆိုင်ရာ နှင့် အုပ်ချုပ်ရေးအဆောက်အအုံများ (Public Institutions) မှ အကျင့်ပျက်ခြစားခြင်းများတို့ပင်ဖြစ်သည်။

18 E.K. Jenne in Armin von Bogdandy. Et al. (2005). State-Building, Nation-Building, and Constitutional Politics in Post-Conflict Situations: Conceptual Clarifications and an Appraisal of Different Approaches

19 Ibid. p. 584.

နိုင်ငံတစ်ခု၏ အင်းအားချိနဲ့ခြင်းဆိုသည်မှာလည်း ကဏ္ဍအစုံတွင် စွမ်းဆောင်ရည် နိမ့်ကျ နေခြင်းကို ဆိုလိုခြင်းမဟုတ်ပါ။ အချို့နိုင်ငံများတွင် အစိုးရအဆောက်အုံများ (Government Institutions) နှင့် နိုင်ငံ၏နယ်နိမိတ်အား ထိန်းချုပ်ရာတွင် အားကောင်းပြီး နိုင်ငံရေးဆိုင်ရာ ထုတ်ကုန်များအဓိကအားဖြင့် လူထု၏အခြေခံလိုအပ်ချက်များအား နိုင်ငံသားများထံသို့ အထောက်အပံ့ပေးရာတွင် အလွန်ပင် အင်အားလျော့နည်းနေသည့် သာဓက များစွာရှိနေပါသည်။ ဥပမာအနေဖြင့်ဆိုရပါက မြောက်ကိုရီးယား (North Korea)၊ ဘီလာရုစ် (Belarus)၊ စစ်ပြီးခေတ် အီရတ် (Pre-war Iraq)၊ ပိုလ်ပေါ့ (Pol Pot) လက်ထက်က ကမ္ဘောဒီးယားနိုင်ငံတို့ဖြစ်သည်[20]။ ကိုလိုနီခေတ်လွန် မြန်မာနိုင်ငံ အစိုးရ အဆက်ဆက်အား လေ့လာကြည့်ပါကလည်း အခြေအနေအများစုမှာ အထက်တွင် ဖော်ပြခဲ့သော နိုင်ငံကျရှုံးရခြင်းသို့ဦးတည်စေသည့် နိုင်ငံတော်၏အားပျော့သောလက္ခဏာ အတော်များများကို တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်၏ အချုပ်အခြာအာဏာ နှင့် နယ်နိမိတ်အား ခေတ်အဆက်ဆက် ထိန်းချုပ်နိုင်ခဲ့ကြသော်လည်း ခေတ်အဆက်ဆက်တွင် နိုင်ငံရေးဆိုင်ရာ ထုတ်ကုန်များအား ပြည်သူလူထုထံသို့ အရည်အသွေးပြည့်မှီစွာ ဖြည့်ဆည်းပေးရန် ပျက်ကွက်ခဲ့ကြသည်သာဖြစ်သည်။ နိုင်ငံရေးဆိုင်ရာဖြစ်စဉ်များတွင်လည်း နိုင်ငံသားတိုင်းနှင့် လူမျိုးတိုင်း ပါဝင်နိုင်သော အစီအမံများဖန်တီးပေးရန် ပျက်ကွက်ခဲ့ပြီး မပါဝင်နိုင်ရန် စနစ်တကျပင် ပိတ်ပင်ခဲ့ခြင်းများ ရှိခဲ့ပါသည်။

အမျိုးသားရေးလက္ခဏာ တည်ဆောက်ခြင်း (Nation Building) ဆိုသည်မှာ နိုင်ငံတစ်ခု အတွင်းရှိ နိုင်ငံသားများနှင့် လူမျိုးများအားလုံး လက်ခံနိုင်သော ဘုံယဉ်ကျေးမှု လက္ခဏာ တစ်ရပ်အား တည်ဆောက်ခြင်းဖြစ်သည်ဟု အထက်တွင်ဖော်ပြခဲ့ပြီးဖြစ်သည်။ ယဉ်ကျေးမှု ဟုဆိုရာတွင် နိုင်ငံရေးယဉ်ကျေးမှုပင်ဖြစ်ပြီး နိုင်ငံတစ်ခု၏ နယ်နိမိတ်အတွင်းရှိ နိုင်ငံသား များနှင့် လူမျိုးများအားလုံးအား ခြုံငုံမိစေကာ အားလုံးလက်ခံနိုင်သော နိုင်ငံရေး အသိုက်အမြုံတစ်ခု(Political Community) အား တည်ဆောက်ခြင်းပင် ဖြစ်သည်[21]။ တစ်နည်းအားဖြင့်ဆိုရပါက နိုင်ငံနယ်မိတ်အတွင်းရှိ နိုင်ငံသားများနှင့် လူမျိုးများအားလုံး ထံမှ ဆင်းသက်လာသော လူထုအာဏာအား တရားဝင်ဖြစ်စေရန်အတွက် စုပေါင်းဘုံ လက္ခဏာအား တည်ဆောက်ခြင်းလမ်းစဉ်ပင် ဖြစ်သည်။

20 E.K. Jenne in Armin von Bogdandy. Et al. (2005). State-Building, Nation-Building, and Constitutional Politics in Post-Conflict Situations: Conceptual Clarifications and an Appraisal of Different Approaches

21 Dinnern, S. (2007). The Twin Process of Nation Building and State Building.

ကိုလိုနီခေတ်လွန် ၂၁ရာစုခေတ်များတွင် အောင်မြင်သော အမျိုးသားရေးလက္ခဏာ တည်ဆောက်ရန်မှာ ခေတ်သစ်လူမှုရေးစနစ် (Social Modernity) ဆိုသော အယူအဆ အပေါ်အခြေခံရန်မှာလည်း အလွန်ပင် အရေးကြီးသည်။ ဆိုလိုသည်မှာ ခေတ်သစ် လူမှုရေးစနစ်ဆိုသည်မှာ ခေတ်ဟောင်း လူမှုရေးစနစ် (Pre-modern Social System) နှင့်မတူဘဲ လူမှုအလွှာကွဲပြားနေမှုများနှင့် ပြောင်းလဲမှုများအား လက်ခံအားပေးပြီး နိုင်ငံတော်အားလည်း ကြားနေ၍ ပုဂ္ဂိုလ်ရေးဝါဒစွဲမရှိသော အစိုးရတစ်ခုအနေဖြင့် တည်ဆောက်ခြင်းပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ခေတ်ဟောင်း အမျိုးသား နိုင်ငံများတွင် နိုင်ငံနယ်နိမိတ်တစ်ခုနှင့် နေထိုင်သော လူမျိုးသည်လည်း တစ်မျိုးတည်း ဖြစ်၍ တစ်ထပ်တည်းကျနေ လေ့ရှိသော်လည်း ခေတ်သစ်အမျိုးသား နိုင်ငံတော်ဆိုသည် များတွင် တစ်ခုထက်မကသော အမျိုးသားများဖြင့် ဖွဲ့စည်းတည်ထောင်ထားခြင်း ဖြစ် သည့် အတွက်ကြောင့်ပင်ဖြစ်သည်။

အမျိုးသားလက္ခဏာဖော်ဆောင်အကောင်အထည်ဖော်ရေးကဲ့သို့ပင် ကျရှုံးခြင်းများလည်း သမိုင်းတွင်ဖြစ်ခဲ့ပေါ်ခဲ့သော သာဓကများစွာ ရှိပါသည်။ အမျိုးသားရေးလက္ခဏာ ဖော်ဆောင်ရေး ကျရှုံးခြင်းဆိုသည်မှာ လူမှုအလွှာအားလုံး နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး နှင့် လူမှုဖူလုံရေး စသည့်နယ်ပယ်များတွင် တန်းတူရည်တူ ပါဝင်နိုင်ရန် လိုအပ်သော နိုင်ငံရေးအစီအမံများ ပျောက်ဆုံးသွားခြင်း၊ ၎င်းလူမှုအလွှာများအချို့မှ ဘုံသဘော ဆောင်သည်ဟု ယူဆရသော အမျိုးသားရေးလက္ခဏာအား လက်ခံနိုင်ခြင်းမရှိသည့် အနေအထားတွင် အမျိုးသားလက္ခဏာဖော်ဆောင်ရေး လမ်းစဉ်သည်လည်း ကျရှုံး သွားမြဲဖြစ်သည်။ လူမျိုးများစွာဖြင့် ဖွဲ့စည်းတည်ထောင်ထားသည့် နိုင်ငံများတွင် အမျိုးသားရေးစိတ် လက္ခဏာတည်ဆောက်ခြင်း၊ လမ်းစဉ်ကျရှုံးခြင်းသည် နိုင်ငံတော် ကျရှုံးခြင်း၏ အဆိုးရွားဆုံးသော အခြေအနေနှင့် ပုံစံလည်းဖြစ်ပါသည်။ အဘယ်ကြောင့် ဆိုသော် နိုင်ငံတော်မှ အမျိုးသားလက္ခဏာဆိုင်ရာ တင်ပြမှုများသည် လူမှုအလွှာစုံမှ လက်ခံနိုင်ခြင်းမရှိတော့ကာ နိုင်ငံ၏အမျိုးသားယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ အမှတ် သရုပ်လက္ခဏာနှင့် သမိုင်းဆိုင်ရာ အတွေ့အကြုံများအပေါ်တွင်လည်း ဘုံသဘော တူညီမှု မရှိတော့ခြင်းကြောင့်ပင်ဖြစ်သည်။ မြန်မာနိုင်ငံ၏ အမျိုးသားရေး လက္ခဏာ ဖော်ဆောင်ရေးလုပ်ငန်းစဉ်သည် ကိုလိုနီခေတ်လွန်ကာလ မည်သည့်အစိုးရ လက်ထက် တွင်မှ အောင်မြင်ခြင်းမရှိခဲ့ပါ။ မြန်မာနိုင်ငံရှိ လူမျိုးအသီးသီး၏ အမျိုးသားရေး စိတ်ဓာတ်နှင့် လက္ခဏာများဆိုသည်မှာလည်း ဒေသအဆင့်နှင့် လူမျိုးအဆင့်တွင်သာ ရှိခဲ့ကာ မည်သည့်အခါတွင်မှ နိုင်ငံတော်၏ အမျိုးသားရေးလက္ခဏာဆိုသည်အား လက်ခံ နိုင်ခဲ့ခြင်း မရှိခဲ့ပါ။ အဘယ်ကြောင့်နည်းဟု စဉ်းစားစရာ မေးခွန်းထုတ်စရာပင်ဖြစ်သည်။

## ၂.၂။ ဗမာလူမျိုးအခြေပြု ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ အမျိုးသားရေးလက္ခဏာ တည်ဆောက်ခြင်း (Bamar-Centric Nation Building)

အထက်တွင်ဖော်ပြခဲ့ သည့်အတိုင်း အမျိုးသားရေးလက္ခဏာတည်ဆောက်ခြင်းဆိုသည်မှာ နိုင်ငံတစ်ခုအတွင်းရှိ နိုင်ငံသားအားလုံးနှင့် လူမျိုးများအားလုံး ဘုံအဖြစ်လက်ခံနိုင်သော နိုင်ငံရေးယဉ်ကျေးမှုနှင့် နိုင်ငံရေးအသိုက်အမြုံတစ်ခုအား တည်ဆောက်ခြင်းပင်ဖြစ်သည်။ နိုင်ငံတော်မှ ကျင့်သုံးမည့် လူထုတစ်ရပ်လုံးထံမှ ဆင်းသက်လာသော အာဏာအား တရားဝင်ဖြစ်စေရန်လည်း စုပေါင်းဘုံလက္ခဏာအား တည်ဆောက်ခြင်းဖြစ်သည်ဟု ဖော်ပြခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း အမျိုးသားရေးလက္ခဏာအား အကောင်အထည်ဖော်ဆောင်ရွက်နေသည်မှာ ခေတ်လေးခေတ်ရှိခဲ့ပြီဟု ဆိုနိုင်ပါသည် (၁၉၄၇-၁၉၆၂ ပါလီမန်ဒီမိုကရေစီအစိုးရခေတ်၊ ၁၉၆၂-၁၉၈၈ ဆိုရှယ်လစ်အစိုးရခေတ်၊ ၁၉၈၉-၂၀၁၀ စစ်အစိုးရခေတ်၊ ၂၀၁၁-လက်ရှိ ဒီမိုကရေစီတစ်ပိုင်းအစိုးရခေတ်)။ သို့သော် နိုင်ငံအတွင်းရှိ နိုင်ငံသားအားလုံးနှင့် လူမျိုးများအားလုံး လက်ခံနိုင်သည့် အမျိုးသားရေးလက္ခဏာတစ်ရပ် ပေါ်ပေါက်လာနိုင်ခဲ့ခြင်း မရှိသေးပါ။ အဘယ်ကြောင့်နည်း။

မြန်မာနိုင်ငံအစိုးရအဆက်ဆက်မှ မြန်မာနိုင်ငံ၏အမျိုးသားရေးစိတ်ဓာတ်နှင့်အမျိုးသားရေးလက္ခဏာ ဖော်ဆောင်ရာတွင် ကျင့်သုံးခဲ့သော လမ်းစဉ်နှစ်ရပ် ရှိပါသည်။ ပထမလမ်းစဉ်တစ်ခုမှာ ခေတ်ဟောင်းကာလ အမျိုးသားနိုင်ငံများကဲ့သို့ပင် လူမျိုးတစ်မျိုး၏ သမိုင်းဆိုင်ရာ အတွေ့အကြုံ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်း၊ အမှတ်သရုပ်လက္ခဏာများနှင့် စာပေ ဘာသာစကားတို့အား အခြေပြုကာ နိုင်ငံတစ်ခုလုံး၏ အမျိုးသားရေးလက္ခဏာအဖြစ် သွတ်သွင်းခြင်းဖြစ်သည်။ ဒုတိယလမ်းစဉ်သည် ၂၁ ရာစု နောက်ပိုင်း နိုင်ငံအတော်များများတွင် တွေ့ရသော ဥပမာများကဲ့သို့ ပြင်ပနိုင်ငံနှင့် အဖွဲ့အစည်းများ၏ စွက်ဖက်မှုများနှင့် ပယောဂများအား ဘုံရန်သူအဖြစ် သဘောထားကာ မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံသားများနှင့် လူမျိုးများအား အမျိုးသားရေး စိတ်ဓာတ် နိုးကြွစေရန် လှုံ့ဆော်ပေးနေမှုများ မှတစ်ဆင့် အမျိုးသားရေးလက္ခဏာတစ်ရပ်အား ဖော်ဆောင်ခြင်း ဖြစ်သည်။

ဝန်ကြီးချုပ်ဦးနု၏ပါလီမန်ဒီမိုကရေစီအစိုးရလက်ထက် (၁၉၄၈-၁၉၆၂)တွင် ဗုဒ္ဓဘာသာအား နိုင်ငံတော်ဘာသာသာသနာအဖြစ် ပြဋ္ဌာန်းလိုက်ခြင်းမှတစ်ဆင့်[22] ယဉ်ကျေးမှုနှင့် ဘာသာတရားဆိုင်ရာ သွတ်သွင်းခြင်း (Religious and Cultural Assimilation) အား

22 ၁၉၆၁ ခုနှစ်၊ ဖွဲ့စည်းပုံအုပ်ချုပ်ပုံအခြေခံဥပဒေ (တတိယပြင်ဆင်ချက်) အက်ဥပဒေ။ (၁၉၆၁ ခုနှစ်၊ အက်ဥပဒေ အမှတ် ၁၇)

အမျိုးသားရေးလက္ခဏာ တည်ဆောက်ခြင်း လမ်းစဉ်အဖြစ် အသုံးချခဲ့ပြီး ဗိုလ်ချုပ်ကြီး နေဝင်း၏ တော်လှန်ရေးကောင်စီအစိုးရ နှင့် ဆိုရှယ်လစ်အစိုးရလက်ထက် (၁၉၆၂-၁၉၈၈) တွင် ဗမာစာပေ နှင့် ဘာသာစကားသည် နိုင်ငံတော်၏ တစ်ခုတည်းသော တရားဝင် ဘာသာစကားဖြစ်လာခဲ့ပါသည်[23]။ ဝန်ကြီးချုပ်ဦးနု၏ နိုင်ငံတော်ဘာသာတရား မူဝါဒ နှင့် ဗိုလ်ချုပ်ကြီးနေဝင်း၏ နိုင်ငံတော်စာပေ၊ ဘာသာစကား မူဝါဒများအား ထပ်လောင်း၍ ဖြည့်စွက်အားပေးခဲ့သည့် အကြောင်းအရာ နောက်ထပ်တစ်ခုမှာ စစ်အစိုးရ (၁၉၈၉-၂၀၁၀) ၏ လူမျိုးအား အသုံးချကာ နိုင်ငံတော်စည်းလုံးညီညွတ်မှု ရှိရေးနှင့် အမျိုးသားလက္ခဏာတည်ဆောက်ရေးအတွက် ကြိုးပမ်းခဲ့သည့် လုပ်ရပ်များ ပင်ဖြစ်သည်[24]။ ဆိုလိုသည်မှာ ဗမာ နှင့် မြန်မာ ဆိုသည်မှာ ဆိုလိုရင်းအတူတူပင် ဖြစ်သော်လည်း မြန်မာသည် မြန်မာနိုင်ငံအတွင်းရှိ လူမျိုးများအားလုံးအား ကိုယ်စားပြုသည်ဟု ဆိုကာ နိုင်ငံတော်၏ အမည်နာမအား "ဗမာ" မှ "မြန်မာ" အဖြစ်သို့ ပြောင်းကာ မြန်မာနိုင်ငံအတွင်းရှိ ဗမာမဟုတ်သော လူမျိုးများအား ဗမာနှင့် အတူတူပင်ဖြစ်သည့် မြန်မာ အဖြစ်သို့ သွတ်သွင်းရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် ကိုလိုနီခေတ်လွန် မြန်မာအစိုးရအဆက်ဆက်သည် "one nation, one language and one religion" ဆိုသော မူဝါဒနှင့် ကိုလိုနီနယ်ချဲ့ဆန့်ကျင်ရေး ခေတ်ကာလများက ဗမာလူမျိုးတို့၏ အမျိုးသားရေး ကြွေးကြော်သံဖြစ်သော "အမျိုး၊ ဘာသာ၊ သာသနာ" တို့အား အခြေပြုကာ မြန်မာနိုင်ငံ၏ အမျိုးသားရေးလက္ခဏာအား ဖော်ဆောင်ရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။ ထိုသို့သောအကြောင်းတရားများကြောင့်ပင် ဗမာဖြစ်ခြင်း၊ ဗမာပီသခြင်း (Burman-ness) သည် မြန်မာနိုင်ငံတွင် အလိုအလျောက်ပင် အခွင့်ထူးခံ လူတန်းစား ဖြစ်ရခြင်း၏ လက္ခဏာတစ်ရပ်အဖြစ် ရှင်သန်နေကာ၊ ဗမာ လူမျိုးကြီး သရုပ်လက္ခဏာသည်လည်း institutionalized dominance idendity တစ်ခုပင် ဖြစ်နေပါသည်။ ယနေ့ခေတ်အစိုးရမှ ပြီးပြတ်အကောင်အထည်ဖော်ခြင်း မရှိခဲ့သည့် ပြည်ထောင်စုတစ်စု တည်ဆောက်ရေး လုပ်ငန်းစဉ်အား အသစ်တစ်ဖန် ပြန်လည်၍ တည်ဆောက်ရန် ကြိုးပမ်းနေသည့်ကာလတွင်ပင် ပြည်ထောင်စု၏ အမျိုးသားရေး လက္ခဏာ ဆိုသည်မှာလည်း အရင်အစိုးရအဆက်ဆက် ပုံဖော်ခဲ့သော ဗမာလူမျိုး အခြေပြု အမျိုးသားရေးလက္ခဏာ တစ်ခုအသွင်ဖြင့်သာ ရှိနေသေးကာ ဗမာလူမျိုးကြီး အယူအဆသည်လည်း အမြစ်တွယ်နေတုန်းပင်ဖြစ်၏။

23 Socialist Republic of the Union of Myanmar 1962 Printers and Publishers Registration Law (Law No. 1 amended by the Revolutionary Council of the Union of Myanmar, 1971)

24 Lian H. Sakhong (2012). The Dynamics of Sixty Years of Ethnic Armed Conflict in Burma.

ဒုတိယလမ်းစဉ်ဖြစ်သော ကိုလိုနီခေတ်လွန် အစိုးရအဆက်ဆက်၏ အမျိုးသားရေးလက္ခဏာနှင့် အမျိုးသားစိတ်ဓာတ် တည်ဆောက်ရေး လုပ်ငန်းစဉ်သည် ပြည်ပနိုင်ငံများနှင့် အဖွဲ့အစည်းအများမှ မြန်မာ့နိုင်ငံရေးအား ဝင်ရောက်စွက်ဖက်မှုများနှင့် အဖျက်ပယောဂများအား အခြေပြုခဲ့သည်ဟု အထက်တွင် ဆိုခဲ့ပြီးဖြစ်သည်။ ပထမဆုံး ဥပမာအား ညွှန်ပြရမည်ဆိုပါက ရှေးပဝေသဏီအချိန်ကာလများ ကတည်းပင် စည်းလုံးညီညွတ်ခဲ့သော မြန်မာနိုင်ငံမှာ နယ်ချဲ့အင်္ဂလိပ်များကြောင့်သာ ကျွန်ဘဝရောက်၍ သွေးကွဲခဲ့ကြခြင်းဖြစ်သည်ဟု ဆိုကာ ယနေ့လွတ်လပ်သောအချိန်အခါတွင် အမျိုးသား စည်းလုံးညီညွတ်ရေး ပြန်လည်ဖော်ဆောင်ကြရန် တိုက်တွန်းအားပေးနေမှုများ ဖြစ်သည်။

၁၉၅၀ ခုနှစ်များ တရုတ်ဖြူကျူးကျော်မှု၊ ၁၉၆၁ ရှမ်းမူဟုခေါ်သော နိုင်ငံရပ်ခြားပယောဂပါသည်ဆိုသော ဖက်ဒရယ်လှုပ်ရှားမှု၊ ကွန်မြူနစ်တရုတ်နိုင်ငံ၏ သွေးထိုးမှုပါဝင်ခဲ့သည် ဆိုသော ၁၉၆၀ ခုနှစ်နှောင်းပိုင်းအချိန်များမှ တရုတ်-ဗမာအရေးအခင်း နှင့် ယခုလက်ရှိ မြန်မာနိုင်ငံ၏ အနောက်နယ်စပ်တွင် လှုပ်ရှားနေသော Arakan Rohingya Salvation Army (ARSA) ခေါ် အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များသည် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာအား ခြိမ်းခြောက်နေသည့် အကြောင်းတရားများဖြစ်သည်ဟု ဆိုကာ အမျိုးသားစည်းလုံးညီညွတ်ရေးရှိကြရန် ပြောဆိုနေမှုများမှာလည်း အစိုးရအဆက်ဆက်၏ အမျိုးသားရေးလက္ခဏာတည်ဆောက်ခြင်းတစ်ရပ်ဟု ဆိုနိုင်ပါသည်။ ဆိုလိုသည်မှာ မြန်မာနိုင်ငံရှိ နိုင်ငံသားအားလုံး နှင့် လူမျိုးများအားလုံးသည် ပြည်ပ၏ ခြိမ်းခြောက်မှုအား အတူတကွ ရင်ဆိုင်ကြုံတွေ့နေရသည်ဆိုသော ဘုံခံစားမှုမှတစ်ဆင့် တစ်သားတည်းဖြစ်သည့် အမျိုးသားလက္ခဏာအား ဖော်ဆောင်လိုခြင်းဖြစ်သည်။ ၂၀၀၁ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့ အကြမ်းဖက်မှုနောက်ပိုင်း တွင် အမေရိကန်ပြည်ထောင်စုရှိ နိုင်ငံသားအားလုံး၏ အမျိုးသားရေးလက္ခဏာတည်ဆောက်မှု နှင့် အမျိုးသားစိတ်ဓာတ်ဖြစ်ထွန်းလာမှုတို့မှာလည်း ပြည်တွင်းအမျိုးသားယဉ်ကျေးမှု၊ စာပေဘာသာစကား နှင့် ဓလေ့ထုံးတမ်းတို့အား အခြေပြုခြင်းမှသည် ပြည်ပအစွန်းရောက်အကြမ်းဖက်များ၏ ခြိမ်းခြောက်မှုအောက် ရောက်ရှိနေသည်ဆိုသော ဘုံခံစားမှုများဖက်သို့ တစ်နည်းတစ်ဖုံအခြေပြုခဲ့ပါသည်[25]။

25 Dinnen, S. (2007). The Twin Process of Nation Building and State Building.

အထက်တွင်ဖော်ပြခဲ့သော ပြင်ပ ပယောဂများကြောင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာသည် ခြိမ်းခြောက်မှုနှင့် ကြုံနေရသည်ဟု ဆိုပါက မြန်မာနိုင်ငံရှိ နိုင်ငံသားအားလုံးနှင့် လူမျိုးများအားလုံး သဘောတူလက်ခံလိမ့်မည်ဆိုသည်မှာ အသေအချာပင်ဖြစ်သည်။ သို့သော် ၎င်းအားအခြေခံကာ အမျိုးသားရေးလက္ခဏာ တည်ဆောက်ရန်မှာ အလွန်ပင် ဝေးသော အကြံအစည်ဟု ဆိုနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း မြန်မာနိုင်ငံရှိ လူမျိုးများ၏ အမျိုးသားရေးစိတ်ဓာတ် နှင့် လက္ခဏာများသည် ဒေသအဆင့်နှင့် လူမျိုးစု အဆင့်တွင်ပင် ရှင်သန်အားကောင်းကာ နိုင်ငံအဆင့်သို့ ရောက်ရှိမလာနိုင်ခြင်းကြောင့်နှင့် နိုင်ငံအားပိုင်ဆိုင်၍ အဖွဲ့ဝင်အစိတ်အပိုင်းများဖြစ်သည် ဆိုသော ခံစားမှုများအား ကိုလိုနီခေတ်လွန် မြန်မာနိုင်ငံ၏ မည့်သည့်ခေတ်အစိုးရမှ ဖန်တီးပေးနိုင်စွမ်း မရှိခဲ့ခြင်းကြောင့်ဖြစ်သည်။ နိုင်ငံတော်အား အတူတကွပိုင်ဆိုင်ခြင်း နှင့် ဗမာလူမျိုးအခြေပြုသော မြန်မာနိုင်ငံ၏ အမျိုးသားရေးလက္ခဏာအားလက်ခံနိုင်ခြင်း မရှိသည်မှာလည်း အကြောင်းအရင်းများစွာရှိပါသည်။ အဓိကအကြောင်းအရင်းတစ်ခုမှာ လွတ်လပ်ရေးကို အတူတကွယူ၍ လွတ်လပ်ရေးရပြီးနောက်တွင် အမျိုးသားတန်းတူညီမျှမှုကို အခြေခံကာ သက်ဆိုင်ရာပြည်နယ်များတွင် ကိုယ်ပိုင်အုပ်ချုပ်ရေးနှင့် အာဏာရှိသော ပြည်ထောင်စုအား တည်ထောင်မည်ဆိုခဲ့သော်လည်း လက်တွေ့တွင် ဗမာပြည်မ (Burma Proper) သည် အခြားပြည်နယ်များနှင့် တန်းတူရည်တူဖြစ်သော ပြည်နယ်တစ်ခု ဖြစ်မလာခဲ့ပေ။ ဗမာလူမျိုးလွှမ်းမိုးသော အစိုးရအဆက်ဆက်ကသာ ကိုလိုနီအင်္ဂလိပ်၏ အရိုက်အရာကို ဆက်ခံကာ ကျန်ပြည်နယ်များအား ဆက်လက်အုပ်ချုပ်သည်ဟူသော ခံစားချက်များနှင့် ပြည်နယ်များသည် မိမိတို့ဆန္ဒအလျောက် ဗမာပြည်မနှင့် ပူးပေါင်း၍ ပြည်ထောင်စုတည်ထောင်ခဲ့သော်လည်း လက်တွေ့တွင် ပြည်နယ်အတွင်း၌ ကိုယ်ပိုင်အုပ်ချုပ်ခွင့် စိုးစဉ်းမျှမရှိဘဲ ဗမာလူမျိုးလွှမ်းမိုးသော ပြည်ထောင်စု အစိုးရ၏ လိုအင်ဆန္ဒအလျောက်သာ ပြည်နယ်တွင်း ကိစ္စရပ်များအား လုပ်ဆောင်နေရခြင်း ဖြစ်သည်ဟူသော ခံစားချက်များနှင့်အတူ ဗဟိုဦးစီးစနစ် ကျင့်သုံးသော ပြည်ထောင်စုအား တည်ထောင်ခဲ့၍ အစိုးရအဆက်ဆက်မှ ဆက်လက်သယ်ဆောင်လာခြင်းကြောင့်ပင် ဖြစ်သည်[26]။

26 2013 ခုနှစ်တွင် Nation Building in Myanmar ဆို သည့်ခေါင်းစဉ်ဖြင့် ကျင်းပခဲ့သော ညီလာခံမှတင်ပြသော စာတမ်းများအား Myanmar Peace Center မှ ပြန်လည်စုစည်းထုတ်ဝေခဲ့သော စာအုပ်ပါ Dr. Tun Aung Chaing ၏ Nation Building: The Question of the Nationalities ခေါင်းစဉ်ဖြင့် စာတမ်းတွင် စပ်ရှေ့သိုက်၏ စာစောင်အားကိုးကားထားခြင်းအား ပြန်လည် ကိုးကားရေးသားထားခြင်းဖြစ်သည်။




ပုံ(၄)။ တပ်မတော်မှဦးဆောင်ကာ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ဆီသို့ ဦးတည်နေပုံ။ သို့သော် တပ်မတော်၏ ခေတ်သစ်နိုင်ငံတော်ဆိုသော Vision မှာ ပဒေသရာဇ်ခေတ် ဗမာ့နိုင်ငံတော် ပုံဆောင်နေခြင်း။ New Light of Myanmar, January 3, 1999.

## ၂.၃။ မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးယန္တရားများနှင့် မြန်မာ့လူမှုအသိုက်အဝန်းတွင် အမြစ်တွယ် အသားကျနေပြီဖြစ်သော ဗမာလူမျိုးကြီးဝါဒ (ဗမာဖြစ်ခြင်း၊ ဗမာပီသခြင်း၏ အကျိုး)

မြန်မာနိုင်ငံ၏ လူမျိုးရေးပဋိပက္ခဖြစ်ပေါ်ရခြင်း နှင့် သက်ဆိုးရှည်ရခြင်း၏ အကြောင်းတရားနှင့် အကျိုးဆက်များအား လေ့လာပါက ရှုထောင့်ပေါင်းစုံမှလေ့လာနိုင်မည်ဖြစ်သည်။ ဤအခန်းတွင် အစိုးရအဆက်ဆက်နှင့် နိုင်ငံရေးစနစ်အဆက်ဆက် ပြောင်းလဲခဲ့သော်လည်း ဗမာအမျိုးသားရေးအခြေပြု အမျိုးသားရေးလက္ခဏာတည်ဆောက်ခြင်း (Bamar-Centric Nation Building) အား နိုင်ငံတော်တည်ဆောက်ခြင်း (State Building) သဖွယ် မပြောင်းလဲဘဲ စွဲမြဲကျင့်သုံးခဲ့၊ ကျင့်သုံးနေဆဲခြင်းတို့ကြောင့် လက်ရှိမြန်မာ့ လူမှုအသိုက်အဝန်းနှင့် နိုင်ငံရေးအခင်းအကျင်းများတွင် ဗမာလူမျိုးဖြစ်ခြင်း၊ ဗမာပီသခြင်းစသည့် လက္ခဏာတို့မှာ အလိုအလျောက်ပင် အခွင့်ထူးခံလူတန်းစား တစ်ရပ်ဖြစ်ခြင်း၏ လက္ခဏာ တစ်ရပ်သဖွယ် ရှင်သန်အားကောင်းနေပြီး တစ်ဖက်တွင်လည်း ဗမာမဟုတ်သော လူမျိုးများ၏ လူမျိုးစုအခြေပြုနိုင်ငံရေးလှုပ်ရှားမှုများ တိုးပွားအားကောင်းနေပုံကို တင်ပြလို ပါသည်။ ဗမာလူမျိုးကြီးဝါဒအား အုပ်ချုပ်သူလူတန်းစားတစ်ရပ်မှ ၎င်းတို့၏ အကျိုးအတွက် စနစ်တစ်ခုသဖွယ် အသုံးချနေခဲ့ခြင်းဖြစ်သော်လည်း ၎င်းဗမာလူမျိုးကြီးဝါဒဆိုသည်မှာ မြန်မာ့လူမှုအသိုင်းအဝိုင်းတွင် စိမ့်ဝင်အမြစ်တွယ်နေပြီဆိုသည်ကို ဗမာလူမျိုးများကိုယ်၌မှ အသိအမှတ်ပြု လက်ခံရန် လိုအပ်နေသကဲ့သို့ ဗမာမဟုတ်သော လူမျိုးများမှလည်း ဗမာလူမျိုးကြီးဝါဒဆိုသည်မှာ ဗမာလူမျိုးများအား အချို့သော အခြေအနေတွင် အလိုအလျောက်ကောင်းကျိုးပေးနေသော်လည်း ၎င်းဝါဒအား အသုံးချခဲ့သည်မှာ အုပ်ချုပ်သူလူတန်းစားများသာဖြစ်သည်ဆိုသည်ကို နားလည်သဘောပေါက်ရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံရှိ ဗမာလူမျိုးအပါအဝင် လူမျိုးများအားလုံးသည် လူမျိုးကြီးဝါဒဆိုသည်မှာ အမြင်ကျဉ်းမြောင်းသော ဝါဒတစ်ခုပင် ဖြစ်သကဲ့သို့ လူမျိုးစုအခြေပြု အမျိုးသားရေးအမြင်ဆိုသည်မှာလည်း အမြင်ကျဉ်းမြောင်းခြင်းပင် ဖြစ်သည်ကို နားလည်သဘောပေါက်ရန်လည်း လိုပါသည်။ သို့မှသာလျှင် မြန်မာနိုင်ငံ၏ လူမျိုးရေးအကွဲအပြဲနှင့် ပဋိပက္ခများအား ဖြေရှင်းရန်ကြိုးပမ်းရာတွင် လူမျိုးရေးတိုက်ပွဲအဖြစ် မမြင်ဘဲ စနစ်အဆက်ဆက်၏ မှားယွင်းမှုအား မြင်နိုင်မည်ဖြစ်ပါသည်။

## ၂.၃။ ဗမာဖြစ်ခြင်း (ဗမာပီသခြင်း)နှင့် အကျိုးတရားများ

မြန်မာနိုင်ငံ၏ ပြည်တွင်း ပဋိပက္ခများအား လေ့လာရာတွင် ပညာရှင်အများစုမှ လူမျိုး (Ethnicity) အား အဓိကအကြောင်းတရား တစ်ခုအနေဖြင့် ရှုမြင်သုံးသပ်ကြပါသည်။ Matthew J. Walton မှ မြန်မာ့ပြည်တွင်းရေး ပဋိပက္ခအား လေ့လာရာတွင် မြန်မာ့လူမှု အသိုင်းအဝန်းအတွင်း လူများစုဖြစ်သော ဗမာလူမျိုးတို့၏ ကြီးစိုးမှု၊ ဗမာဖြစ်ခြင်း (ဗမာ ပီသခြင်း) သည် အခွင့်ထူးခံလူတန်းစားတစ်ရပ်ဖြစ်ခြင်း၏ လက္ခဏာတစ်ရပ်သဖွယ် သက်ဝင်လှုပ်ရှားနေသည်ကို[27] Ctitical Race သီအိုရီ[28] အရသုံးသပ်လေ့လာထားသော အနောက်နိုင်ငံများတွင် လူဖြူဖြစ်ခြင်း (လူဖြူပီသခြင်း) နှင့် လူဖြူများခံစားရရှိသော အထူး အခွင့်အရေးတို့အား နှိုင်းယှဉ်သုံးသပ်ထားပါသည်။ ဆက်လက်၍လည်း အချို့သော အခြေအနေများတွင် ဗမာလူမျိုးများကိုယ်၌မှ ၎င်းတို့သည်လည်း မြန်မာ့နိုင်ငံရေး၏ အလှည့်အပြောင်းအချို့တွင် အစိုးရ၏ ဖိနှိပ်ခံလူတန်းစားများ ဖြစ်ခဲ့ကြသည်ဟု မြင် ကောင်းမြင်လိမ့်မည် ဖြစ်သော်လည်း ဗမာမဟုတ်သောလူမျိုးများ နှင့် နှိုင်းယှဉ်ပါက ဗမာဖြစ်ခြင်းသည် အခွင့်ထူးခံလူတန်းစားတစ်ရပ်သဖွယ် မြန်မာ့လူမှုအသိုင်းအဝန်းတွင် သက်ဝင်ရှင်သန်နေပါသည်။ ဗမာဖြစ်ခြင်း (ဗမာပီသခြင်း) သရုပ်လက္ခဏာသည်ပင် Institutionalized Dominance[29] ဖြစ်ခြင်း၏ ပုံစံတစ်ခုပင်ဖြစ်နေပါတော့သည် ဟုဆိုထား ပါသည်[30]။

အဘယ်ကြောင့် ဗမာဖြစ်ခြင်း (ဗမာပီသခြင်း) သရုပ်လက္ခဏာသည် Instutionalized Dominance ဖြစ်လာရသနည်းနှင့် ဗမာလူမျိုးကြီးဝါဒ မသိမသာ အမြစ်တွယ်လာရသနည်း ဆိုပါက အကြောင်းအရင်း နှစ်ရပ်ရှိပါသည်။ ပထမအကြောင်းအရင်းမှာ ပြည်ထောင်စုအား ဒိုးတူပေါင်းဖက် ရင်ဘောင်တန်းကာ တန်းတူရည်တူ လူမျိုး (Equal Partners)များအဖြင့် ပြည်ထောင်စုအားတည်ထောင်ခဲ့သည်ဆိုသော်လည်း ဗမာ့နိုင်ငံရေးသမားများမှ

27 Matthew J. Walton. (2012). The Wages of Burman-ness: Ethnicity and Burman Privilege in Contemporary Myanmar.
28 Critical Race Theory
29 Institutionalized Dominance ဆိုသည်မှာ အများပြည်သူဆိုင်ရာ အစိုးရ၏ အဆောက်အအုံ (သို့) အုပ်ချုပ်ရေးယန္တရားများတွင်(Puclic Institutions) ဗမာဖြစ်ခြင်း(ပီသခြင်းအား) ကြီးစိုးခြင်း (သို့) လွှမ်းမိုးခြင်း တို့၏ လက္ခဏာတစ်ရပ်သဖွယ် ထည့်သွင်းတည်ဆောက်ထားခြင်းကို ဆိုလိုခြင်းဖြစ်ပါသည်။
30 Matthew J. Walton. (2012). The Wages of Burman-ness: Ethnicity and Burman Privilege in Contemporary Myanmar.

ပြည်ထောင်စုဆိုသည်မှာ ဗမာပြည်မအားအခြေခံပြီး ပြည်နယ်များအားစုစည်းထားခြင်းဖြစ်သည်ဟု စွဲမြဲလက်ခံထားခြင်း[31]နှင့် မြန်မာနိုင်ငံအားအုပ်ချုပ်ခဲ့သော အစိုးရအဆက်ဆက်တွင် ဗမာလူမျိုးသာ အများစုဖြစ်ခဲ့သောကြောင့်ပင်ဖြစ်သည်။ သာမန်အရပ်သား ဗမာလူမျိုးများအနေဖြင့် ဗမာလူမျိုးကြီးဝါဒရှိခြင်းအား မမြင်နိုင်ခြင်းမှာတော့ ဗမာလူမျိုးတို့၏ အမျိုးသားရေးလက္ခဏာများသည် မြန်မာနိုင်ငံ၏ အမျိုးသားရေးလက္ခဏာနှင့် တစ်ထပ်တည်း ကျနေခြင်းကြောင့်ပင်ဖြစ်သည်။ ဗမာလူမျိုးကြီးဝါဒ ဟုဆိုရာတွင်လည်း လူပုဂ္ဂိုလ် တစ်ဦးချင်းစီအား ရည်ညွှန်း၍ ဆိုလိုခြင်းမဟုတ်ပါ။ အမှန်စင်စစ် ကိုယ်တိုင်စီမံဖန်တီးခဲ့ခြင်း မဟုတ်သော်လည်း စနစ်တစ်ခုအနေဖြင့် အသုံးချခဲ့သော ၎င်းဝါဒ၏ အကျိုးဆက်များ အနေဖြင့် အလိုအလျောက်ကောင်းကျိုးခံစားနေရခြင်းကိုဆိုလိုခြင်း[32] နှင့် ၎င်းစနစ်အောက်တွင် ပျော်ဝင်သွားခြင်းနှင့် သိလျှက်နှင့်ဖြစ်စေ၊ မသိလျှက်နှင့်ဖြစ်စေ မှားမှန်းသိသော်လည်း ၎င်းစနစ်အား တော်လှန်လိုစိတ် မရှိခြင်းပင်ဖြစ်သည်။

ဗမာလူမျိုးကြီးဝါဒသည် Institutionalized ဖြစ်နေခြင်းအတွက် ဗမာဖြစ်ခြင်း(ဗမာပီသခြင်း) မှတစ်ဆင့် ကြိုးစားအားထုတ်ရန်ပင်မလိုဘဲ အလိုအလျောက် ခံစားနေရသော ကောင်းကျိုးတစ်ခုအား ပြပါဆိုလျှင် ဗမာစာ၊ ဗမာဘာသာစကားနှင့် ဖတ်ဆို သင်ကြားနေရသော မြန်မာ့ပညာရေးစနစ်နှင့် အဆင့်အဆင့်သော မြန်မာ့သမိုင်းဖတ်စာတို့တွင် ဗမာလူမျိုးတို့၏ ရာဇဝင်နှင့် သမိုင်းများကိုသာ ထင်ဟပ်စေသည့် မြန်မာ့ပညာရေးစနစ်ပင်ဖြစ်သည်။ ဗမာလူမျိုးလူငယ် ကျောင်းသားများတို့အဖို့မှာမူ မိမိတို့၏မိခင်ဗမာစာပေနှင့် သင်ကြားရသည်ဖြစ်၍ မြန်မာ့ပညာရေးစနစ်နှင့် အံဝင်ခွင်ကျဖြစ်နေကာ မြန်မာ့သမိုင်းအား မေးခွန်းထုတ်ကြမည် မဟုတ်သော်လည်း ဗမာမဟုတ်သော အခြားလူမျိုးကျောင်းသားလူငယ်များအတွက်မူ မိခင်ဘာသာစကားနှင့် သင်ယူရခြင်း မဟုတ်သည့်အလျောက် ပညာတတ်မြောက်ရန်အတွက်လည်း အခက်အခဲဖြစ်စေကာ အမျိုးသားရေးလက္ခဏာနှင့်ဆက်စပ်၍လည်း ဝေဝါးနေမည်မှာ အသေအချာပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကမ္ဘာကြီးသည် အိမ်တွင်ပြား၍ ကျောင်း၌လုံးပါသည် ဆိုသည့် စကားအတိုင်း ဗမာလူမျိုးမဟုတ်သော ကျောင်းသားလူငယ်များအဖို့မူ ကျွန်တော်၊ ကျွန်မသည် အိမ်တွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်နှင့် ရှမ်း စသည့် လူမျိုးဖြစ်၍ ကျောင်းတွင် ဗမာလူမျိုးယောင်ယောင် ဖြစ်သွားခြင်းကြောင့်ပင်ဖြစ်သည်။ ဗုဒ္ဓဘာသာအား မြန်မာလူမျိုးနှင့်

31 ဗမာပြည်ကွန်မြူနစ်ပါတီဝင် မင်းလတ်ရဲခေါင်၏ ဘဝပုံရိပ်များ စာအုပ်ပါ ဆရာသန်းစိုးနိုင်၏ ရောလွင်ရဲ့ ကံကြမ္မာ ဆောင်းပါးတွင် ပါရှိသော ဗိုလ်မှူးရသခင်ချစ်မောင်မှ ၁၉၆၂ ရှမ်းမှု နှင့် ဆက်စပ်၍ ပြောကြားမှုကို ကိုးကားထားခြင်းအား တစ်ဖန်ပြန်လည်၍ ကိုးကားထားခြင်းဖြစ်ပါသည်။

32 ငြိမ်းငြိမ်းပြည့် (၂၀၁၉)။ ဗမာတို့မြင်ဖို့ပါ ဆောင်းပါးအား ကိုးကားထားခြင်း။

ခွဲခြား၍ မရအောင် သမိုင်းတင်ပြခြင်းအားဖြင့်လည်း ကျောင်းသားလူငယ်များအဖို့ မြန်မာနိုင်ငံသားဖြစ်ခြင်းအား ဗမာဖြစ်ခြင်း၊ ဗုဒ္ဓဘာသာဖြစ်ခြင်းနှင့် အတူတူပင်ဖြစ်သကဲ့သို့ ထင်မြင်စေမည်ဖြစ်ပါသည်။ ဤသို့ဖြစ်ရခြင်းမှာ မြန်မာ့ပညာရေးသင်ရိုးညွှန်းတမ်းအား အမှတ်သရုပ်လက္ခဏာ ဖန်တီးရန်အတွက်သာ နိုင်ငံရေးလက်နက်တစ်ခုအဖြစ် အသုံးချလိုခြင်းကြောင့်ဖြစ်သည်[33]။ အကျိုးဆက်များအနေဖြင့် ဗမာလူမျိုးလည်းမဟုတ်၊ ဗုဒ္ဓဘာသာဝင်လည်းမဟုတ်သော ကျောင်းသားလူငယ်များအဖို့မှ ကျောင်းရောက်ရောက်ခြင်းပင် အမျိုးသားရေးအမှတ်သရုပ်လက္ခဏာနှင့် ဆက်စပ်၍ ဝေဝါးမှုဖြစ်စေရုံမျှမက ပညာတတ်မြောက်ရန်အတွက်လည်း ဗမာလူမျိုးကျောင်းသားလူငယ်များနှင့် ယှဉ်ပါက နစ်ဆပို၍ ကြိုးစားနေရ သကဲ့သို့ပင်ဖြစ်သည်။ တစ်နည်းအားဖြင့် ဆိုရပါက ပညာရေးကဏ္ဍမှတစ်ဆင့် ဗမာမဟုတ်သောလူမျိုးများ၏ နစ်နာမှုနှင့်အတူ ဗမာလူမျိုးကြီးဝါဒ၏ သရုပ်သဏ္ဍာန်အား ဖော်ထုတ်ထိန်းသိမ်းလိုခြင်းပင်ဖြစ်သည်။

ဗမာလူမျိုးကြီးဝါဒအား စနစ်တစ်ခုအဖြစ် အစိုးရမှခေတ်အဆက်ဆက် လက်ကိုင်ထားကျင့်သုံးခဲ့ခြင်း၏ နောက်ထပ်အကျိုးဆက်တစ်ခုမှာတော့ ဗမာမဟုတ်သော လူမျိုးများအား မြန်မာနိုင်ငံဆိုသော နိုင်ငံရေးအသိုက်အမြုံတစ်ခုတွင်အခြေအနေအရ(သို့)ခြွင်းချက်ရှိသော အဖွဲ့ဝင်နိုင်ငံသားများအဖြစ် (Conditional Membership to Myanmar Political Community) ခွဲထုတ်သတ်မှတ်ခြင်းဖြစ်ပါသည်။ ဆိုလိုသည်မှာ ဗမာ့အမျိုးသားရေးလက္ခဏာများသာ ထင်ဟပ်သော မြန်မာ့နိုင်ငံရေးအသိုင်းဝန်းတွင် စစ်မှန်သော အဖွဲ့ဝင်နိုင်ငံသားတစ်ယောက်ဖြစ်ကြောင်း ပြသလိုပါက ဗမာမဟုတ်သောလူမျိုးများအနေဖြင့် ဗမာ့အမျိုးသားရေး လက္ခဏာများအား ကိုယ်ပိုင်အဖြစ်လက်ခံကာ ဗမာပီသကြောင်းပြသရန် လိုအပ်ခြင်းဖြစ်ပါသည်။ အကျိုးဆက်အားဖြင့် မြန်မာ့အမျိုးသားရေးလက္ခဏာများအား လက်ခံနိုင်ခြင်းမရှိသောသူများမှာ နိုင်ငံတော်အား သစ္စာစောင့်သိမှု မရှိသော လူမျိုးများအဖြစ် ရောက်ရှိသွားခြင်းပင်ဖြစ်သည်။ ၁၉၇၉ ခုနှစ်တွင် ပြောကြားခဲ့သော ဗိုလ်ချုပ်ကြီးနေဝင်း၏ မိန့်ခွန်းတစ်ခုတွင် "လက်ရှိအချိန်တွင် သွေးသားစစ်စစ်ဖြစ်သော သူများကပင် တိုင်းတစ်ပါးအား သစ္စာခံ၍ နိုင်ငံတော်အား သစ္စာဖောက်ဖျက်နေကြသည်။ သွေးသားစစ်စစ်ဖြစ်သော သူများကပင် ဤကဲ့သို့ပြုမူနေသည်ဆိုပါက သွေးနှော (သွေးသား စစ်စစ် မဟုတ်သော) သူများအား သတိကြီးစွာစောင့်ကြည့်ရန်လိုအပ်နေပါသည်။

33 South & Lall (2016). Education and the Peace Process in Myanmar.

အချို့သောသူများသည် သွေးသားစစ်စစ်ဖြစ်၍ ဗမာလူမျိုးစစ်စစ်နှင့် စစ်မှန်သော နိုင်ငံသားများမှ ဆင်းသက်လာကြခြင်းဖြစ်သည်။ ကရင်၊ ကချင် နှင့် အစရှိသည် တို့မှာလည်း စစ်မှန်သော သွေးသားများစင်စစ်ဖြစ်ကြသည်။ သို့သော် ထိုသူများသည် အကျွန်ုပ်တို့ လူမျိုးများအဖို့နှင့် ကျွန်ုပ်တို့ဗမာနိုင်ငံအတွက် အမှန်တကယ်ပင် ဖြစ်ကြရဲ့လားဟု ပြော ကြားခဲ့ဖူးပါသည်[34]။" ဤအဆိုအမိန့်အားကြည့်ပါကလည်း ၁၉၃၀ ခုနှစ်ဝန်းကျင်များက ဗမာ့အမျိုးသားရေးစိတ်ဓာတ်နှင့် ကြွေးကြော်သံများဖြစ်ခဲ့သော ငါတို့လူမျိုး၊ ငါတို့နိုင်ငံ၊ ငါတို့ဗမာဆိုသော အနှစ်သာရများဖြင့် ဖုံးလွှမ်းနေခြင်းဖြစ်ပါသည်။ ဆက်လက်၍လည်း ဗိုလ်ချုပ်ကြီးနေဝင်း၏ ဤအဆိုအရ ဗမာစစ်စစ်ဖြစ်ခြင်း၊ ဗမာလူမျိုးစစ်စစ်မှ ဆင်းသက်လာခြင်းအားဖြင့် နိုင်ငံတော်အား သစ္စာစောင့်သိပါသည်ဟူသည်မှ သံသ ယဖြစ်စရာ မလိုဘဲ ဗမာလူမျိုးမဟုတ်သော ကရင်၊ ကချင် နှင့် အစရှိသည်တို့မှာ ၎င်းတို့ ဆင်းသက်ရာဇစ်မြစ်အလျောက် ၎င်းတို့၏ နိုင်ငံသားစစ်စစ်ဖြစ်ခြင်းနှင့် နိုင်ငံတော်အား သစ္စာစောင့်သိမှုတို့မှာ သဘာဝအားဖြင့် အလိုအလျောက်ပင် သံသယဖြစ်ခြင်း ခံနေရခြင်း ဖြစ်သည်။ ဗမာစစ်စစ်ဖြစ်ခြင်းအား နိုင်ငံတော်၏သစ္စာအား စောင့်သိရှိသေမှု၏ ပဏာမ အစအနေဖြင့် အစပြုခြင်းကြောင့် ဗမာလူမျိုးများအတွက်မူ အစိုးရအားပုန်ကန်ခြင်း၊ ဒီမိုကရေစီ အခွင့်အရေးများတောင်းဆိုခြင်း စသည်တို့အား ပြုလုပ်မှာသာလျှင် နိုင်ငံ တော်အား သစ္စာဖောက်ဖျက်သော သူများအဖြစ် သတ်မှတ်ခြင်းခံရမည်ဖြစ်သည်။ ထို့ အတွက်ကြောင့်ပင် ဗမာလူမျိုးများအတွက်မူ မြန်မာဆိုသော နိုင်ငံရေးအသိုက်အမြုံတွင် ခြွင်းချက်မရှိ အဖွဲ့ဝင်နိုင်ငံသားစစ်စစ်ဖြစ်နိုင်ပြီး ဗမာမဟုတ်သော လူမျိုးများအတွက်မူ အခြေအနေအရပ်ရပ်ပေါ်တွင် မူတည်နေသလိုပင်ဖြစ်နေပါသည်။

ဗမာလူမျိုးမဟုတ်ခြင်းအား နိုင်ငံတော်အား သစ္စာစောင့်သိခြင်း မရှိသောသူများ အဖြစ် မှုခြေပြုခြင်းအတွက် ဗမာမဟုတ်သောလူမျိုးများအတွက်မူ မြန်မာနိုင်ငံ၏အဖွဲ့ဝင် နိုင်ငံသားစစ်စစ်ဖြစ်လာရန်မှာ ၎င်း၏ ဗမာမဆန်သော အမူအကျင့်နှင့် လက္ခဏာများအား ဖျောက်ဖျက်၍ မြန်မာ(ဗမာ) ယဉ်ကျေးမှုအား မိမိကိုယ်ပိုင်သဖွယ် လိုလိုလားလားလက်ခံ ကျင့်သုံးရမည့်သဘောပင်ဖြစ်သည်။ ဗမာမဟုတ်သောလူမျိုးများမှ ၎င်းတို့၏ ကိုယ် ပိုင်ယဉ်ကျေးမှုနှင့် အမျိုးသားရေးလက္ခဏာများအား ဖျောက်ဖျက်ပစ်၍ မြန်မာ့ ယဉ်ကျေးမှုအား လက်ခံကျင့်သုံးလာသည့်တိုင် ဗိုလ်ချုပ်ကြီးနေဝင်း၏ အထက်ပါ ပြောကြားချက်အား ဆန်းစစ်ပါက ၎င်းတို့၏အဖွဲ့ဝင်နိုင်ငံသားစစ်စစ်ဖြစ်မှုမှာ အမြဲတမ်းပင်

34 Smith 1999 in Matthew J. Walton. (2012). The Wages of Burman-ness: Ethnicity and Burman Privilege in Contemporary Myanmar.

သံသယဝင်ခံနေရမည်ဖြစ်ပြီး ခြွင်းချက်များလည်း ရှိနေမည်ဖြစ်သည်။ ဗိုလ်ချုပ်ကြီး နေဝင်း၏ ဆိုရှယ်လစ်စစ်အုပ်ချုပ်ရေးအလွန် စစ်အစိုးရလက်ထက်များတွင် ဗမာ မဟုတ်သော လူမျိုးများ၏ နိုင်ငံတော်အပေါ် သစ္စာရှိမှု သံသယများအား အတိအလင်း မဖော်ပြကြတော့သော်လည်း ဗမာမဖြစ်ခြင်းအား နိုင်ငံတော်အပေါ် သစ္စာစောင့်သိခြင်း မရှိမှုနှင့် မျှခြေပြုခြင်းမှာ စစ်အစိုးရ၏ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအား နှိမ်နင်းရေးအစီအစဉ်များ မှတစ်ဆင့် Institutionalized ဖြစ်နေသည်မှာ ထင်ရှားခဲ့ပါသည်။

# အပိုင်း (၃)

## ၁၃၅ တိုင်းရင်းသားလူမျိုး အယူအဆအား သုံးသပ်ခြင်း



တရုမ်းလူမျိုး
ရဝမ်လူမျိုး
ခမ်းတီးရှမ်းလူမျိုး
ဂျိန်းဖောလူမျိုး
ကချင်လူမျိုး
မိုင်းသာရှမ်းလူမျိုး
ဝလူမျိုး
ကသည်းလူမျိုး
ရှမ်းကြီးလူမျိုး
ဆလိုင်းလူမျိုး
မောရှမ်းလူမျိုး
ပြည်ထောင်စုမြန်မာနိုင်ငံ
ခမွီးလူမျိုး
ကယားလူမျိုး
ကယန်းလူမျိုး
ယင်းတလဲလူမျိုး
ကရင်လူမျိုး
မွန်လူမျိုး
စကောကရင်လူမျိုး

## အပိုင်း (၃) ၁၃၅ မျိုးသော တိုင်းရင်းသားလူမျိုး အယူအဆအား သုံးသပ်ခြင်း

“တိုင်းရင်းသားလူမျိုး ၁၃၅ မျိုး ခွဲခြားသတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍
သက်ဆိုင်ရာ လူမျိုးအသီးသီး၏ အယူအဆသဘောထား
ပါဝင်ရန်မှာ လွန်စွာအရေးကြီးသည်။”

၂၀၁၄ ခုနှစ်၊ ဩဂုတ်လတွင် ဆယ်စုနှစ်သုံးစုအတွင်း မြန်မာနိုင်ငံ၏ ပထမဆုံးသော သန်းခေါင်စာရင်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် United Nations Population Funds (UNFPA) တို့မှ ဦးစီးကာ အမေရိကန်ဒေါ်လာ ၇၅ သန်းခန့်အကုန်အကျခံပြီး တစ်နှစ်ခွဲကျော်ကြာ အချိန်ယူ ပြင်ဆင်ကာ သုတေသနပြု ကောက်ခံခဲ့ပါသည်[35]။ ထိုသန်းခေါင်စာရင်းအား တရားဝင် ထုတ်ပြန်ကြေညာချက်နှင့်အတူ မြန်မာနိုင်ငံအတွင်း တိုင်းရင်းသားလူမျိုး ၁၃၅ မျိုး မှီတင်းနေထိုင်ကြသည်ဆိုသော ယုံတမ်းသဖွယ်အယူအဆသည်လည်း အယူအဆ သက်သက်မှသည် တရားဝင်ပြဋ္ဌာန်းချက်တစ်ခုအဖြစ် ပြောင်းလဲခဲ့ပါတော့သည်။

ဤတိုင်းရင်းသားလူမျိုး ၁၃၅ မျိုး တည်ရှိမှု အယူအဆဆိုသည်မှာ လွတ်လပ်ရေးရပြီး နောက်ပိုင်းအချိန်မှစကာ နှုတ်ပြောယုံတမ်းသဖွယ် ရှိခဲ့သော်လည်းလက်လှမ်းမှီသလောက် လေ့လာကြည့်ပါက မည်သည့် ပညာရှင် (သို့မဟုတ်) မြန်မာနိုင်ငံ၏ မည်သည့် တရားဝင် ပြဋ္ဌာန်းချက်များတွင်မှ ၁၃၅ မျိုး တည်ရှိမှု၏ အယူအဆသည် မည်သည့်အရာမှ အခြေခံ ဆင်းသက်လာခဲ့ခြင်း ဖြစ်သနည်းဆိုသည်ကို ရှင်းရှင်းလင်းလင်း ဖော်ပြထားခြင်း မရှိခဲ့ပါ။ မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများအား ၁၃၅ မျိုးအဖြစ် အုပ်စုဖွဲ့ ခွဲခြား သတ်မှတ်ရာ၌လည်း ကွဲပြားမှု၏ အမှတ်လက္ခဏာညွှန်းကိန်းအဖြစ် ဘာသာစကား ကွဲပြားမှုအား အဓိက အသုံးပြုခဲ့သလား။ ယဉ်ကျေးမှု၊ သမိုင်းအစဉ်အလာ၊ ဆင်းသက်ရာ ဇစ်မြစ်နှင့် ကိုးကွယ်ယုံကြည်မှုဆိုင်ရာ ဘာသာတရားတို့အား အဓိက အသုံးပြုခဲ့ခြင်းလား (သို့မဟုတ်) အခြေချနေထိုင်ရာ ပထဝီဒေသအား အဓိကညွှန်းကိန်းသဖွယ် အသုံးပြုခဲ့ခြင်း

35 ပြည်ထောင်စုသမ္မတနိုင်ငံတော် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စု အစီရင်ခံစာ၊ ၂၀၁၅။

လားဆိုတာ ရှင်းလင်းမှု မရှိပါ။ အဓိကလူမျိုးကြီး (၈) မျိုးဟု သတ်မှတ်ခြင်းခံရသော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင် နှင့် ရှမ်း စသည့် အုပ်စု (၈) စုအား အခြေပြုကာ ကျန်လူမျိုးများအား ၎င်းတို့၏ လူမျိုးအနွယ်ဝင် လူမျိုးစုငယ်များသဖွယ် အုပ်စုဖွဲ့ခွဲသတ်မှတ်ထားခဲ့သော်လည်း တိုင်းရင်းသားလူမျိုး ၁၃၅ မျိုး ရှိသည်ဟု ဆိုခြင်းအားဖြင့် ၎င်းအသီးသီးသော လူမျိုးများသည် ကိုယ်ပိုင်ယဉ်ကျေးမှု၊ စာပေ၊ ဘာသာစကားရှိပြီး သီးခြား သမိုင်းအစဉ်အလာနှင့် ဖစ်မြစ်များမှ ဆင်းသက်လာကာ သီးသန့်တည်ရှိနေသော လူမျိုးများ အဖြစ်လည်း ပုံစံပေါ်လွင်နေပြန်ပါသည်။ သို့သော် ၎င်းတိုင်းရင်းသားလူမျိုး ၁၃၅ မျိုးအား ခြုံငုံ၍ ကြည့်လျှင်ဖြစ်စေ၊ အုပ်စု (၈) စုအား နှိုင်းယှဉ်လေ့လာကြည့်လျှင် ဖြစ်စေ အမျိုးအစားခွဲခြားသတ်မှုများသည် တစ်သမတ်တည်းလည်း ရှိမနေကာ၊ လက်တွေ့ အခြေအနေနှင့်ကွဲလွဲပြီး သိသာထင်ရှားလွန်းသော အလွဲများနှင့် ပြည့်နှက်နေပါသည်။

ယခုလက်ရှိ မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် လူမှုရေး နယ်ပယ်များတွင် မကြာခဏ သုံးနှုန်းပြောဆိုနေကြသော ဤတိုင်းရင်းသားလူမျိုး ၁၃၅ မျိုး၏ ဆင်းသက်ရာ မူလရင်းမြစ်အား သေချာစွာ မသိရသော်လည်း အမှန်စင်စစ် ၎င်းသည် အင်္ဂလိပ်ကိုလိုနီလက်ထက် ၁၉၃၁ ခုနှစ် တွင် ပြုစုခဲ့သော မြန်မာနိုင်ငံသန်းခေါင်စာရင်းအား အခြေခံထားပြီး ၁၉၈၃ ခုနှစ် လမ်းစဉ်ပါတီဆိုရှယ်လစ်အစိုးရလက်ထက်တွင် နောက်ဆုံးအကြိမ်အဖြစ် ပြုစုခဲ့သော မြန်မာနိုင်ငံ သန်းခေါင်စာရင်းတွင်လည်း ၎င်း ၁၃၅ မျိုးစာရင်းအား အသုံးပြုခဲ့သည်ကိုတွေ့ရပါသည်[36]။ ၁၉၈၉ ခုနှစ်တွင်လည်း ထိုအချိန်အခါက အာဏာရစစ်အစိုးအရ၏ ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးစောမောင်မှ ၎င်း၏မိန့်ခွန်းတစ်ခုတွင် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးရှိကြောင်း ထည့်သွင်းပြောကြားခဲ့ဖူးပါသည်။[37] ဗိုလ်ချုပ်မှူးကြီးစောမောင်မှ ၎င်းစာရင်းအား ထိုအချိန်က သန်းခေါင်စာရင်းဌာနမှရရှိကာ သုံးနှုန်းခြင်းဖြစ်သည်ဟု ဆိုသော်လည်း ၎င်း ၁၃၅ မျိုး စာရင်းသည် ၁၉၃၁ ခုနှစ်၊ ကိုလိုနီခေတ် ဗြိတိသျှလက်ထက်က ပြုစုခဲ့သော မြန်မာနိုင်ငံ၏ သန်းခေါင်းစာရင်းမှ အခြေခံဆင်းသက်လာသည်ဟု ဆင်

36 "ယင်းလူမျိုးစုစာရင်းမှာ ၁၉၃၁ ခုနှစ်တွင် ပြုစုခဲ့သော သန်းခေါင်စာရင်းအရ လူမျိုးစုစာရင်းပေါ်အခြေခံ၍ လည်းကောင်း၊ ၁၉၅၃-၅၄ ခုနှစ် လူမျိုးစုစာရင်းအရလည်းကောင်း၊ ၁၉၆၀ ခုနှစ်တွင် ယဉ်ကျေးမှုဝန်ကြီးဌာန အောက်ရှိ ရှေးဟောင်းစာပေနှင့် ယဉ်ကျေးမှုရုံး၏ အကြံပြုချက်နှင့် ယင်းနှစ်တွင်ပင် မြန်မာနိုင်ငံ သမိုင်းကော်မရှင်၏ အကြံပေးချက် အရလည်းကောင်း၊ ၁၉၇၂ ခုနှစ် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုကော်မတီဌာနချုပ် တိုင်းရင်းသားလူမျိုးစုရေးရာ ကော်မတီ၏ ညှိနှိုင်းပေးချက်အရလည်းကောင်း လူမျိုးစုစာရင်းများကို အချိန်ယူပြုစုခဲ့ကြရာ ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းတွင် အသုံးပြုခဲ့သော တိုင်းရင်းသားလူမျိုးများ စာရင်းဖြစ်ကြောင်းသိရပါသည်" ၁၉၉၀ ခုနှစ်ထုတ် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတွင် ပါရှိသော တိုင်းရင်းသားလူမျိုး (၁၃၅) မျိုးနေထိုင်ရာ တို့ပြည်ထောင်စုမြန်မာနိုင်ငံ အမည်ရှိ ဆောင်းပါးမှ ကောက်နုတ်ဖော်ပြထားခြင်းဖြစ်ပါသည်။

37 ဇူလိုင် ၅၊ ၁၉၈၉။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေး နှင့်တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးစောမောင်မှ နိုင်ငံခြားသတင်းထောက်များ နှင့် တွေ့ဆုံမေးမြန်းခန်း (Yangon: Ministry of Information, 1989)။

ခြင်သုံးသပ်ပါက ကျိုးကြောင်းဆီလျော်မည်ဟု ထင်ပါသည်။[38] ကိုလိုနီခေတ်တွင် အသုံးပြုခဲ့သော အမျိုးအစား ခွဲခြားသတ်မှတ်မှုစနစ်နှင့် ၂၀၁၄ သန်းခေါင်စာရင်းပါ အမျိုးအစား ခွဲခြားသတ်မှတ်မှုစနစ် ထပ်တူညီမှု မရှိသော်လည်း၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်းပါ ၁၃၅ မျိုးသော တိုင်းရင်းသားလူမျိုး အမည်စာရင်းနှင့် ၁၉၃၁ ခုနှစ်၊ ဗြိတိသျှသန်းခေါင်စာရင်းပါ အမည်စာရင်းများအား နှိုင်းယှဉ်ကြည့်ပါကလည်း လုံးလုံးလျားလျား တူညီမှု မရှိသည့်တိုင် အမည်စာရင်း အတော်များများ ဆင်တူနေသည်ကို တွေ့ရမည် ဖြစ်သည်[39]။ ၎င်းသန်းခေါင်စာရင်းနှစ်ခု၏ ထပ်တူညီမှုရှိသည့် အချက်မှာ သန်းခေါင်စာရင်း ကောက်ခံရခြင်း၏ အဓိကနောက်ခံ အကြောင်းတရားတစ်ခုဖြစ်သည့် သန်းခေါင်စာရင်းအား နိုင်ငံရေးအလိုအတွက် လူမျိုးများအား ထိန်းချုပ်ချယ်လှယ်ရာတွင် ယန္တရားတစ်ခုအဖြစ် အသုံးချလိုသော ရည်ရွယ်ချက်သာဖြစ်သည်။ ထို့ကြောင့်ပင် ကိုလိုနီခေတ်လွန် အာဖရိကနှင့် အချို့သော အာရှတိုက်ဒေသများတွင် ဝေဖန်စိန်ခေါ်မှုများ ကြုံတွေ့ခဲ့ရသော ကိုလိုနီခေတ်၏ လူမျိုးခွဲခြားသတ်မှတ်မှုဆိုင်ရာ အယူအဆများသည် လက်ရှိ အချိန်အထိ မြန်မာနိုင်ငံတွင် အမွန်နှ့ရှည်တည်တံ့နေနိုင်ဆဲ ဖြစ်သည်[40]။

၁၉၃၁ ခုနှစ်တွင် ဗြိတိသျှခေတ် အုပ်ချုပ်ရေးအရာရှိများ ယင်းခေတ်မြန်မာနိုင်ငံနယ်နိမိတ်အတွင်းရှိ မှီတင်းနေထိုင်ကြသော လူမျိုးများ၏ အရေအတွက်အား မှတ်တမ်းတင်ထားခဲ့သည်မှာ စုစုပေါင်း လူမျိုးနွယ်စုဝင် ၁၃၅ မျိုးဖြင့် ဖွဲ့စည်းထားသော ဌာနေလူမျိုး ၁၅ မျိုး ရှိခဲ့သည် ဟူ၍ဖြစ်သည်။ အမှန်စင်စစ် ထိုခွဲခြားသတ်မှတ်မှုများသည် တိကျသေချာမှုနှင့် ခိုင်လုံမှုမရှိသော ဘာသာစကားအသုံးပြုမှုပုံစံကို အဓိကအခြေခံခဲ့ခြင်းဖြစ်ပြီး၊ သက်ဆိုင်ရာ ပထဝီနယ်မြေတစ်ခုတွင် လူမျိုးတစ်မျိုးတည်း မှီတင်းနေထိုင်သည်ဟူသော အယူအဆများလည်းရှိခဲ့သည်။ ၁၉၃၁ခုနှစ်၊ မြန်မာနိုင်ငံသန်းခေါင်စာရင်းအား ဦးဆောင်ကြီးကြပ်ခဲ့ပြီး စာရင်းအချက်အလက်အား အစီရင်ခံစာရေးသားပြုစုခဲ့သူ J.J. Bennison ကိုယ်တိုင်ပင်လျှင် ၎င်းစာရင်းအချက်အလက်များသည် ယုံကြည်လောက်စရာမကောင်းဟု ဝန်ခံခဲ့သည်။ အကြောင်းမှာ မြန်မာနိုင်ငံရှိ ဘာသာစကားအုပ်စုများ၊ လူမျိုးအုပ်စုများ ကွဲပြားခြားနားမှုများသည် အလွန်ပင် တည်ငြိမ်မှုမရှိသည့်အပြင် တစ်သမတ်တည်းလည်း မဖြစ်ကာ၊ တစ်ချို့အခြေအနေတွင် ကွဲပြားခြားနားပြီး သီးသန့်ဘာသာစကားဟု ထင်ရသော အချို့သောဘာသာစကားများသည် အမှန်တကယ်တွင် အခြားဘာသာစကား

38 Mikel Gravel (2007). Exploring Ethnic Diversity In Burma.

39 McAuliffe L. E., Caste and the quest for racial hierarchy in British Burma:An analysis of census classifications from 1872-1931

40 Transnational Institute, 2014

တစ်ခုခုမှ ဆင်းသက်လာပြီး နေထိုင်ရာ ဒေသတွင်းရှိနေရာအလျောက် အသံနေအသံထား ကွဲပြားသွားခြင်းမျိုးသာ ဖြစ်ခြင်းကြောင့် ပင်ဖြစ်သည်[41]။ မည်သို့ပင်ဖြစ်စေ လက်ရှိ မြန်မာနိုင်ငံ၏ ပြဿနာမှာ လွတ်လပ်ရေးရခဲ့သည်မှာ နှစ် ၇၀ ကျော်ခဲ့ပြီ ဖြစ်သော်လည်း ကိုလိုနီခေတ် အရာရှိများနှင့် အပျော်တမ်း ဘာသာဗေဒ (သို့) မနုဿဗေဒ ပညာရှင်များမှ ပြုစုခဲ့သောစာရင်းများအား ယနေ့အချိန်အထိတိုင် ဆွေးနွေးငြင်းခုန်ကြဆဲ ဖြစ်ကာ ၎င်းစာရင်းအား နိုင်ငံရေးအရ အသုံးချနေမှုများပင်ဖြစ်သည်။

မြန်မာနိုင်ငံ၏တိုင်းရင်းသားတစ်မျိုးမျိုးဖြစ်ခြင်းနှင့် ဆက်စပ်ကာ အလိုအလျောက် နိုင်ငံသားဖြစ်ခွင့် အခွင့်အရေးကို ပေးထားသော လက်ရှိတည်ဆဲလည်းဖြစ်သော ၁၉၈၂ နိုင်ငံသားဥပဒေတွင်ပင် တိုင်းရင်းသားလူမျိုး ဘယ်နှစ်မျိုးရှိသည်ဟု ဖော်ပြမထားပါ။ ထိုဥပဒေတွင် ဤနိုင်ငံနယ်နိမိတ်အတွင်းကျရောက်သော မည်သည့်အရပ်ဒေသတွင်မဆို ခရစ်နှစ် ၁၈၂၃ခုနှစ် မတိုင်ခင်လာရောက် အခြေချနေထိုင်ခဲ့ကြသော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းနှင့် အခြားသော တိုင်းရင်းသားလူမျိုးများသည် မြန်မာနိုင်ငံ၏ နိုင်ငံသားများဖြစ်ကြသည်ဟုသာ ဆိုထားသည်။ သို့သော် ထိုတိုင်းရင်းသား ဘယ်နှစ်မျိုးရှိသည်ကို ဖော်ပြမထားပေ[42]။ ၁၉၉၄ ခုနှစ်တွင် ရေးသားခဲ့သော မြန်မာ့အရေး ကျွမ်းကျင်သူ Martin Smiths ၏ "Ethnic Groups in Burma: Development, Democracy and Human Rights" အမည်ရှိ စာတမ်းတွင်လည်း နိုင်ငံတော် ငြိမ်ဝပ်ပိပြားရေးအဖွဲ့ (နဝတအစိုးရ) လက်ထက် ၁၉၉၀ အစောပိုင်းတွင် တပ်မတော် အရာရှိကြီးတစ်ချို့မှ မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုး ရှိသည်ဟု ဆိုထားခဲ့သော်လည်း လက်ခံနိုင်လောက်သော ဖြေရှင်းချက်နှင့် ၁၃၅ မျိုး ၏ တိကျသော အမည်စာရင်းများကို ဖော်ပြခဲ့ခြင်း မရှိကြောင်းရေးသားခဲ့သည်[43]။ မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ အဆက်ဆက် (၁၉၄၇၊ ၁၉၇၄၊ ၂၀၀၈) တို့အား ကြည့်မည်ဆိုပါကလည်း တိုင်းရင်းသားလူမျိုးဆိုသော ဝေါဟာရအား တစ်ခုစီတိုင်းတွင် တွေ့နိုင်မည်ဖြစ်သော်လည်း ထိုတိုင်းရင်းသားလူမျိုးများ၏အရေအတွက်နှင့် အမည်စာရင်း များကို မည်သည့်တစ်ခုတွင်မှ ဖော်ပြထားခြင်းမရှိပေ။

အထက်တွင် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုး ဟူသော အယူအဆ တရားဝင်ဖြစ်ပေါ်လာပုံနှင့် တိကျသေချာမှု မရှိခြင်းတို့ကို အကျဉ်းချုပ် ဖော်ပြခဲ့ပြီးဖြစ်သည်။ သို့သော် ရှေ့ဆက်

41 Ibid

42 ၁၉၈၂ မြန်မာနိုင်ငံသားဥပဒေ

43 ရောဝတီသတင်းစာ၊ ၂၀၁၇

သုံးသပ်ချက်များမှာ မနုဿဗေဒဘာသာရပ် ရှုထောင့်မှသော်လည်းကောင်း၊ လူမှုဗေဒဘာသာရပ် ရှုထောင့်မှသော်လည်းကောင်း အစရှိသည့် ပညာရပ်ဆန်ဆန် အခြေပြုသုံးသပ်ချက်များ မဟုတ်သည့်အတွက်ကြောင့် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုး ရှိသည်၊ မရှိသည်ကို အရေးပေးငြင်းခုံခြင်း မပြုလိုပါ။ ယခု လက်ရှိမြန်မာ့နိုင်ငံရေးအခင်းအကျင်းတွင် တိုင်းရင်းသားလူမျိုးဖြစ်တည်မှုနှင့် တိုင်းရင်းသားလူမျိုးများအားအမျိုးအစား ခွဲခြားခြင်းသည် နိုင်ငံရေးဆိုင်ရာ စဉ်းစားဆုံးဖြတ်ချက်များနှင့် လူမျိုးစုအခွင့်အရေးအတွက် အဓိကသော့ချက်သဖွယ် အသုံးချနေသလို ဆက်လက်၍အသုံးချလိုပုံလည်းတွေ့ နေရသည်။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးများအား ၁၃၅ မျိုးခွဲခြားခြင်းကြောင့် အကျိုးဆက်အဖြစ် လက်ရှိဖြစ်ပေါ် နေသော အခြေအနေနှင့် အကယ်၍ ၁၃၅ မျိုးကို ဆက်လက်၍ နိုင်ငံရေးအရ အသုံးချပါက မည်သူက အကျိုးများရနိုင်သည်၊ မည်သူအတွက် အကျိုးနည်းနိုင်သည်ကို လက်တွေ့အခြေအနေအား ဆန်းစစ်ကာသုံးသပ် ဆွေးနွေးလိုပါသည်။

## ၃.၁။ တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးဆိုတာ ဘာကိုအခြေခံပြီး ခွဲခြားသတ်မှတ်ခဲ့တာလဲ

၂၀၁၄ ခုနှစ်ထုတ် မြန်မာနိုင်ငံ သန်းခေါင်စာရင်းတွင်ပါရှိသော တိုင်းရင်းသားလူမျိုးများအား အုပ်စုဖွဲ့ပုံနှင့် အမျိုးအစားခွဲခြားသတ်မှတ်ပုံအား ယေဘုယျအနေဖြင့် လေ့လာပါက အဓိက တိုင်းရင်းသားလူမျိုး (၈) မျိုး ဟု သတ်မှတ်ခေါ် ဝေါ်ခြင်းခံရသော လူမျိုးများဖြစ်သည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်နှင့် ရှမ်းတို့ကို အခြေပြုကာ တိုင်းရင်းသားလူမျိုး (၁၃၅) မျိုးအဖြစ်သို့ ဆင့်ပွားခွဲခြားသတ်မှတ်ထားသည်ကို တွေ့ရမည်ဖြစ်သည်။ တစ်နည်းအားဖြင့် ဆိုပါက ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်နှင့် ရှမ်းစသည်တို့ အားအခြေပြုကာ ကျန်လူမျိုးများအား ၎င်းလူမျိုး (၈) မျိုးတို့၏ လူမျိုးနွယ်စုဝင်များသဖွယ် အုပ်စုဖွဲ့ ခွဲခြားသတ်မှတ်ထားခြင်းလည်းဖြစ်သည်။

သို့သော် လူမျိုးအုပ်စုတစ်စုနှင့် တစ်စု နှိုင်းယှဉ်လေ့လာပါက တစ်ခုနှင့်တစ်ခု သဟဇာတ မဖြစ်သည်ကို ရှင်းလင်းသိသာစွာ တွေ့မြင်ရမည် ဖြစ်သည်။ ဥပမာ အချို့သော အုပ်စုများကို ကြည့်ပါက နေရာဒေသတစ်ခုကို အခြေပြုကာ သီးခြားတည်ရှိနေသော (လူမျိုးတစ်မျိုးအဖြစ် သီးခြားတည်ရှိမှုကို ပို၍လိုလားသော) လူမျိုးများအား လူမျိုးကြီးတစ်မျိုး၏ လူမျိုးနွယ်စုဝင် လူမျိုးစုငယ်များအဖြစ် ထည့်သွင်းရေတွက်အုပ်စုဖွဲ့ထားသကဲ့သို့ဖြစ်နေပြီး အချို့သော အုပ်စုများကိုမူ နေရာဒေသကို အခြေခံခြင်းမဟုတ်ဘဲ လူမျိုးတစ်မျိုးတည်း၏ နေထိုင်ရာ ဒေသန္တရအလျောက် ကွဲပြားသွားသော ဘာသာစကား၏ အသံနေအသံထားကို အခြေခံ၍ လူမျိုးတစ်မျိုးတည်းအား လူမျိုးကွဲများအဖြစ် ခွဲခြားရေတွက် အုပ်စုဖွဲ့ထားသည်ကို တွေ့ရမည် ဖြစ်သည်။ ပထမ ဥပမာကို ဆန်းစစ်ပါက နေရာဒေသကိုသာ အခြေခံထားသည် ဖြစ်သည့်အလျောက် ပို၍ကြီးသော လူမျိုးတစ်မျိုး၏ လူမျိုးနွယ်စုဝင်လူမျိုးစုတစ်စု ဖြစ်ရခြင်းထက် မိမိတို့ လူမျိုးအား သီးခြားလူမျိုးတစ်မျိုးအဖြစ်တည်ရှိမှုကို ပို၍လိုလားသော လူမျိုးများဖက်မှ ကြည့်ပါက အတင်းသွတ်သွင်းရာ ရောက်ပါသည်။ ဒုတိယ ဥပမာအား ဆန်းစစ်ပါကလည်း ဘာသာစကားအသံထွက်ကွဲပြားမှုကိုသာ အခြေခံပြီး လူမျိုးတစ်မျိုး တည်းအား သီးခြားလူမျိုးများအဖြစ်သို့ ခွဲခြားသတ်မှတ်ရေတွက်ထားခြင်းသည် လူမျိုး တစ်မျိုး၏ လူမျိုးရေးအခြေခံ အမျိုးသားရေးဝါဒကို မေးမှိန်အားဖျော့စေပြီး နိုင်ငံရေး အရလည်း အားနည်းသည့်ဘက်သို့ တွန်းပို့စေပါသည်။

## ၃.၂။ လူမျိုးတစ်မျိုးတည်းအား သီးခြားလူမျိုးအဖြစ်သို့ ခွဲခြားပွားများထားခြင်း

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ၂၀၁၄ သန်းခေါင်စာရင်းပါ မြန်မာနိုင်ငံ၏ တိုင်းရင်းသားလူမျိုး အမျိုးအစားခွဲခြားသတ်မှတ်မှုသည် အဓိကလူမျိုးကြီး (၈) မျိုးအားအခြေခံထားသည်ဟု ဆိုထားပါသည်။ လူမျိုးကြီး (၈) မျိုးအား အခြေခံခွဲခြားခြင်းဖြစ်သည့်အားလျော်စွာ လက်တွေ့တွင် တရားဝင် ဖြစ်လာသင့်သည်မှာလည်း မြန်မာနိုင်ငံတွင် အဓိက လူမျိုးကြီး (၈) မျိုးရှိ၍ ၎င်းတို့၏ ဆိုင်ရာဆိုင်ရာ လူမျိုးအနွယ်ဝင် လူမျိုးစုငယ်ပေါင်း ၁၂၇ မျိုးရှိသည်ဟူ၍ ဖြစ်သည်။ သို့သော် မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်း (Ethnic Nationalities) ၁၃၅ မျိုးရှိပါသည်ဟု တရားဝင် ပြဋ္ဌာန်းပြောကြားခြင်းအားဖြင့် ၎င်း ၁၃၅ မျိုးသော တိုင်းရင်းသားလူမျိုးတို့သည် သီးခြားတည်ရှိသော လူမျိုးစုများအဖြစ်သို့ ရောက်ရှိသွားပါသည်။ ဥပမာအားဖြင့် ကရင်လူမျိုးအုပ်စုအား လေ့လာကြည့်ကြပါစို့။ မြန်မာနိုင်ငံရှိ အခြားသော ဗမာမဟုတ်သည့် တိုင်းရင်းသားလူမျိုးများ ကဲ့သို့ပင် ကရင်ဟူသည့် အမည်နာမမှာ ကရင်လူမျိုးမဟုတ်သော ပြင်ပလူမျိုးများမှ ကရင်လူမျိုးစုဝင် လူမျိုးများအားလုံးကို ခြုံငုံခေါ်ဆိုသောအမည်နာမပင်ဖြစ်သည်။ ၎င်း (၁၁) မျိုးသော ကရင်လူမျိုးများသည် ကရင်ဆိုသည့် ဘုံအမည်နာမအား အားလုံးသဘောတူ တစ်စုတစ်စည်းတည်းလက်ခံထားကာ တစ်မျိုးတည်းသောလူမျိုးများဖြစ်ကြပါသည်။ ထို့အတွက်ကြောင့် ကရင် (၁၁) မျိုးဆိုသည်မှာ ကရင်လူမျိုးစုဝင်လူမျိုးကွဲများပင် မဟုတ်ဘဲ နေထိုင်ရာဒေသအလျောက် ကွဲပြားသွားသော ကရင်ဘာသာစကား အသံထွက်ကွဲ (၁၁) မျိုးသာ ဖြစ်ပါသည်။ ထို့ကြောင့်ကရင်လူမျိုးအုပ်စုဟု ဆိုရာတွင် ကရင်လူမျိုးကွဲ (၁၁) မျိုးဟု မသုံးသင့်ဘဲ ကရင်ဘာသာစကားကွဲ (၁၁) မျိုးဟုသာ သုံးသင့်ပါသည်။

ဆက်လက်၍လည်း ကရင်လူမျိုးအား (၁၁) မျိုးဟု ခွဲခြားသတ်မှတ်ရာတွင် ကရင်ဟုဆိုသော အားလုံးနှင့်သက်ဆိုင်သည့် ဘုံအမည်နာမလက္ခဏာအား လူမျိုးစုကွဲတစ်ခုအဖြစ် ထပ်မံထည့်သွင်းရေတွက်ထားပါသေးသည်။ ဤခွဲခြားသတ်မှတ်မှုများအားကြည့်မည်ဆိုပါက အပေါ်ယံအမြင်တွင် အလေးထားလောက်သော ကိစ္စမဟုတ်ဟု ထင်ကောင်းထင်ကြမည်ဖြစ်သည်။ သို့သော်ကရင်လူမျိုးများကြားတွင်ပင် ၎င်း “ကရင်” ဆိုသည်မှာ (၁၁) မျိုးအနက် မည်သည့် လူမျိုးစုကိုရည်ညွှန်းသနည်း ဆိုသည်ကိုပင် မေးခွန်းထုတ်စရာဖြစ်သည်။ “ကရင်” ဆိုသည်မှာ (၁၁) မျိုးအနက် အဓိကအကျဆုံး၊ လူဦးရေအများဆုံးနှင့် အကြီးဆုံးလူမျိုးစုကို ရည်ညွှန်းခြင်းလား။ ဤသို့ဖြစ်ပါကလည်း

ကရင်လူမျိုးများကြား အချင်းအချင်းပင် ခွဲခြားဆက်ဆံရာ ရောက်သကဲ့သို့ ဖြစ်နေမည် ဖြစ်သည်။

အထက်ပါကရင်လူမျိုးအုပ်စုဥပမာအားကြည့်ပါက မေးခွန်းနှစ်ရပ် တွေ့ရမည်ဖြစ်သည်။ ၎င်းတို့မှာ အဘယ်ကြောင့် ဘာသာစကားပြောအသံထွက်ကွဲသော လူမျိုးတူလူများအား လူမျိုးစုကွဲများအဖြစ်သို့ ခွဲခြားသတ်မှတ်သနည်း နှင့် အဘယ်ကြောင့် ကရင်လူမျိုးအားလုံးမှ ဘုံအဖြစ်လက်ခံထားသော ကရင်ဆိုသည့် ဘုံအမည်နာမလက္ခဏာအား လူမျိုးကွဲတစ်မျိုး အဖြစ် ထပ်မံထည့်သွင်းရေတွက်ထားသနည်း ဆိုသည်တို့ဖြစ်သည်။ မည်သည့် အကြောင်းနှင့် ခွဲခြားသတ်မှတ်သည်ဖြစ်စေ ဤအချင်းအရာမှာ မြန်မာနိုင်ငံ၏ လက်ရှိ နိုင်ငံရေးအခင်းအကျင်းနှင့် ဆက်စပ်သုံးသပ်ပါက လူမျိုးတစ်မျိုးအတွက် ကျေနပ်ဖွယ် ကောင်းသော ဖြစ်စဉ်မဟုတ်ပါ။ လူမျိုးတစ်မျိုးတည်းအား လူမျိုးစုကွဲများအဖြစ်သို့ ခွဲခြားသတ်မှတ်ခြင်းအားဖြင့် အချင်းချင်းအကြားဖယ်ကျဉ်မှုဖြစ်စေကာ ၎င်းလူမျိုး၏ အမျိုးသားရေးလက္ခဏာအားလည်း မှေးမှိန်စေမည်သာဖြစ်သည်။ လူမျိုးတစ်မျိုး၏ ဖြစ်တည်မှုနှင့် လူဦးရေပမာဏအပေါ်တွင် နိုင်ငံရေးအခွင့်အရေးများ ပေးအပ်နေသော လက်ရှိမြန်မာနိုင်ငံတွင် ဤသို့ခွဲခြားသတ်မှတ်ပါက အင်အားနည်းသော လူမျိုးတို့မှာ ပို၍ပင် နိုင်ငံရေးအရ အားနည်းသည့်ဘက်သို့သာ ကျရောက်စေမည်ဖြစ်သည်။

## ၃.၃။ နေရာဒေသ အခြေပြုကာ လူမျိုးများအား အုပ်စုဖွဲ့ထားခြင်း။

နေရာဒေသအခြေပြုကာ မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများအား အုပ်စုဖွဲ့ခွဲခြားထားခြင်းအား ရှမ်းလူမျိုးအုပ်စုတွင် ကြည့်ပါက အသိသာဆုံးဖြစ်ပါသည်။ ရှမ်းလူမျိုးအုပ်စုအား ဥပမာအဖြစ်ကြည့်ပါက လွဲမှားခြင်းနှင့် သဟဇာတ မဖြစ်ခြင်းများမှာ တစ်ခုထက်မက ရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။ ရှမ်းပြည်နယ်ရှိ ပအိုဝ်း၊ ပလောင်၊ ဝ၊ ဓနု၊ အင်းသား၊ ကိုးကန့်နှင့် လားဟူ စသည့် လူမျိုးသည် ရှမ်းလူမျိုးများကိုယ်၌မှ လည်းကောင်း၊ ၎င်းသက်ဆိုင်ရာ လူမျိုးများကိုယ်၌မှလည်းကောင်း ၎င်းတို့သည် ရှမ်းအနွယ်ဝင်လူမျိုးများဖြစ်သည်ဟု လက်ခံထားခြင်းမရှိပါ။ ဓနုလူမျိုး နှင့် အင်းသားလူမျိုးတို့မှာ ဗမာလူမျိုးနှင့် ဘာသာစကားအလွန်ပင် နီးစပ်သူများဖြစ်ကြပြီး၊ ပအိုဝ်း၊ တအာန်း၊ ဝ နှင့် ကိုးကန့် စသည်တို့မှာလည်း ရှမ်းအနွယ်ဝင်လူမျိုးစုဖြစ်ရခြင်း ဆိုသည်ထက် သီးခြားလူမျိုးများအဖြစ် ဖြစ်တည်ကြောင်းကို ပို၍နှစ်သက်သော လူမျိုးများသာ ဖြစ်နေသည်မှာ အထင်အရှားဖြစ်သည်။

သို့ဖြစ်ပါက အဘယ်ကြောင့် ၎င်းတို့အား ရှမ်းအနွယ်ဝင်လူမျိုးစုများအဖြစ် ထည့်သွင်းအုပ်စုဖွဲ့ထားရသနည်း။ လက်ရှိအစိုးရအနေဖြင့် ဖြေရှင်းရန်လိုအပ်ပါသည်။ အဘယ်ကြောင့်ဆိုသော် နေထိုင်ရာ ပထဝီဒေသအား အခြေခံကာ သမိုင်းအရလည်းဆက်စပ်မှုမရှိသော မိမိတို့လူမျိုး၏ သီးခြားဖြစ်တည် တည်ရှိမှုကို ပို၍နှစ်သက်လက်ခံလိုသော လူမျိုးများအား ပို၍ကြီးသော လူမျိုးတစ်မျိုး၏ အနွယ်ဝင် မျိုးနွယ်စုများဖြစ်သည်ဟု ထည့်သွင်းအုပ်စုဖွဲ့ပါက လူမျိုးငယ်များအား သွတ်သွင်းသည့်သဘောသာဖြစ်၍ လူမျိုးစုအခြေပြုအမျိုးသားရေး လှုပ်ရှားမှုများ အရှိန်အဟုန်ကောင်းနေသော လက်ရှိမြန်မာနိုင်ငံရေးအခြေအနေအား ပို၍ ရှုပ်ထွေးစေမည်သာဖြစ်သည်။

## ၃.၄။ မတူညီသော အမည်များဖြင့် လူမျိုးတစ်မျိုးတည်းအား နှစ်မျိုး (သို့) သုံးမျိုးအဖြစ် ရေတွက်ထားခြင်း

သန်းခေါင်စာရင်းကောက်ခံခြင်းနှင့် ပတ်သက်၍ ကျွမ်းကျင်ပညာရှင်များပါဝင်ပြီး အမေရိကန်ဒေါ်လာ သန်းပေါင်း ၇၀ ကျော်အကုန်အကျခံထားသော်လည်း မြင်သာမှု အရှိဆုံးအလွဲ၊ သန်းခေါင်စာရင်းပြုစုပုံ နည်းစနစ်၏ အားနည်းချက်နှင့် မြေပြင်အခြေအနေ သဟဇာတ မဖြစ်မှုအား ညွှန်ပြနေသောအချက်မှာ လူမျိုးစုတစ်ခုတည်းအား မတူညီသော အမည်များအဖြစ် လူမျိုးစုနှစ်ခုအဖြစ်သို့ ထပ်တလဲလဲ ရေတွက်ထားခြင်း ဖြစ်သည်။ ဥပမာ- ရှမ်းလူမျိုးစု (၃၃) မျိုးအတွင်းရှိ "တိုင်းလုံ" နှင့် "ရှမ်းကြီး"၊ "တိုင်းလေး" နှင့် "ရှမ်းကလေး" တို့မှာ လူမျိုးစုတစ်ခုတည်းအား အမည်နှစ်မျိုးဖြင့် ထပ်တလဲလဲ ခွဲခြားသတ်မှတ်ထားခြင်းဖြစ်သည်။ အမှန်စင်စစ် "တိုင်းလုံ" ဆိုသည်မှာ ရှမ်းဘာသာစကားဖြစ်ပြီး၊ "ရှမ်းကြီး"ဆိုသည်မှာ ဗမာဘာသာစကားဖြင့် "တိုင်းလုံ"ဆိုသော လူမျိုးစုအားရည်ညွှန်းခြင်းပင်ဖြစ်သည်။ "တိုင်းလေး" နှင့် "ရှမ်းကလေး" တို့မှာလည်း ထိုနည်းၡင်းပင်ဖြစ်သည်။ ကရင်လူမျိုးအုပ်စုအားကြည့်ပါကလည်း မွန်ကရင်(စာဖြူ) ဆိုသည်မှာ ခရစ်ယာန်ဘာသာကိုးကွယ်သည့် ကရင်လူမျိုးများသာဖြစ်သည်။ ဤကဲ့သို့သော အလွဲများမှာ ရှမ်းလူမျိုးအုပ်စုနှင့် ကရင်လူမျိုးအုပ်စုများတွင်ပင် ဖြစ်ပွားခြင်း မဟုတ်ဘဲ အခြားသော လူမျိုးအုပ်စုများတွင်လည်း တွေ့နိုင်ပါသည်။ ထို့ကြောင့်ပင် ၂၀၁၄ သန်းခေါင်စာရင်း ဆိုသည်မှာ မည်သူက မည်သည့်ရည်ရွယ်ချက်များနှင့် ပြုစုခြင်း ဖြစ်သနည်းနှင့် သန်းခေါင်စာရင်းကောက်ခံရာတွင် အမျိုးအစားခွဲခြားသတ်မှတ်ခြင်း ခံရသော သက်ဆိုင်ရာလူမျိုးများ၏ အကြံအဉာဏ်များနှင့် သဘောထားများပင် ပါဝင်ခြင်း ရှိခဲ့ပါရဲ့လား ဆိုသည်မှာ မေးခွန်းထုတ်စရာဖြစ်ပါသည်။

## ၃.၅။ ရည်ရွယ်ချက်ရှိရှိ ချန်လှပ်ထားခြင်းလား၊ အသိအမှတ်မပြုခြင်းလား

၂၀၁၄ သန်းခေါင်စာရင်းရှိ တိုင်းရင်းသား ၁၃၅ မျိုးနှင့် ဆက်စပ်၍ သဟဇာတမဖြစ်မှု အချို့ကို ဆွေးနွေး ထောက်ပြခဲ့ပြီးဖြစ်ပါသည်။ ဤအပိုဒ်တွင် အချို့သော တိုင်းရင်းသား လူမျိုးစုများ၏ အမည်စာရင်းများမှာ တရားဝင်ဖြစ်လာသော ၁၃၅ မျိုးတွင် ထည့်သွင်း အသိအမှတ်ပြု မခံရခြင်းလား (သို့မဟုတ်) လွဲမှားအမည်တပ်ခံရခြင်းလား မရှင်းလင်းမှု များကို ဆွေးနွေးလိုပါသည်။ ဥပမာအနေဖြင့် ကချင်ပြည်နယ် တောင်ပိုင်းဒေသနှင့် စစ်ကိုင်းတိုင်း ဒေသတွင် မှီတင်းနေထိုင်ကြသော ရှမ်းဘာသာစကားဖြင့် အခေါ် အဝေါ် "တိုင်းလိုင်"၊ မြန်မာဘာသာစကားဖြင့် အခေါ် "ရှမ်းနီ"လူမျိုးစုများ၏ အရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုပါသည်။

ရှမ်းနီလူမျိုးများသည် လူဦးရေအားဖြင့် ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသများတွင် အတော်အတန် ရှိပါသော်လည်း ၁၃၅ မျိုးသော တိုင်းရင်းသား လူမျိုးစာရင်းတွင် ပါဝင်သည်၊ မပါဝင်သည်ကို ၎င်းကာယကံရှင် လူမျိုးများကိုယ်၌ကပင် ဒွိဟဖြစ်နေကြခြင်းဖြစ်သည်။ လက်ရှိတွင် ရှမ်းနီလူမျိုးအများစုသည် ၎င်းတို့၏ နိုင်ငံသားစိစစ်ရေးကဒ်ပြားများရှိ လူမျိုးဆိုသော နေရာတွင် ၎င်းတို့၏လူမျိုးစုအမည်ဖြစ်သော "တိုင်းလိုင်" (သို့မဟုတ်) "ရှမ်းနီ" အစား "ရှမ်း-ဗမာ" (သို့မဟုတ်) "ဗမာ" ဟု ထည့်သွင်းရေးသားထားခြင်းကို ကြုံနေရသည်ကတစ်ကြောင်း၊ ရှမ်းနီဘာသာစကားအရ ၎င်းတို့၏ "တိုင်းလိုင်" ဆိုသည့် လူမျိုးအမည်အား ၁၃၅ မျိုးစာရင်းတွင် ရှာမတွေ့သည်ကတစ်ကြောင်း စသည့်အကြောင်းများကြောင့် လက်ရှိတွင် ၎င်းတို့သည် တိုင်းရင်းသားတစ်မျိုးပင် ဖြစ်ပါလျှက်နှင့် အဘယ်ကြောင့် ၁၃၅ မျိုးစာရင်း ထည့်သွင်းခြင်းမခံရသနည်းဟု မေးခွန်း ထုတ်သော်လည်း အဖြေရှာမရဖြစ်နေပါသည်။ ဤသို့ဖြစ်ပါက ရှမ်းနီလူမျိုးစုများအား ယခုလက်ရှိ ရှမ်းလူမျိုး (၃၃) မျိုးတွင် ပါရှိသော လူမျိုးစုတစ်ခုခုအဖြစ် လွဲမှားအမည် တပ်ထားခြင်းလား (သို့မဟုတ်) ၎င်းတို့၏မှတ်ပုံတင်များတွင် ဗမာ၊ ရှမ်း-ဗမာဟု ပါရှိခြင်းကြောင့် ဗမာလူမျိုးစာရင်းတွင်သာ ထည့်သွင်းရေတွက်ခြင်းလား (သို့ မဟုတ်) အကြောင်းတစ်ခုခုကြောင့် ချန်လှပ်ထားခဲ့ခြင်းလား ဆိုသည်ကို လက်ရှိအစိုးရအနေဖြင့် ဖြေရှင်းပေးရန် လိုအပ်နေပါသည်။

အထက်ပါဥပမာအား ဆင်ခြင်ပါကလည်း သန်းခေါင်စာရင်းပြုစုကောက်ခံရာတွင် သက်ဆိုင်ရာတိုင်းရင်းသားလူမျိုးအသီးသီး၏သဘောထားများနှင့်အသိအမှတ်ပြုမှုများအား လေ့လာပါဝင်စေခဲ့ခြင်း မရှိဆိုသည်မှာ အထင်အရှားဖြစ်နေပါသည်။ ဆက်လက်၍လည်း တိုင်းရင်းသားတစ်မျိုးပင်ဖြစ်ပါလျှက်နှင့် ၁၃၅ မျိုးတွင် ထည့်သွင်းခြင်းမခံရခြင်းအားဖြင့် နိုင်ငံရေးအခွင့်အရေးများ ဆုံးရှုံးနေမည်ဆိုသည့် ပူပန်မှုများအား လက်ရှိအစိုးရအနေဖြင့် စိတ်ကျေနပ်လောက်သော ဖြေရှင်းမှုများဖြင့် ဖြေလျော့ပေးရန် အလွန်ပင်အရေးကြီးပါသည်။

## ၃.၆။ တိုင်းရင်းသားလူမျိုးများကိုယ်၌ကရော မိမိတို့ကိုယ်မိမိ မည်သို့ခေါ်ဝေါ်၍ မည်သို့ သတ်မှတ်ကြပါသလဲ

တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးခွဲခြားသတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာလူမျိုး အသီးသီး၏ အယူအဆသဘောထားပါဝင်ရန်မှာ လွန်စွာအရေးကြီးသည်ဟု ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ဆက်လက်၍လည်း တိုင်းရင်းသားလူမျိုး အမျိုးအစား ခွဲခြားသတ်မှတ်ရာတွင် ဆိုင်ရာဆိုင်ရာ တိုင်းရင်းသားလူမျိုးတစ်မျိုးစီတိုင်းမှ ၎င်းတို့လူမျိုးအား ၎င်းတို့၏ ကိုယ်ပိုင်ဘာသာစကားအားဖြင့် မည်သို့ခေါ်ဝေါ်သနည်းနှင့် တိုင်းရင်းသားလူမျိုးတစ်မျိုးစီမှ ၎င်းတို့နှင့် ဆက်နွယ်ဆင်းသက်သည့် အမျိုးသား (National)၊ မျိုးနွယ်စု (Tribal)၊ ဆွေမျိုးစု (Clan) စသည်များကို မည့်သည့်အရာများအပေါ် အခြေခံပြီး လူမျိုးတစ်မျိုးအဖြစ် (သို့မဟုတ်) မျိုးနွယ်စုဝင်အဖြစ် (သို့မဟုတ်) ဆွေမျိုးစုအဖြစ် မည်သို့မည်ပုံ ဆက်စပ်သတ်မှတ်ကြသနည်း စသည်တို့အား သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုး အသီးသီးတို့၏ သဘောထားကို လေ့လာခံယူရန်မှာလည်း အလွန်ပင် အရေးကြီးပါသည်။ သို့မှသာလျှင် မျှတ၍ လက်ခံနိုင်ဖွယ်ဖြစ်သော အမျိုးအစား ခွဲခြားသတ်မှတ်မှုဟု ဆိုနိုင်မည်ဖြစ်ပါသည်။

၂၀၁၄ မြန်မာနိုင်ငံသန်းခေါင်စာရင်းပါ တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးစာရင်းအားကြည့်ပါက အများစုသော တိုင်းရင်းသားလူမျိုးတို့၏အမည်များမှာ သက်ဆိုင်ရာတိုင်းရင်းသားလူမျိုးတို့မှ မိမိတို့၏ ကိုယ်ပိုင်ဘာသာစကားဖြင့် မိမိတို့တိုင်းရင်းသားလူမျိုးအား ခေါ်ဝေါ်သော အမည်များ မဟုတ်ကြပါ။ ဗမာဘာသာစကားဖြင့် ခေါ်ဆိုသော အမည်များသာဖြစ်ပါသည်။ ဥပမာအားဖြင့်ဆိုရပါက ဗမာဘာသာစကားဖြင့် ရှမ်း ဟုခေါ်ဆိုသော လူမျိုးတို့မှာ ၎င်းတို့၏ ကိုယ်ပိုင်ဘာသာစကားဖြင့် မိမိတို့ကိုယ်ကိုယ်မိမိတို့ "တိုင်" ဟုသာခေါ်ဆိုကြပါသည်။ ထို့နည်းတူ ကရင်ဟု ဗမာဘာသာစကားဖြင့် ခေါ်ဝေါ်သော လူမျိုးမှာလည်း ကိုယ်ပိုင်ဘာသာစကားဖြင့် မိမိတို့ကိုယ်မိမိ "ကညော၊ ဖလုံ၊ ဖလုံး" ဟု သာခေါ်ဆိုကြပါသည်။ ကချင်၊ ကယား၊ ချင်း၊ မွန်၊ ရခိုင် နှင့် အစရှိသော တိုင်းရင်းသားလူမျိုး အသီးသီးမှာလည်း ဤနည်းလည်းကောင်းပင် ဖြစ်ကြမှာ မလွဲပါ။ ဤကဲ့သို့ မြန်မာနိုင်ငံ၏ တိုင်းရင်းသားလူမျိုးများအား အမျိုးအစားခွဲခြားသတ်မှတ်ရာတွင် ဗမာဘာသာစကားအားဖြင့် ခေါ်ဝေါ်သော အမည်နာမများအားသာ အသုံးပြုထားခြင်းမှာ လုပ်ငန်းလမ်းစဉ်အရ များယွင်းပါသည်ဟု မဆိုသာသော်လည်း သက်ဆိုင်ရာတိုင်းရင်းသားတို့နှင့် ညှိနှိုင်း

ဆွေးနွေးခြင်းမပြုဘဲ ဗမာဘာသာစကားဖြင့်ခေါ်ဝေါ်သော အမည်နာမများအားသာ သုံးနှုန်း၍ ခွဲခြားသတ်မှတ်ခဲ့ခြင်းများသည် တိကျသေချာမှုမရှိသော ရလဒ်များ ထွက်ပေါ် လာရခြင်း၏ များစွာသော အကြောင်းအရင်းများမှ အဓိကကျသော အကြောင်းအရင်း တစ်ရပ်လည်းဖြစ်ပါသည်။

တိုင်းရင်းသားလူမျိုးတစ်မျိုးအား အုပ်စုဖွဲ့ သတ်မှတ်ရာတွင် ပြင်ပအဖွဲ့အစည်း သို့မဟုတ် လူမျိုးတစ်မျိုးမှ ၎င်းလူမျိုးတစ်မျိုး၏ လူမျိုးဖြစ်တည်မှု၊ ဆက်နွယ်သော မျိုးနွယ်စုဝင်များ နှင့် ဆွေမျိုးစုများအား သတ်မှတ်ခြင်းထက် သက်ဆိုင်ရာလူမျိုးများကိုယ်၌မှ မိမိတို့ ကိုယ်မိမိ မည်သို့သတ်မှတ်သနည်း၊ မျိုးနွယ်စုနှင့် ဆွေမျိုးစုများ ဆက်စပ်မှုတွင် မည့်သည့်အကြောင်းအရာကို အခြေခံသနည်း စသည်တို့ကိုသာ အလေးထား စဉ်းစားရန် လိုအပ်ပါသည်။ လူမျိုးတစ်မျိုးမှ မိမိတို့ကိုယ်မိမိတို့မည်ကဲ့သို့ ဆက်စပ်သတ်မှတ် သနည်းဆိုရာတွင် ရှမ်းလူမျိုး (၃၃) မျိုးဟု ခွဲခြားထားသော စာရင်းအရ လူမျိုးမတူသော်လည်း ရှမ်းဟူသောအုပ်စုအောက်တွင် များယွင်းစွာ ထည့် သွင်းရေတွက်ထားသော ဝ၊ ပလောင်၊ ကိုးကန့်၊ ဓနု၊ အင်းသား၊ ပအိုဝ်းအစရှိသည့် လူမျိုးများမှလွဲ၍ ကျန်လူမျိုးများမှာ ဆင်းသက်ရာ ဇာတိဇစ်မြစ်၊ ဘာသာစကား နှင့်စာပေ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများ စသည့် တူညီသည့် အရာများအား ဘုံအဖြစ်လက်ခံကာ ရှမ်းဆိုသော ဘုံအမည်နာမအောက်တွင် လူမျိုးတစ်မျိုးတည်း အဖြစ် လက်ခံထားကြသူများဖြစ်သည်။ လူမျိုး (၁၁) မျိုးဖြင့် ဖွဲ့စည်းထားသည်ဟူသော ကရင်လူမျိုးအုပ်စုတွင် ရှမ်းလူမျိုးအုပ်စုနှင့် မတူညီသော အချက်တစ်ချက်မှာ (၁၁) မျိုးလုံးမှ ဘုံနားလည်နိုင်သော ဘုံစာပေနှင့် ဘာသာစကားမရှိခြင်းပင်ဖြစ်သည်။ ကရင်ဘာသာစကားနှင့် စာပေများမှာ (၃) မျိုးနှင့် အထက်ရှိပါသည်။ သို့သော် ကရင်လူမျိုးတို့အား ကရင်ဆိုသော ဘုံအမည်နာမအောက်တွင် လူမျိုးတစ်မျိုးတည်း အဖြစ်ဆက်စပ်ပေးနေသည်မှာ ဆင်းသက်ရာဇာတိဇစ်မြစ်၊ ရိုးရာယဉ်ကျေးမှု နှင့် ဓလေ့ထုံးတမ်းများပင်ဖြစ်သည်။ အုပ်စုဖွဲ့ခွဲခြားထားသော လူမျိုးရှစ်စုအနက် ကျန်ရှိသော (၆) ခုအား လေ့လာပါကလည်း ကရင်နှင့် ရှမ်းဥပမာများကဲ့သို့ပင် အမည်နာမ တစ်ခုတည်းအောက်တွင် လူမျိုးတစ်မျိုးတည်း၏ ရပ်တည်ရန်လိုအပ်သော ဘုံဆက်စပ်၍ ရသော လက္ခဏာတစ်ရပ်ရပ်ရှိနေပါသည်။

တိုင်းရင်းသားလူမျိုးအသီးသီးမှ မိမိတို့ကိုယ်မိမိတို့ သတ်မှတ်ပုံ နှင့် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးရှိသည်ဆိုသော ၂၀၁၄ သန်းခေါင်စာရင်း၏ သတ်မှတ်မှုတို့ကို နှိုင်းယှဉ်၍လေ့လာကြည့် သင့်ပါသည်။ အမျိုးသားအဆင့် လူမျိုး (National)၊ မျိုးနွယ်စုဝင် (Tribe)၊ ဆွေမျိုးစုဝင်

(Clan) ဟု ရှင်းလင်းတိကျစွာ ခွဲခြားဖော်ပြခြင်းမရှိပဲ ၁၃၅ မျိုးလုံးအား အမျိုးသားအဆင့် လူမျိုးတစ်မျိုးခြင်းအနေဖြင့် ခွဲခြားသတ်မှတ်မည်ဆိုပါက ရှေ့လျှောက်တွင် ပို၍ပင်ရှုပ်ထွေး ၍ မည်သည့်လူမျိုးတစ်မျိုးအတွက်မျှ အကျိုးဖြစ်ထွန်းစေမည်မဟုတ်ပါ။ ကချင်၊ ကယား၊ ကချင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းစသည်တို့အား အမျိုးသားအဆင့် လူမျိုးများဟု သတ်မှတ်ပါက ကျန်ရှိသော လူမျိုးများမှာ ၎င်းတို့၏ မျိုးနွယ်စုဝင် (Tribe) (သို့မဟုတ်) ဆွေမျိုးစုဝင် (Clan) လူမျိုးများသာ ဖြစ်သင့်ပါသည်[44]။ ထိုသို့ မဟုတ်ပါက မျိုးနွယ်စုဝင်အချင်းချင်းကြား ယှဉ်ပြိုင်မှုသည် လူမျိုးတစ်မျိုး၏ ဖြစ်တည်မှု ကိုပါ ရိုက်ခတ်မှုရှိနိုင်ပြီး ၎င်းလူမျိုး၏ လူမှုရေးအရ၊ စီးပွားရေးအရ၊ နိုင်ငံရေးအရ ရပ်တည်နေနိုင်မှုကိုပါ အားနည်းစေမည်ဖြစ်သည်။ (ဥပမာအားဖြင့် "စော" မည်သူသည် မျိုးနွယ်စုအားဖြင့် စကောကရင်အမျိုးသားဖြစ်ကာ၊ "စ" မည်သူသည် အနောက် ပိုးကရင် မျိုးနွယ်စုမှဖြစ်ပြီး ၎င်းတို့နှစ်ဦးလုံးမှာ အမျိုးသားအဆင့်လူမျိုးတွင် "ကရင်" လူမျိုးသာ ဖြစ်သည်ဆိုသည်ကို နိုင်ငံတော်မှလည်း ရှင်းရှင်းလင်းလင်းဖော်ပြကာ ကရင်လူမျိုးများ ကိုယ်တိုင်မှလည်း နားလည်သဘောပေါက်ရန်ဖြစ်ပါသည်[45]။)

44 ၁၃၅ မျိုးအတွင်းပါရှိသော အချို့သော လူမျိုးများသည် ဖော်ပြပါ လူမျိုး (၈) မျိုး၏ မျိုးနွယ်စုဝင်လူမျိုးဖြစ်ရခြင်း ထက် သီးခြားလူမျိုးတစ်မျိုးအနေဖြင့် ဖြစ်တည်မှုကို လိုလားသည်ကို စာရေးသူအနေဖြင့် လေ့လာသိရှိထားပြီးဖြစ်ပါသည်။ အထက်ပါဖော်ပြချက်မှာ ၂၀၁၄ ခုနှစ်သန်းခေါင်စာရင်း နှင့် ဆက်စပ် အသုံးအနှုန်းများအား ထောက်ပြခြင်းသာဖြစ်ပါသည်။

45 ချင်းလူမျိုးထဲက မျိုးနွယ်စုများအကြောင်း (၂၀၁၃) စာအုပ်ပါ "ဆလိုင်းမည်သူသည် မျိုးနွယ်စုအားဖြင့် လိုင် (သို့) ရှိုးဖြစ်လျှင် လူမျိုး-အမျိုးသားအားဖြင့်ချင်းဖြစ်ရပေမည်" စာကြောင်းအား ကိုးကားရေးသားထား ခြင်းဖြစ်ပါသည်။

## ၃.၇။ ရှေ့ဆက်စဉ်းစားသင့်သည့်အရာများ

၂၀၁၄ သန်းခေါင်စာရင်းသည် နှစ်သုံးဆယ်အတွင်း မြန်မာနိုင်ငံ၏ပထမဆုံး အနောက်တိုင်း ပုံစံ သန်းခေါင်စာရင်းပြုစုခြင်းမှ ထွက်ပေါ်လာသော ရလဒ်ဖြစ်သည်နှင့်အတူ နည်းပညာ အရဖြစ်စေ၊ အသိပညာအရဖြစ်စေ၊ လူ့စွမ်းအားအရင်းအမြစ်တွင်ဖြစ်စေ လိုအပ်မှုများ ရှိကောင်းရှိနိုင်မည် ဖြစ်သကဲ့သို့ တိုင်းရင်းသားလူမျိုးများအား အမျိုးအစားခွဲခြားသတ်မှတ် ရာတွင်လည်း အထက်တွင်ဖော်ပြခဲ့သည့် သာဓကများအတိုင်း သဟဇာတမဖြစ်မှုများ၊ အချို့သောအလွဲများနှင့် အားနည်းချက်များ ရှိနေသည်မှာ အံ့သြလောက်စရာ မဟုတ် ပါ။ သို့သော် အာဏာပိုင်များအနေနှင့် ဤအငြင်းပွားဖွယ်ရာ တိုင်းရင်းသားလူမျိုး အမျိုး အစား ခွဲခြားသတ်မှတ်မှုနှင့် အခြားသောအားနည်းချက်များအား အချိန်မီ ဖြေရှင်းကာ ပြည်သူလူထုထံသို့ ပွင့်လင်းမြင်သာမှုရှိစွာ အသိပေးချပြရန် လိုအပ်ပါသည်။ ယုံကြည် လက်ခံစရာကောင်းလောက်သော ပြင်ဆင်ခြင်းနှင့် ရလဒ်ဖြစ်ရန်မှာလည်း ပတ်သက် ဆက်နွယ်နေသော တိုင်းရင်းသားလူမျိုး တစ်မျိုးစီတိုင်း၏ ပူးပေါင်းပါဝင်မှုရရှိရေးမှာ အရေးကြီးပါသည်။ ဆက်လက်၍လည်း အစိုးရအနေဖြင့် တိုင်းရင်းသားလူမျိုး အမျိုးအစား ခွဲခြားသတ်မှတ်ခြင်းသည် နိုင်ငံရေးဆုံးဖြတ်ချက်များနှင့် လူတစ်စု၏ နိုင်ငံရေး အကျိုး အမြတ်အတွက် မဟုတ်ဘဲ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် သတင်းအချက်အလက် ပြုစုခြင်း သာဖြစ်သည်ဆိုသောသဘောကို လက်တွေ့လုပ်ဆောင်ပြသရန်လည်း လိုအပ် ပါသည်။




ပုံ(၅)။ ခေတ်အဆက်ဆက်ခွဲခြားခြင်းခံခဲ့ရခြင်း၏ရလဒ်ကို မြင်နိုင်ပါသည်။ စုပေါင်းစိတ်ဓာတ်ဖြင့် ပြည်ထောင်စုကိုတည်ဆောက်ရန် လူမျိုးတစ်မျိုး၏ အမှတ်သရုပ်လက္ခဏာအား စွန့်လွှတ်ရန် မလိုအပ်ပါ။ သို့သော် ခေတ်အဆက်ဆက် ခွဲခြားဖိနှိပ်ခံရခြင်း၏ အကျိုးဆက်အနေဖြင့် မြန်မာနိုင်ငံ၏တိုင်းရင်းသားလူမျိုး အသီးသီးတို့မှာ ပေါင်းစည်းဖို့ရာ ခက်ခဲနေဆဲဖြစ်ပါသည်။

မောင်မောင်ဖောင်တိန် ၂၀၁၉၊ ဧရာဝတီ။ Source: https://burma.irrawaddy.com/cartoon/2019/02/08/182823.html

# အပိုင်း (၄)

## ၂၀၀၈ ခုနှစ် မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေပါ တိုင်းရင်းသားလူမျိုးဖြစ်တည်မှုနှင့် အမျိုးအစား အလိုက် ပေးအပ်သော နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများ

## အပိုင်း (၄) ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပါ တိုင်းရင်းသားလူမျိုးဖြစ်တည်မှု နှင့် အမျိုးအစားအလိုက် ပေးအပ်ထားသော နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများ

"လူနည်းစု တိုင်းရင်းသားများအတွက် အခွင့်အရေးတစ်ရပ်ဟု
အပေါ်ယံ မြင်ရသော်လည်း လက်တွေ့တွင် လူမျိုးကြီး တစ်မျိုးကသာ
အကျိုးခံစားနေရသည့် အနေအထားဖြစ်နေသလား။"

မြန်မာနိုင်ငံ၏ လက်ရှိအမြင့်ဆုံးဥပဒေဖြစ်သည့် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံရေးဆိုင်ရာ အသိအမှတ်ပြုမှုများ (Politicial Recognition) နှင့် နိုင်ငံရေးဆိုင်ရာအခွင့်အရေးများ (Political Rights) ပေးအပ်နေမှုများသည် တိုင်းရင်းသားလူမျိုးဖြစ်တည်မှုနှင့် အမျိုးအစားခွဲခြားသတ်မှုများအပေါ်တွင် အခြေခံအုတ်မြစ်ချထားခြင်းဖြစ်သည်။ ခြုံငုံကြည့်မည်ဆိုပါက ၎င်းတို့မှာ ၁၉၇၄ ခုနှစ်၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ ကတည်းက ရှိနေခဲ့သော ပြည်နယ် (၇) ပြည်နယ်အား တိုင်းရင်းသားလူမျိုး (၇) မျိုးတို့၏ အမည်များဖြင့် ဆက်လက်သတ်မှတ်ပေးထားခြင်း[46]၊ သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးတို့၏အမည်ဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၅) ဒေသနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (၁) တိုင်း သတ်မှတ်ပေါ်ပေါက်လာခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း ထိုတိုင်းဒေသကြီး/ပြည်နယ်ရရှိပြီးသော (သို့မဟုတ်) ထိုတိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုရရှိပြီးသော တိုင်းရင်းသားလူမျိုးမှအပ ကျန်တိုင်းရင်းသားလူမျိုးများအတွက် ၎င်းတို့အခြေချနေထိုင်ရာ ပြည်နယ် (သို့ မဟုတ်) တိုင်းတစ်ခုခုအတွင်း လူဦးရေသည် မြန်မာတစ်နိုင်ငံလုံးလူဦးရေ၏ ၀.၁ ရာခိုင်နှုန်းရှိပါက ကိုယ်စားလှယ်ရွေးကောက်ပိုင်ခွင့်ရှိခြင်းတို့ ဖြစ်သည်။[47] တစ်နည်းအားဖြင့်ဆိုရပါက ဗမာလူမျိုးမှအပ နိုင်ငံရေးအရ အသိအမှတ်ပြုခြင်းခံရပြီး နိုင်ငံရေးဆိုင်ရာအခွင့်အရေးများ ပေးအပ်ခြင်းခံရသော ဗမာလူမျိုးမဟုတ်သောတိုင်းရင်းသားလူမျိုးများမှာ ၁၉ မျိုးရှိသည်ဟုဆိုနိုင်ပါသည်။ ၎င်းတို့မှာ

46 ၎င်းပြည်နယ်ခုနစ်ခုမှာ ၁၉၇၄ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အား အတည်ပြုပြဋ္ဌာန်းသည့် အချိန်မှစကာ တည်ရှိနေခဲ့ပြီးဖြစ်သည်။

47 ၂၀၀၈ခုနှစ် မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၆၁။ (ခ)၊ (ဂ) အားကြည့်ပါ။

ပြည်နယ်များရရှိထားကြသော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင် နှင့် ရှမ်းစသည့် လူမျိုးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများရရှိထားကြသော ပအိုဝ်း၊ ပလောင်၊ ဓနု၊ ကိုးကန့်၊ ဝ နှင့် နာဂ စသည့်လူမျိုးများနှင့် သက်ဆိုင်ရာ တိုင်းရင်းသားရေးရာဝန်ကြီးများ ရွေးကောက်ခံပိုင်ခွင့်ရှိသော လူမျိုးများဖြစ်သည့် ကယန်း(ပဒေါင်)၊ လားဟူ၊ လီဆူး၊ ရဝမ်၊ အာခါနှင့် အင်းသားလူမျိုးတို့ ဖြစ်ကြသည်[48]။

သို့သော် ဆွေးနွေးလိုသည်မှာ တိုင်းရင်းသားလူမျိုးဖြစ်တည်မှုနှင့် အမျိုးအစားခွဲခြား သတ်မှတ်ခြင်း အပေါ် တွင်မူတည်၍ ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများ နှင့် ရေးရာကိုယ်စားလှယ်များ ရွေးချယ်ပိုင်ခွင့်များ ပေးအပ်ခြင်းသည် လက်တွေ့ဖြစ်နေသော လူမျိုးဖြစ်တည်မှုများ၊ အမျိုးအစားကွဲပြားမှုများနှင့် အမှန်တကယ်ပင် ကိုက်ညီမှုရှိပါရဲ့လား၊ နိုင်ငံရေးအနှစ်သာရ မပါသော အပေါ် ယံဆန်သည့် လူမျိုးအလိုက် ဒေသများသတ်မှတ် ဖော်ဆောင်ပေးမှုများသည် လူမျိုး၊ ဒေသနှင့် နိုင်ငံရေး အမှတ်သရုပ်လက္ခဏာများအား ပို၍ ရောထွေးစေမည်သာဖြစ်ပြီး မြန်မာနိုင်ငံ၏ လူမျိုးရေး ပဋိပက္ခအား ပြေလည်စေမည်လား၊ လူမျိုးအလိုက် နိုင်ငံရေးအခွင့်အရေးများ ပေးအပ်နေမှုများသည် လူဦးရေအရ သေးငယ် သည့် လူမျိုးများအား နိုင်ငံရေးဦးစားပေးသယောင်နှင့် လူမျိုးကြီးတစ်မျိုးကိုသာ တစ်ဖက် လှည့်နည်းနာဖြင့် ကာကွယ်ထားခြင်းလား နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး မှတစ်ဆင့် ခေတ်အဆက်ဆက်မှစ၍ မရခဲ့သော ပြည်ထောင်များအား အမှန်တကယ်ပင် စုစည်းစေမည်လား ဆိုသည့်မေးခွန်းများပင်ဖြစ်သည်။ ဆက်လက်၍လည်း ၁၉၄၈ ခုနှစ်၊ မြန်မာနိုင်ငံလွတ်လပ်ရေး ရသည့်အချိန်မှစကာ ခေတ်အဆက်ဆက် အုပ်ချုပ်ခဲ့သော အစိုးရများ၏ မတူကွဲပြားမှုကိုစီမံခန့်ခွဲမှု (diversity management) ဆိုင်ရာ စနစ်များသည် အမှန်ပင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး (သို့မဟုတ်) မတူကွဲပြားမှုကြားမှ စည်းလုံးညီညွတ်မှု (unity in diversity) သို့ ဦးတည်စေခဲ့သလား (သို့မဟုတ်) တိုင်းရင်းသားလူမျိုးများ၏ လူမျိုးရေးအခြေခံ အမျိုးသားရေးစိတ်ဓာတ်အား ပို၍ အရှိန်အဟုန်ကောင်းစေကာ လူမျိုးစုအခြေခံ နိုင်ငံရေးလှုပ်ရှားမှုများ အားကောင်းလာစေ သည့်ဘက်သို့ တွန်းပို့ခဲ့သလားဆိုသည်ကို လေ့လာသုံးသပ် ရန်ဖြစ်သည်။

48 Tun Aung Chaing (2014). Nation Building: The Question of Nationalities

## ၄.၁။ တိုင်းရင်းသားရေးရာဝန်ကြီး ရွေးကောက်ပုံ၊ လုပ်ပိုင်ခွင့်နှင့် နိုင်ငံရေးအကျိုးဆက်များ

၂၀၀၈ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၁) ပုဒ်မ ၁၅၊ အခန်း (၄) ပုဒ်မ ၁၆၁ နှင့် အခန်း (၅) ပုဒ်မ ၂၆၂[49] များအရ တိုင်းရင်းသားရေးရာဝန်ကြီးများ ရွေးကောက်ပိုင်ခွင့်ရှိသော တိုင်းရင်းသားများမှာ ဗမာလူမျိုးအပါအဝင် တိုင်းရင်းသားလူမျိုး (၁၃) မျိုးရှိပါသည်။ ၎င်းတို့မှာ ဗမာ၊ ရှမ်း၊ လီဆူး၊ ရဝမ်၊ မွန်၊ ပအိုဝ်း၊ ချင်း၊ ကရင်၊ ရခိုင်၊ လားဟူ၊ အာခါ၊ အင်းသားနှင့် ကယန်း(ပဒေါင်) တို့ဖြစ်ကြ၍ ချင်းပြည်နယ်မှအပ ကျန်ရှိသော ပြည်နယ်နှင့်တိုင်းဒေသကြီး (၁၃) ခုတွင် သတ်မှတ်ထားသည့် လူဦးရေရှိခြင်း၊ မရှိခြင်းတို့အပေါ် တွင် မူတည်၍ ကိုယ်စားလှယ်များ ရရှိထားကြခြင်းဖြစ်သည်။ လက်ရှိတွင် ၎င်းတိုင်းရင်းသားရေးရာဝန်ကြီးအရေအတွက်မှာ စုစုပေါင်း (၂၉) ဦးရှိ၍ ဗမာ တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်မှာ (၅) ဦးရရှိထားပြီး အများဆုံးဖြစ်ကာ ကရင် တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်မှာ (၄) ဦး နှင့် ဒုတိယ အများဆုံးနေရာတွင် အသီးသီး ရှိနေပါသည်။ အထက်ဖော်ပြပါ တိုင်းရင်းသားရေးရာကိုယ်စားလှယ် ရွေးကောက်ခံပိုင်ခွင့် ရရှိထားကြသော လူမျိုးများအနက်မှ အချို့သောလူမျိုးများမှာ လူမျိုးအမည်နှင့် ပြည်နယ်/ တိုင်း ရရှိထားပြီးသား လူမျိုးများလည်းပါဝင်နေသည်ကို တွေ့ရမည်ဖြစ်သည်။

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၄)၊ ပုဒ်မ ၁၆၁ (ခ) နှင့် (ဂ) အရ တိုင်းရင်းသား လူမျိုးတစ်မျိုးအနေဖြင့် သက်ဆိုင်ရာရေးရာကိုယ်စားလှယ်ရွေးကောက်ပိုင်ခွင့် ရရှိနိုင်ရန် နေထိုင်သော ပြည်နယ်/တိုင်းတစ်ခုအတွင်း ၎င်းတို့၏လူဦးရေမှာ မြန်မာတစ်နိုင်ငံလုံးရှိလူဦးရေ၏ သုညဒသမတစ်ရာခိုင်နှုန်း (၀.၁%) ရှိရမည်ဟူ၍ ဖြစ်သည်။ မြန်မာနိုင်ငံတွင် လူနည်းစုဖြစ်ခြင်း၊ လူများစုဖြစ်ခြင်း နှင့် ဆက်စပ်၍ တရားဝင်သတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေများ မရှိသော်လည်း ၀.၁% လူဦးရေသတ်မှတ်မှုအား ကြည့်ခြင်းဖြင့် ၎င်းရေးရာ ကိုယ်စားလှယ် ရွေးကောက်ပိုင်ခွင့်ရှိခြင်း အစီအမံမှာ လူနည်းစုအခွင့်အရေးအား ကာကွယ်စောင့်ရှောက်သည့် အစီအမံတစ်ရပ်ဟုဆိုနိုင်ပါသည်။ သို့သော် လက်တွေ့တွင် လူနည်းစု အစစ်အမှန်ဖြစ်သော တိုင်းရင်းသားလူမျိုးအား အာမခံချက် ရှိပါရဲ့လား။

49 ၂၀၀၈ခုနှစ် ပြည်ထောင်စုသမ္မတနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၁) ပုဒ်မ ၁၅၊ အခန်း (၄) ပုဒ်မ ၁၆၁ (ခ)၊ (ဂ)၊ အခန်း (၅) ပုဒ်မ ၁၆၂ (က) (၄)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င)၊ (စ)၊ (ဆ)၊ (ဇ)၊ (ဈ) တို့တွင် တိုင်းရင်းသားရေးရာကိုယ်စားလှယ်အား လွှတ်တော်အမတ်လောင်းအဖြစ် လူထုမှတိုက်ရိုက်ရွေးကောက်ပုံ၊ အခန်း (၄) တွင် ၎င်းကိုယ်စားလှယ်များအား ရေးရာဝန်ကြီးများအဖြစ်သို့ သက်ဆိုင်ရာပြည်နယ်/တိုင်းဝန်ကြီးချုပ်မှတစ်ဆင့် သက်ဆိုင်ရာပြည်နယ်/တိုင်းလွှတ်တော်တွင် အတည်ပြုကာ နိုင်ငံတော်သမ္မတမှ အတည်ပြုခန့်အပ်ခြင်းအား လေ့လာနိုင်ပါသည်။

အဘယ်ကြောင့်ဆိုသော် ပြည်နယ်/တိုင်းတစ်ခုခုအတွင်းတွင် ရွေးကောက်ရမည် ဖြစ်သော်လည်း ၀.၁%ဆိုသည့်သတ်မှတ်မှုမှာ မြန်မာတစ်နိုင်ငံလုံးရှိလူဦးရေဆိုသည့် အပေါ်တွင် အခြေခံထားခြင်းဖြစ်သည်။ အမှန်တကယ်တွင် လူနည်းစုအား ကာကွယ်စောင့်ရှောက်သည့် အစီအမံဖြစ်သင့်သော်လည်း တစ်နိုင်ငံလုံးရှိ လူဦးရေအပေါ်တွင် အခြေခံထားခြင်းဖြစ်သည့်အတွက် လူနည်းစုကို ကာကွယ်ခြင်းလား၊ လူများစုကို တစ်ဖက်လှည့်နှင့် ပြန်လည်ကာကွယ်ထားခြင်းလား မေးစရာဖြစ်သည်။

တိုင်းရင်းသားရေးရာကိုယ်စားလှယ်များနှင့်သက်ဆိုင်သည့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေအား ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်မှ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၈) ပြဋ္ဌာန်းပေးခဲ့သည်[50]။ သို့သော် ၎င်းဥပဒေအား တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေဟူသာ ခေါင်းစဉ်တပ်ထားခြင်းအား ကြည့်ပါကလည်း တိုင်းရင်းသားရေးရာ ကိုယ်စားလှယ်ရွေးကောက်ခံပိုင်ခွင့် အစီအမံသည် အမှန်တကယ်ပင် လူနည်းစုတိုင်းရင်းသားလူမျိုးအား ကာကွယ်သည့် အစီအမံတစ်ရပ်ဖြစ်ပါသည်ဟု ပြောရန် ခက်ခဲလွန်းလှပါသည်။ ၎င်းဥပဒေတစ်ရပ်လုံးအား လေ့လာကြည့်ပါကလည်း ယဉ်ကျေးမှုဆိုင်ရာလက္ခဏာများနှင့်သာ သက်ဆိုင်သော ပြဋ္ဌာန်းချက်များဖြစ်ပြီး နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများ ပါဝင်ခြင်းမရှိပါ။ ထိုဥပဒေ၏ အခန်း (၅) ပုဒ်မ ၉ (ည) တွင် "လူနည်းစုဖြစ်သော၊ ပျောက်ကွယ်လုနီးပါးဖြစ်သော တိုင်းရင်းသားမျိုးနွယ်စုများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးတမ်းတို့ကို ဖော်ထုတ်ခြင်း၊ ထိန်းသိမ်းခြင်း၊ စောင့်ရှောက်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း" ဟု ပါရှိသော်လည်း မည်မျှပင်ပျောက်ကွယ်လုနီးပါးဖြစ်နေစေကာမူ ရွေးကောက်ခံပိုင်ခွင့်၏ လူဦးရေသတ်မှတ်ချက်ဖြစ်သည့် ၀.၁% မပြည့်မီပါက ၎င်းယဉ်ကျေးမှုပျောက်ကွယ်မည့် အနေအထားမှ ကာကွယ်ပေးနိုင်သည့် ကိုယ်စားလှယ်ရွေးကောက်ပိုင်ခွင့်ရှိမည်မဟုတ်ပေ။

၂၀၁၀ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များအရ တိုင်းရင်းသားရေးရာ ကိုယ်စားလှယ်များအား ၂၀၁၀ခုနှစ်၊ အထွေထွေရွေးကောက်ပွဲကာလ ကတည်းကပင် ရွေးကောက်စေခဲ့ကာ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ပြည်ထောင်စုအဆင့် ဥပဒေအား ၂၀၁၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော်လည်း ပြည်နယ်/တိုင်းဒေသအဆင့် ဥပဒေများကိုမူ ယနေ့ထိတိုင် ပြဋ္ဌာန်းနိုင်ခြင်း

50 မြန်မာ့အလင်းသတင်းစာ၊ ဖေဖော်ဝါရီ ၂၀၁၅

မရှိသေးပါ။ သမ္မတ ဦးသိန်းစိန်၏ အစိုးရသက်တမ်းကာလတစ်လျှောက်တွင်လည်း ပြည်နယ်အဆင့် တိုင်းရင်းသား ရေးရာကိုယ်စားလှယ်များသာရှိ၍ ပြည်ထောင်စုအဆင့် ရေးရာကိုယ်စား လှယ် မရှိသည့်အတွက် ၎င်းတိုင်းရင်းသားရေးရာကိုယ်စားလှယ်တို့မှာ ဦးစီးဦးကိုင် မရှိသည့်မိဘမဲ့များသကဲ့သို့ ဖြစ်နေပါသည်ဟုလည်း သမ္မတ ဦးသိန်းစိန် အစိုးရလက်ထက် ရခိုင်ပြည်နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တစ်ဦးဖြစ်သူ ဦးဖေသန်းမှ ဆိုခဲ့ဖူး ပါသည်[51]။ ဆိုလိုသည်မှာ ပြည်နယ်အဆင့် တိုင်းရင်းသားရေးရာ ကိုယ်စားလှယ်များမှ မည်မျှပင် ကြိုးပမ်းလုပ်ဆောင်နေစေကာမူ ၎င်းတို့၏ လုပ်ငန်းစဉ်များအား တင်ပြရန်နှင့် ဦးစီးဦးကိုင်ပြုရန် ပြည်ထောင်စုအဆင့်ဝန်ကြီး မရှိသည့်အတွက် ၎င်းတို့၏ကြိုးပမ်းမှုမှာ အရာထင်လာနိုင်မည်မဟုတ်ပါ။ ယခု NLD အစိုးရလက်ထက် အရောက်တွင် ပြည်ထောင်စုအဆင့် တိုင်းရင်းသားရေးရာဝန်ကြီးနှင့် ဝန်ကြီးဌာနအား ဖန်တီးခဲ့သော်လည်း တိုင်းရင်းသား လူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေအား ပြည်နယ်/ တိုင်းဒေသများအဆင့်တွင် ပြဋ္ဌာန်းနိုင်ခြင်း မရှိသေးခြင်းသည် ၎င်းတိုင်းရင်းသားရေးရာ ကိုယ်စားလှယ် ရွေးကောက်ခံပိုင်ခွင့် အစီအမံ မည်မျှထိရောက်မှုရှိမည်ကို မှန်းဆ၍ရနိုင်ပါသည်။

ဤတိုင်းရင်းသားရေးရာဝန်ကြီး ရွေးကောက်ပိုင်ခွင့်ပေးထားခြင်းအား ယေဘုယျအနေဖြင့် ကြည့်ပါက အခြေချနေထိုင်ရာ ပြည်နယ်/တိုင်း တစ်ခုခုတွင် မိမိတို့လူမျိုးအမည်နှင့် ထိုပြည်နယ်/တိုင်း (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု မရရှိထားသော တိုင်းရင်းသား လူမျိုးများအတွက် အခွင့်အရေးတစ်ရပ် ဖန်တီးပေးထားသယောင် ထင်ရပါသည်။ ဤအပိုင်းတွင် ဆွေးနွေးလိုသည်မှာ ထိုကဲ့သို့သော တိုင်းရင်းသားများအား အခွင့်အရေးတစ်ရပ် ဖန်တီးပေးထားသယောင် ထင်ရသော်လည်း လက်တွေ့တွင် အမှန်တကယ် မည်မျှအကျိုးထိရောက်နိုင်သလဲ။ လူမျိုးစုအခြေခံ ဖန်တီးပေးထားသော အခွင့်အရေးတစ်ရပ်ဖြစ်နေသည့်အတွက် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုး ခွဲခြားသတ်မှတ်ထားမှုနှင့် ဆင်ခြင်သုံးသပ်ပါကလည်း တိုင်းရင်းသားလူမျိုး တစ်မျိုးစီတိုင်းအတွက် မှန်ကန်မှုရှိပါရဲ့လား။ လူနည်းစုတိုင်းရင်းသားများအတွက် အခွင့်အရေးတစ်ရပ်ဟု အပေါ်ယံမြင်ရသော်လည်း လက်တွေ့တွင် လူမျိုးကြီး တစ်မျိုးကသာ အကျိုးခံစားနေရသည့် အနေထားဖြစ်နေရော့လားဆိုသည့် အချက်များကို လေ့လာသုံးသပ်ရန် ဖြစ်ပါသည်။

51 Frontier Myanmar (2016). Mixed Reaction to New Ethnic Ministry.

ပထမအချက်အနေနှင့် ၂၀ဂ၈ခုနှစ်၊ မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေပါ တိုင်းရင်းသားရေးရာကိုယ်စားလှယ် ရွေးကောက်တင်မြှောက်ခြင်းအတွက် သတ်မှတ်ချက်များအား ကြည့်ပါက တိုင်းရင်းသားရေးရာကိုယ်စားလှယ်အဖြစ် ရွေးကောက်ခံရသူသည် အခြားသော လွှတ်တော်ကိုယ်စားလှယ်များ ကဲ့သို့ပင် ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်အရွေးကောက်ခံရပြီး မိမိပါတီက အဓိကအနိုင်ရပါတီမဟုတ်သော်ငြားလည်း အစိုးရဖွဲ့ချိန်၌ ပြည်နယ်ဝန်ကြီးချုပ်မှ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော်သို့ အမည်စာရင်းတင်သွင်းကာ သမ္မတ၏ အတည်ပြုချက်ဖြင့် အလိုအလျောက် ဝန်ကြီးတစ်ဦးဖြစ်လာမည်ဖြစ်သည်။[52] မဲအများဆုံး အနိုင်ရသည့်ပါတီက အစိုးရဖွဲ့သော မြန်မာ့နိုင်ငံရေးစနစ်တွင် အကယ်၍ ၎င်းတိုင်းရင်းသားရေးရာ ကိုယ်စားလှယ်သည် မဲအများဆုံး အနိုင်ရ ပါတီမှ မဟုတ်ခဲ့ပါက ၎င်း၏လုပ်ပိုင်ခွင့်များမှာ မည်မျှကန့်သတ်မှုရှိမည်၊ ၎င်း၏ မဲဆန္ဒရှင်များ၏ အသံနှင့် ဆန္ဒကိုလည်း မည်မျှပဲ့တင်ထင်ဟပ်နိုင်မည်ကို စဉ်းစားစရာ ဖြစ်သည်။

မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများအား အဓိကအုပ်စုကြီး (၈) ခုအဖြစ် အခြေခံကာ တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးခွဲခြားသတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ သီးခြားလူမျိုးတစ်မျိုးအဖြစ် ရပ်တည်ရှင်သန်လိုသောအချို့သောလူမျိုးစုများမှ ပို၍ကြီးသောလူမျိုးတစ်မျိုးအောက်သို့ သွတ်သွင်းခြင်းခံရသကဲ့သို့ ခံစားနေရခြင်းနှင့် လူမျိုးတစ်မျိုးတည်းအား လူမျိုးစုကွဲများအဖြစ်သို့ ခွဲခြားသတ်မှတ်ခြင်းအားဖြင့် လူမျိုးတစ်မျိုး၏ အမျိုးသားရေးလက္ခဏာအား ကွဲပြားမှေးမှိန်စေပြီး၊ နိုင်ငံရေးအရ အားနည်းသည့်ဘက်သို့ ရောက်ရှိစေမှုများအား အထက်တွင် ထောက်ပြခဲ့ပြီးဖြစ်သည်။ တဖန် ဤ တိုင်းရင်းသားလူမျိုး ၁၃၅ မျိုး ခွဲခြားသတ်မှတ်ခြင်းအား တိုင်းရင်းသားရေးရာဝန်ကြီး ရွေးကောက်မှုပုံစံ နှင့် ဆက်စပ်လေ့လာပါက သဟဇာတ မဖြစ်ခြင်းအချို့အား တွေ့မြင်ရမည်ဖြစ်သည်။ အချို့သောလူမျိုးစုများမှာ လူမျိုးကြီးတစ်မျိုး၏ မျိုးနွယ်စုဝင်များသဖွယ် အုပ်စုတစ်စုအတွင်း ထည့်သွင်းရေတွက်ခြင်းခံရသော်လည်း ၎င်းတို့နေထိုင်ရာ ပြည်နယ်အတွင်းတွင် သက်ဆိုင်ရာ တိုင်းရင်းသားရေးရာဝန်ကြီးများ ရွေးကောက်တင်မြှောက်ပိုင်ခွင့်ရှိကြသည်။ အချို့သော တိုင်းရင်းသားလူမျိုးစုများမှာမူ လူမျိုးကြီးတစ်မျိုး၏ မျိုးနွယ်စုဝင်များအဖြစ် ထည့်သွင်းသတ်မှတ်ခံ ရခြင်းကြောင့် သီးခြားလူမျိုးစုတစ်စုဟု မိမိတို့ကိုယ်ကိုခံယူထားသော်လည်း လူမျိုးအမည်နှင့် ပြည်နယ်ရရှိထားသော လူမျိုးနှင့် တစ်မျိုးတည်းဖြစ်သည်ဟုဆိုကာ သက်ဆိုင်ရာ တိုင်းရင်းသားရေးရာဝန်ကြီး

52 ၂၀ဂ၈ခုနှစ်၊ ပြည်ထောင်စုသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၆၁။ (က)၊ (ခ)၊ (ဂ)၊ (ဃ) နှင့် ပုဒ်မ ၂၆၂ (က) (၄)၊ (ခ)၊ (င)၊ (စ) တို့ အားပူးတွဲ ယှဉ်ကြည့်ပါ။

ရွေးကောက်ပိုင်ခွင့် ဆုံးရှုံးနေကြရသည်ဟု ခံစားနေရသည်။ ဤဖြစ်စဉ် နှစ်ရပ်စလုံးအား အသေအချာ သုံးသပ်ကြည့်ပါက မြန်မာနိုင်ငံ၏ လက်ရှိမတူကွဲပြားမှုအား စီမံခန့်ခွဲမှု စနစ်သည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး နှင့် ဆန့်ကျင်သောဦးတည်ဘက်ကိုသာ ရွေ့လျားနေမည်သာဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် ပထမဖြစ်စဉ်အားကြည့်ပါက ကချင်ပြည်နယ် နှင့် ရှမ်းပြည်နယ်ရှိ တိုင်းရင်းသားလူမျိုးများအား အုပ်စုဖွဲ့ခွဲခြားသတ်မှတ်ပုံနှင့် လူမျိုးရေး အခြေခံအခွင့်အရေး ပေးထားခြင်းများသည် ၎င်းပြည်နယ်အများအတွင်းရှိ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ကို ဦးတည်နေစေသလား၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၏ ဆန့်ကျင်ဘက်သို့ ဦးတည်နေစေသလား ဆိုသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ ၂၀၁၄ သန်းခေါင်စာရင်းအရ တိုင်းရင်းသား လူမျိုးများအား အုပ်စုဖွဲ့ခွဲခြားသတ်မှတ်ထားခြင်းအား ကြည့်ပါက ကချင်လူမျိုးအုပ်စုတွင် လူမျိုးစု (၁၂) စုနှင့် ရှမ်းလူမျိုးအုပ်စုတွင် လူမျိုးစု (၃၃) စု အဖြစ်သို့ အသီးသီးအုပ်စုဖွဲ့ ခွဲခြားသတ်မှတ်ထားသည်ကို တွေ့ရမည်ဖြစ်သည်။ ရဝမ် လူမျိုးစုနှင့် လီဆူးလူမျိုးစုများအား ကချင်လူမျိုး၏ မျိုးနွယ်စုဝင်များအဖြစ် ထည့်သွင်း အုပ်စုဖွဲ့ထားသော်လည်း ကချင်ပြည်နယ်တွင် ရဝမ်နှင့် လီဆူးလူမျိုးစုများမှာ သက်ဆိုင်ရာ တိုင်းရင်းသားရေးရာဝန်ကြီးများ ရွေးကောက်တင်မြှောက်ပိုင်ခွင့် ရှိထားကြသည်။ ထိုနည်းတူ ရှမ်းလူမျိုးစု (၃၃) စုတွင်းတွင် ထည့်သွင်းအုပ်စုဖွဲ့ ရေတွက်ထားခြင်းခံရသော လားဟူလူမျိုးစုနှင့် အာခါလူမျိုးစုတို့အား သက်ဆိုင်ရာ တိုင်းရင်းသားရေးရာဝန်ကြီး ရွေးကောက်တင်မြှောက်ပိုင်ခွင့် ပေးထားပြီး ကိုးကန့်၊ ပအိုဝ်း၊ ပလောင်၊ ဓနုနှင့် ‘ဝ’ ကဲ့သို့သော လူမျိုးစုများအား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု အသီးသီး သတ်မှတ်ပေးထားသည်။ အထက်ပါဖြစ်စဉ်များအား လေ့လာသုံးသပ်ပါက အစိုးရ၏ မတူကွဲပြားမှုကို စီမံခန့်ခွဲသည့် မူဝါဒများသည် ယခင်ကိုလိုနီခေတ်အင်္ဂလိပ်အစိုးရ၏ Divide and Rule လမ်းစဉ်နှင့် မထူးခြားနားပါ။ ပြည်နယ်တစ်ခုအတွင်း လူမျိုးစုအခြေခံ အမျိုးသားရေးလှုပ်ရှားမှုအား ကောင်းသော (သို့မဟုတ်) နိုင်ငံရေးအရ အစဉ်အလာကြီးခဲ့သော လူမျိုးစုများအား ရွေးချယ်အခွင့်အရေးပေးခြင်းသည် ၎င်းပြည်နယ်ရှိ လူမျိုးစုများ အချင်းချင်းကြား ပဋိပက္ခ တိုးစေမည်သာဖြစ်သည်။

ကယားပြည်နယ်ရှိ တိုင်းရင်းသားလူမျိုးများအား အုပ်စုဖွဲ့ခွဲခြားသတ်မှတ်ပုံနှင့် တိုင်းရင်းသား ရေးရာဝန်ကြီး ရွေးကောက်ပုံတို့မှာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် ဖြစ်စဉ်တို့နှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုး များအား ကယားလူမျိုးဆိုသော အောက်၌ လူမျိုးစု (၉) မျိုးအဖြစ်သို့ ခွဲခြားသတ်မှတ်

ထားပါသည်။ ၎င်း (၉) မျိုးအတွင်းရှိ ကယန်း(ပဒေါင်) လူမျိုးတို့မှာ ကယားပြည်နယ် အတွင်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ သတ်မှတ်ချက်ဖြစ်သော တစ်နိုင်ငံလုံး လူဦးရေ၏ ၀.၁ ရာခိုင်နှုန်းရှိပါသော်လည်း ကယန်း(ပဒေါင်) ဆိုသည်မှာ ကယားမျိုးနွယ်စုဝင် ဖြစ်သည်နှင့်အညီ ကယားလူမျိုးနှင့် အတူတူပင်ဖြစ်သည်ဟုဆိုကာ ကယားပြည်နယ် အတွင်းတွင် သက်ဆိုင်ရာတိုင်းရင်းသားရေးရာ ဝန်ကြီးရွေးကောက်တင်မြှောက် ပိုင်ခွင့် မရှိပါ။ ရှမ်းပြည်နယ်အတွင်းရှိ ဖယ်ခုံ၊ မိုးဗြဲစသည့်နယ်များတွင် ကယန်းလူဦး ရေမှာ သတ်မှတ်ထားသည့် ၀.၁% ရှိသည်နှင့်အညီ ရှမ်းပြည်နယ်တွင် ကယန်း တိုင်း ရင်းသားရေးရာဝန်ကြီး ရွေးကောက်ခံပိုင်ခွင့် ပေးထားပြန်သည်။ ဤဖြစ်စဉ် နှစ်ရပ် အားကြည့်ခြင်းအားဖြင့် အကယ်၍ ကယန်းသည်လည်း ကယားနှင့် အတူတူပင် ဖြစ် သည်ဟု ဆိုပါက ရှမ်းပြည်နယ်တွင်လည်း ကယားလူမျိုးစုအားလုံးအား ခြုံငုံမိစေသော ဘုံအမည်နာမဖြစ်သည့် ကယားတိုင်းရင်းသားရေးရာ ကိုယ်စားလှယ်ဟု အဘယ် ကြောင့် မသတ်မှတ်ပါသလဲ။ ဤအချက်အား ထောက်ပြပြောဆိုရခြင်းမှာ ကယန်း တိုင်းရင်းသားတို့အား အခွင့်အရေးဆုံးရှုံးစေလို၍ မဟုတ်ပါ။ တိုင်းရင်းသား လူမျိုးများအား ၁၃၅ မျိုးခွဲခြားပုံနှင့် အခွင့်အရေးဖန်တီးသတ်မှတ်ပေးမှုတို့ မှာ လက်တွေ့အနေအထားနှင့် သဟဇာတ မဖြစ်ခြင်းအား ထောက်ပြလိုခြင်းသာဖြစ်ပါသည်။

ဤကဲ့သို့ ၁၃၅ မျိုးခွဲခြားသတ်မှတ်မှုနှင့် အခွင့်အရေးဖန်တီးပေးမှုများကြား သဟဇာတ မဖြစ်မှုများမှ ဖြစ်ပေါ်လာသည့် အကျိုးဆက်တစ်ရပ်အနေဖြင့် ကချင်ပြည်နယ်ဥပမာအား တင်ပြလိုပါသည်။ ၂၀၁၄ ခုနှစ်တွင် ကချင်ပြည်နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဒွဲဘူ ဦးဆောင်ကာ အခြားလျှောက်ထားသူ ၄၉ ဦးနှင့်အတူ လီဆူ၊ ရဝမ် တိုင်းရင်းသား လူမျိုးများသည် ကချင်မျိုးနွယ်စုဝင်များ ဟုတ်မဟုတ် အဆုံးအဖြတ်ပေးရန် မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးသို့ အဆိုတင်သွင်းခဲ့ပါသည်။ ဤအကြောင်းအရာ ပေါ်ပေါက် လာရသည်မှာလည်း မြန်မာနိုင်ငံ၏ တိုင်းရင်းသားလူမျိုး ၁၃၅ မျိုး စာရင်းတွင် လီဆူ၊ ရဝမ် တိုင်းရင်းသားတို့အား ကချင်မျိုးနွယ်စုဝင်အဖြစ် ထည့်သွင်းရေတွက်ထားသော်လည်း ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်များတွင် လီဆူ၊ ရဝမ်ဆိုသော တိုင်းရင်းသားလူမျိုး အမည်များနှင့် တိုင်းရင်းသားရေးရာကိုယ်စားလှယ်များ ရွေးကောက်ခံပိုင်ခွင့် ပေးအပ် ထားခြင်းကြောင့်ဖြစ်သည်။ အဆို၏ အဓိကမေးခွန်းမှာ တိုင်းရင်းသား ၁၃၅ မျိုးစာရင်းအရ လီဆူ၊ ရဝမ်တို့မှာ ကချင်မျိုးနွယ်စုဝင်များပင် ဖြစ်သည့်အတွက် ကချင်ပြည်နယ်တွင် ပြည်နယ်ရရှိပြီးသူများပင်ဖြစ်ကာ ခွဲခြား၍ တိုင်းရင်းသားရေးရာကိုယ်စားလှယ်များ ရွေးကောက်ခံပိုင်ခွင့် ပေးအပ်ထားခြင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ကိုက်ညီမှုရှိပါ၏

လော။ ရှမ်းပြည်နယ်တွင်လည်း အဘယ်ကြောင့်ဘုံအမည်ဖြစ်သည့် ကချင်တိုင်းရင်းသားရေးရာဝန်ကြီးဟု မသတ်မှတ်ပဲ လီဆူ၊ ရဝမ် တိုင်းရင်းသားရေးရာဝန်ကြီးဟု ခွဲခြားသတ်မှတ်ခြင်းသည်လည်းပဲ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီမှုရှိပါသလား ဆိုသည့် မေးခွန်းများပင်ဖြစ်ပေ၏။

ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံး၏ အပြီးသတ်ဆုံးဖြတ်ချက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၅၊ ပုဒ်မ ၁၇၊ ပုဒ်မ ၁၆၁၊ ပုဒ်မ ၂၆၂ အား ကိုးကားတင်ပြထားသော နိုင်ငံတော်သမ္မတကိုယ်စား ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူးချုပ်၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ကချင်ပြည်နယ်ဥပဒေအရာရှိ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်ကိုယ်စား ရှမ်းပြည်နယ် ဥပဒေချုပ်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့၏ ဖွဲ့ စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီမှု ရှိပါသည်ဆိုသည့် တင်ပြမှုများအား ကိုးကားကာ အဆိုအား ပလပ်၍ ဝင်ရောက်စွက်ဖက်ခြင်း မပြုရန် ဆုံးဖြတ်ချက်ချခဲ့ပါသည်။ ဤဥပမာတွင် ထင်ရှားသည့် အချက်များမှာ ၎င်းလီဆူ၊ ရဝမ် တိုင်းရင်းသားရေးရာဝန်ကြီး ရွေးကောက်ခံပိုင်ခွင့်များမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီမှုရှိပါသည်ဆိုသော်လည်း ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တိုင်းရင်းသားလူမျိုးစာရင်း၊ မျိုးနွယ်စုဝင်များစာရင်း စသည် မပါရှိခြင်းပင်ဖြစ်သည်။ ဤအချက်အားကြည့်ပါကလည်း မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့် ၂၀၁၄ မြန်မာနိုင်ငံသန်းခေါင်စာရင်းပါ တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးတို့ကြား လစ်ဟာမှုများစွာရှိနေပြီး တိုင်းရင်းသားရေးရာကိုယ်စားလှယ် ရွေးကောက်ရာတွင် မဲဆန္ဒနယ်များသတ်မှတ်ပေးသည့် အဓိက အဖွဲ့အစည်းဖြစ်သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့်လည်း သက်ဆိုင်ရာတိုင်းရင်းသားလူမျိုးများနှင့် ညှိနှိုင်းလုပ်ဆောင်ရန် အလွန်ပင် အရေးကြီးပါသည်။

## ၄.၂။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများဖန်တီးခြင်း၊ နိုင်ငံရေးဆိုင်ရာ လုပ်ပိုင်ခွင့်များနှင့် နိုင်ငံရေးအကျိုးဆက်များ

မြန်မာနိုင်ငံ၏ လက်ရှိ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ ရရှိထားကြသော တိုင်းရင်းသားလူမျိုးများမှာ ရှမ်းပြည်နယ်အတွင်းတွင် ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ ဓနု နှင့် “ဝ” တို့ဖြစ်ကြပြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းတွင် နာဂ လူမျိုးတို့ဖြစ်ကြသည်။ ၁၉၉၃ ခုနှစ်မှစတင်ခဲ့၍ ၂၀၀၇ ခုနှစ် ပြီးမြောက်ခဲ့သော အမျိုးသားညီလာခံကြီးမှ ချမှတ်ခဲ့သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများနှင့် သက်ဆိုင်သည့် မူဝါဒများအရ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ ဓနု နှင့် နာဂ တိုင်းရင်းသားလူမျိုးများတို့မှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ အသီးသီးရရှိထားကြ၍ “ဝ” တိုင်းရင်းသားလူမျိုးမှာမူ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ရရှိထားပါသည်။ အမှန်စင်စစ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများသည် ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအား အတည်ပြုပြဋ္ဌာန်းခဲ့သည့် ၂၀၀၈ ခုနှစ်၊ မေလ ၂၉ ရက်နေ့ အရောက်တွင်မှသာ တရားဝင် ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပါသည်။ သို့သော် ၁၉၈၉ ခုနှစ်နှင့် နောက်ပိုင်းခုနှစ်ဝန်းကျင်များကတည်းကပင် ထိုအချိန်က စစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုများကြောင့် “ဝ”၊ ကိုးကန့်၊ ပလောင် နှင့် ပအိုဝ်း ကဲ့သို့သော တိုင်းရင်းသားလူမျိုးတို့မှာ တရားဝင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ ဖြစ်လာခဲ့ခြင်း မရှိသေးသော်လည်း စစ်အစိုးရမှ “အထူးဒေသ” ဟုခေါ်သည့် ဒေသများအား ဖန်တီးပေးခဲ့ခြင်းကြောင့် ၎င်းတို့ထိန်းချုပ်ရာ နယ်မြေအသီးသီးတွင် စီးပွားရေးနှင့် အခြားအခွင့်အရေးများအား လွတ်လပ်စွာ လုပ်ဆောင်နိုင်ခဲ့ကြပါသည်။

အမျိုးသားညီလာခံမှ ချမှတ်ခဲ့သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများနှင့် သက်ဆိုင်သည့် မူများအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအား အနည်းဆုံးမြို့နယ်နှစ်ခုဖြင့် ဖွဲ့စည်းပြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအား အနည်းဆုံးမြို့နယ်နှစ်ခုဖြင့် ဖွဲ့စည်းထားသည့် အနည်းဆုံး ခရိုင်နှစ်ခုဖြင့် ဖွဲ့စည်းရမည်ဖြစ်သည်။ ထို့အပြင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (သို့) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတစ်ခု၏ ခရိုင်တစ်ခုအဖြစ်ဖွဲ့စည်းရမည်ဖြစ်သော မြို့နယ်နှစ်ခုမှာလည်း တစ်ဆက်တည်းဖြစ်နေသော မြို့နယ်များဖြစ်ရန် လိုအပ်ပါသည်။ လူဦးရေသတ်မှတ်ချက်တွင် လျော်ကန်သင့်မြတ်သည့် လူဦးရေဆိုသည်မှာလည်း သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုး၏ လူဦးရေသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုတွင်

ပါဝင်မည့် မြို့နယ်များတွင် မြို့နယ်တစ်မြို့နယ်ချင်းစီအလိုက် အများဆုံးရှိရမည်ဖြစ်ပြီး မြို့နယ်အားလုံးရှိ စုစုပေါင်းလူဦးရေ၏ ထက်ဝက်ကျော်ရှိရမည်ဟူ၍ဖြစ်ပါသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများသတ်မှတ်ပြဋ္ဌာန်းပေးမှုအတွက် ၎င်းမူများအား အခြေခံကာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအား အတည်ပြုပြဋ္ဌာန်းချက်ခဲ့သော ၂၀၀၈ ခုနှစ်၊ မေလ ၂၉ ရက်နေ့ မှစတင်ကာ (၁) စစ်ကိုင်းတိုင်း လေရှီးမြို့နယ်နှင့် နန်းယွန်းမြို့နယ်တို့ကို စုစည်းပြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ (၂) ရှမ်းပြည်နယ်ရှိ ရွာငံမြို့နယ်နှင့် ပင်းတယ မြို့နယ်တို့ကို စုစည်းပြီး ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ (၃) ရှမ်းပြည်နယ်ရှိ ဟိုပုန်းမြို့နယ်၊ ဆီဆိုင်မြို့နယ်နှင့် ပင်လောင်းမြို့နယ်တို့ကို စုစည်းပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ (၄) ရှမ်းပြည်နယ်ရှိ နမ့်ဆန်မြို့နယ်နှင့် မန်တုံမြို့နယ်တို့ကို စုစည်းပြီး ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ (၅) ရှမ်းပြည်နယ်ရှိ ကုန်းကြမ်းမြို့နယ်နှင့် လောက်ကိုင်မြို့နယ်တို့ကို စုစည်းပြီး ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ (၆) ရှမ်းပြည်နယ်ရှိ ဟိုပန်မြို့နယ်၊ မိုင်းမောမြို့နယ်၊ ပန်ဝိုင်မြို့နယ်၊ နားဖန်းမြို့နယ်၊ မက်မန်းမြို့နယ်နှင့် ပန်ဆန်း (ပန်ခမ်း) မြို့နယ် ခြောက်မြို့နယ်တို့ကို ခရိုင်နှစ်ခရိုင်ဖွဲ့ပြီး "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဟူ၍ အသီးသီး တရားဝင်ပေါ် ပေါက်လာခဲ့ပါတော့သည်[53]။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများ၏ နိုင်ငံရေးအရ တရားဝင်လုပ်ပိုင်ခွင့်များကိုမူ ၂၀၀၈ခုနှစ် မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား (၃) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့၏ ဥပဒေပြုစားရင်းတွင် အောက်ပါအတိုင်း ဖော်ပြ ထားသည်။

(၁) မြို့ပြနှင့် ကျေးရွာစီမံကိန်းများ၊

(၂) လမ်းတံတားများဖောက်လုပ်၊ တည်ဆောက်၊ ပြုပြင်ထိန်းသိမ်းရေး၊

(၃) ပြည်သူ့ကျန်းမာရေး၊

(၄) စည်ပင်သာယာရေးလုပ်ငန်း၊

(၅) မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊

(၆) စားကျက်မြေများထိန်းသိမ်းရေး၊

53 ၂၀၀၈ခုနှစ် ပြည်ထောင်စုသမ္မတနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ။ အခန်း (၂) နိုင်ငံတော်အခြေခံမူများ။ ပုဒ်မ ၅၆။

(၇) သစ်တောများကာကွယ်ထိန်းသိမ်းရေး၊

(၈) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊

(၉) မြို့နှင့် ကျေးရွာများအတွင်း ရေနှင့် လျှပ်စစ်မီးဆိုင်ရာကိစ္စ၊

(၁၀) မြို့များနှင့် ကျေးရွာများ၏ ဈေးများဆိုင်ရာကိစ္စ စသည်တို့ဖြစ်ကြသည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများ၏ ဤအချက် (၁၀) ချက်ပါ တရားဝင်လုပ်ပိုင်ခွင့်များကို ကြည့်ပါက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုအသီးသီးရှိ သက်ဆိုင်ရာ တိုင်းရင်းသားတို့၏ နိုင်ငံရေးအာဏာနှင့် လုပ်ပိုင်ခွင့်တို့မှာ အလွန်ပင်နည်းပါးနေသည်ကိုတွေ့ရပါသည်။ ထို့အပြင် ၂၀၀၈ခုနှစ် မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၅) အုပ်ချုပ်ရေး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့အပိုင်းပါ ပြဋ္ဌာန်းချက်များအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ ဦးစီးအဖွဲ့အသီးသီးတွင် လုံခြုံရေး တာဝန်ဖြစ်စေ၊ နယ်စပ်ရေးရာတာဝန်ဖြစ်စေ ပေးအပ်နိုင်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ခန့်အပ်သည့် တပ်မတော်သားကိုယ်စားလှယ်များ ပါဝင်မည်ဖြစ်ပြီး၊ ဦးစီးအဖွဲ့ဝင်၏ လေးပုံတစ်ပုံနှင့်ညီသော အရေအတွက် အချိုးအစားအားလည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ လိုအပ်သလို ဖြည့်စွက်တာဝန်ပေးနိုင်သည်ဟု ပြဋ္ဌာန်းပါရှိသည့်အလျောက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများဟု အမည်ခေါ်တွင်စေသော်လည်း လက်တွေ့အနှစ်သာရ ပြည့်ဝသော ကိုယ်ပိုင်အုပ်ချုပ်စီမံပိုင်ခွင့်နှင့် နိုင်ငံရေး အာဏာများ မည်မျှရှိမည်ကို မှန်းဆ၍ ရနိုင်ပါသည်[54]။

နာဂလူမျိုးနှင့် ဓနုလူမျိုးတို့မှလွဲ၍ "ဝ"၊ ကိုးကန့်၊ ပလောင် နှင့် ပအိုဝ်းလူမျိုးတို့မှာ ၁၉၈၉ ခုနှစ်နှင့် နောက်ပိုင်းနှစ်များတွင် စစ်အစိုးရနှင့် ငြိမ်းချမ်းရေးသဘောတူညီမှု မှတစ်ဆင့် အထူးဒေသများ သတ်မှတ်ရရှိလာခြင်းမှသည် ယနေ့အချိန်တွင် တရားဝင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများကို ရရှိပိုင်ဆိုင်ထားကြသည်ဟုပြောလျှင် မှားမည်မထင်ပါ။ သို့ပါသော်လည်း အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း တရားဝင် နိုင်ငံရေးလုပ်ပိုင်ခွင့် နှင့် အုပ်ချုပ်စီမံမှုဆိုင်ရာ အခွင့်အာဏာများမှာ အလွန်ပင် နည်းပါးနေသည်ဖြစ်ရာ ထိုအချိန်က စစ်အစိုးရသည် မည်သည့်အတွက်ကြောင့်၊ မည်သည့်ရည်ရွယ်ချက်များ နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား ဖန်တီးခဲ့ပါသလဲဆိုသည်ကို မေးခွန်းထုတ်စရာဖြစ်ပါသည်။ ထို့ကြောင့်ပင်

54 ၂၀၀၈ခုနှစ် ပြည်ထောင်စုသမ္မတနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ။ အခန်း (၅) အုပ်ချုပ်ရေး။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ။ ပုဒ်မ ၂၇၆ (ဃ) (၃)၊ (ဈ)။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ၏ လက်တွေ့အခြေအနေမှာလည်း ၂၀၀၈ခုနှစ် မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြားသော ပြဋ္ဌာန်းချက်များကဲ့သို့ပင် တိုင်းရင်းသားလူမျိုးများ၏အမည်နှင့်ပြည်နယ်များ ဆက်လက်သတ်မှတ်ပေးထားသော်လည်း ပြည်နယ်လွှတ်တော် နှင့် အစိုးရအဖွဲ့တို့အတွက် နိုင်ငံရေးအရ လုပ်ပိုင်ခွင့်အာဏာ လုံလုံလောက်လောက် ပြဋ္ဌာန်းထားပေးမှုမရှိခြင်း၊ တိုင်းရင်းသားရေးရာ ဝန်ကြီးများအား ရွေးကောက်ပိုင်ခွင့်ကို ဖန်တီးထားပေးခဲ့သော်လည်း ၎င်းတိုင်းရင်းသားရေးရာ ဝန်ကြီးတို့မှာ နိုင်ငံရေးအရ လုပ်ပိုင်ခွင့်မရှိဘဲ စာပေနှင့် ယဉ်ကျေးမှုစသည့် အခန်းကဏ္ဍတွင်သာ ပါဝင်နိုင်ခြင်းနှင့် လက်ရှိ အချိန်အထိ ဟန်ပြသက်သက်ထက် အနည်းငယ်သာ သာလွန်သော အခြေအနေတွင်သာ ရှိနေခြင်းစသည့် ဖြစ်စဉ်များနှင့် ထူးမခြားနားပေ။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများဖန်တီးပေးခြင်းနှင့် စပ်လျဉ်း၍ အစိုးရအဆက်ဆက်၏ မတူကွဲပြားမှုအား စီမံကိုင်တွယ်မှုများမှာ တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး အစီအမံများနှင့်သက်ဆိုင်သော အခြားအစီအမံများကဲ့သို့ပင် အပေါ်ယံအားဖြင့်ကြည့်ပါက မြန်မာနိုင်ငံ၏ လူမျိုးရေး တန်းတူညီမျှမှုမရှိခြင်းအား တဒင်္ဂသဘောဖြေရှင်းခြင်းသာ ဖြစ်ပါသည်။ လတ်တလောအခြေအနေတွင် လူမျိုးရေးမမျှတမှုများအား ပြေလည်စေသယောင်ထင်ရသော်လည်း ရေရှည်တွင် ဒေသစွဲနှင့် လူမျိုးစွဲစိတ်ခံအား ပို၍ပင် ကြီးထွား လာစေနိုင်ပါသည်။ လူမျိုးရေးအရ အကဲဆတ်ထိရှလွယ်သော မြန်မာနိုင်ငံ၏ နိုင်ငံရေးသမိုင်းအား ပြန်လည်ဆင်ခြင်ကာ နိုင်ငံတော်အစိုးရအနေဖြင့် မတူကွဲပြားမှုနှင့် လူမျိုးရေး မမျှတမှုကို စီမံခန့်ခွဲရာတွင် အနှစ်သာရပြည့်ဝသော နိုင်ငံရေးဆိုင်ရာ လုပ်ပိုင်ခွင့်များ ပေးအပ်ခြင်းများဖြင့်သာ ဖြေရှင်းသင့်ပြီး အပေါ်ယံဆန်၍ အနှစ်သာရမပါသော လူမျိုးအမည်တပ် ခွဲတမ်းပေးအစီအမံများအား ရှောင်ရှားမှသာလျှင် ပြဿနာ ပြေလည်နိုင်မည်ဖြစ်သည်။ ဤသို့မဟုတ်ပါက သမိုင်းအဆက်ဆက် ခွဲခြားနေကြသော လူမျိုးပေါင်းစုံမြန်မာ့လူမှုအသိုက်အဝန်းအား ထပ်တိုး၍ခွဲခြားခြင်းဘက်သို့သာ ဦးတည်စေမည်ဖြစ်ပါသည်။

နိဂုံးချုပ်

## နီဂုံးချုပ်

“လူနည်းစု တိုင်းရင်းသားများအတွက် အခွင့်အရေးတစ်ရပ်ဟု အပေါ်ယံ မြင်ရသော်လည်း လက်တွေ့တွင် လူမျိုးကြီး တစ်မျိုးကသာ အကျိုးခံစားနေရသည့် အနေအထားဖြစ်နေသလား။”

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တိုင်းရင်းသားဆိုသည်မှာ ဘယ်သူတွေလဲ၊ ဘယ်လူမျိုးများကို ရည်ညွှန်းခြင်းလဲ စသည့် မေးခွန်းနှင့်ပတ်သက်၍ ဘယ်သူတွေက၊ ဘယ်လူမျိုးတွေက တိုင်းရင်းသားဖြစ်သည်၊ မဖြစ်သည် ဆိုသည့် အဓိကပြဿနာမှာ မဟုတ်ပါ။ လက်ရှိတည်ဆဲဖြစ်သော ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေတွင်မည်သည့်လူမျိုးများက တိုင်းရင်းသားလူမျိုးများဖြစ်သည်ကို အတိအလင်းဖော်ပြထားပြီးဖြစ်ပါသည်။ အမှန်စင်စစ် ဤမေးခွန်းနှင့်ဆက်စပ်၍ အဓိကပြဿနာမှာ တိုင်းရင်းသားဟုဆိုပါက အနတ်သဘောဆောင်သော၊ ယဉ်ကျေးမှုနယ်ပယ်တွင်ဖြစ်စေ၊ စီးပွားရေးနယ်ပယ်တွင်ဖြစ်စေ၊ ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်တွင်ဖြစ်စေ ခေတ်နောက်ကျသော မြန်မာနိုင်ငံ၏ ပင်မယဉ်ကျေးမှုနှင့် ရင်းနှီးမှုမရှိသော စသည့်ပုံသေအစွဲများနှင့် ယှဉ်တွဲရှုမြင်ကြခြင်းနှင့် တစ်ဖက်မှလည်း တိုင်းရင်းသားဟုဆိုပါက ဗမာလူမျိုးများအစဉ်အဆက်လွှမ်းမိုးခဲ့ သော “ဗဟို၊ နိုင်ငံတော်၊ အစိုးရ” တို့၏ အုပ်ချုပ်ခံလူမျိုးများသာလျှင် တိုင်းရင်းသားများဖြစ်ကြသည်ဆိုသော ထင်မြင်ယူဆချက်များပင်ဖြစ်သည်။ ဆက်လက်၍ မြန်မာ့လူမှုအသိုက်အဝန်းတွင် အမြစ်တွယ်နေသော ဤပြဿနာအား ဖြေရှင်းနိုင်ရန် လူမျိုးပေါင်းစုံပါဝင်သည့် မြန်မာဆိုသည့်နိုင်ငံရေး အသိုက်အမြုံအား လူမျိုးတစ်မျိုးတည်း၏ သမိုင်းအစဉ်အလာ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်း၊ စာပေနှင့် ဘာသာစကား စသည်တို့အပေါ်တွင် အခြေခံပုံဖော်ခြင်းမပြုပဲ အားလုံးပါဝင်ကာ လက်ခံပျော်ဝင်နိုင်မည့် နိုင်ငံရေးယဉ်ကျေးမှုအပေါ်တွင်သာ အခြေခံ၍ ပုံဖော်နိုင်ရန် ကြိုးစားကြရမည် ဖြစ်ပါသည်။ တိုင်းရင်းသားဆိုသည့် ဝေါဟာရအား မြန်မာဆိုသည့် လူမျိုးများ အားလုံးအား ခြုံငုံမိစေမည့် နိုင်ငံရေးအသိုက်အမြုံတစ်ခုအနေဖြင့် ယှဉ်တွဲ မြင်နိုင်ရန် လူမျိုးရေးတန်းတူညီမျှမှုကို ဦးစားပေးဖော်ဆောင်ရမည်ဖြစ်ပြီး ဗဟိုပြုစနစ်အားလည်း ဖြေလျော့ရန်

အရေးကြီးနေပါသည်။ ဆက်လက်၍ မြန်မာနိုင်ငံ၏ လူနည်းစုတိုင်းရင်းသား လူမျိုးဖြစ်ခြင်း၊ မဖြစ်ခြင်းနှင့် ဌာနေတိုင်းရင်းသားလူမျိုးဖြစ်ခြင်းတို့အပေါ် တွင် မရေမရာဒွိဟ ဖြစ်နေခြင်းမှာလည်း လူနည်းစုအခွင့်အရေးများအား အကာကွယ်ပေးနိုင်မည့် ခိုင်မာတိကျသော လူနည်းစုအခွင့်အရေးဆိုင်ရာ ဥပဒေများအား ဖော်ဆောင်နေမှုမှာ လက်ရှိမြန်မာနိုင်ငံတွင် အလွန်ပင်အားနည်းနေခြင်းနှင့် ထိုဥပဒေများအား သမိုင်းအဆက်ဆက် အစိုးရများမှ ဖော်ဆောင်ခဲ့ခြင်းမရှိမှုတို့ကြောင့် ဖြစ်ပါသည်။

၁၉၄၇ ခုနှစ် ပင်လုံစာချုပ်ကို အခြေခံကာ လွတ်လပ်၍တရားမျှတပြီး လူမျိုးရေး တန်းတူရည်တူရှိသော ပြည်ထောင်စုမြန်မာနိုင်ငံအား တည်ထောင်ကြမည်ဟု လူမျိုး အသီးသီး၏ ခေါင်းဆောင်များမှ ကတိကဝတ်ပြုခဲ့ကြသော်လည်း ယနေ့အချိန်ထိ ဖြစ်ထွန်းပေါ်ပေါက်လာခဲ့၍ ဦးတည်နေဆဲဖြစ်သည်မှာ ဗမာဗဟိုပြု အမျိုးသားရေး လက္ခဏာ တည်ဆောက်ခြင်းသာ ဖြစ်ပါသည်။ လွတ်လပ်ရေးခေတ်ပြီးမှစကာ မြန်မာနိုင်ငံ အစိုးရအဆက်ဆက် တည်ဆောက်လာခဲ့သည်မှာ ဗမာလူမျိုးတို့၏ သမိုင်းဆိုင်ရာ အစဉ်အလာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ စာပေနှင့်ဘာသာစကားတို့ကို အခြေပြုသော ဗမာဗဟိုပြု အမျိုးသားရေးလက္ခဏာ တည်ဆောက်ခြင်းသက်သက်သာ ဖြစ်ခဲ့ပြီး နိုင်ငံတော် တည်ဆောက်ခြင်း၏ အင်္ဂါရပ်များဖြစ်သည့် နိုင်ငံတစ်ခု၏သက်ဆိုင်ရာ နယ်နမိတ် အတွင်းရှိ တိုင်းရင်းသားလူမျိုးအားလုံးအား ခွဲခြားမှုမရှိပဲ တန်းတူညီမျှစွာ အာမခံအထောက်အပံ့ပေးနိုင်မည့် အများပြည်သူဆိုင်ရာ အုပ်ချုပ်ရေးအဆောက်အအုံများ (Public Institutions) တည်ဆောက်ခြင်း နှင့် နိုင်ငံရေးဆိုင်ရာထုတ်ကုန်များ (Political Goods) ဖြစ်သည့် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ စီးပွားရေးဆိုင်ရာအခွင့်အလမ်းများ၊ လူမှုဖူလုံရေးအစီအမံများနှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အဆောက်အအုံများအား နိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးများအားလုံးနှင့် နိုင်ငံသားအယောက်စီတိုင်းသို့ လူတန်းစား၊ လူမျိုးခွဲခြားခြင်းမပြုပဲ ပေးအပ်နိုင်မည့် နိုင်ငံရေးဆိုင်ရာအဆောက်အအုံများ (Political Institutions) နှင့် အများပြည်သူဆိုင်ရာ အုပ်ချုပ်ရေးအဆောက်အအုံများ (Public Institutions) အား အကောင်အထည်ဖော်တည်ဆောက်နိုင်ခဲ့ခြင်း မရှိခဲ့ပါ။ ထို့အပြင် နိုင်ငံတော်တည်ဆောက်ခြင်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်စဉ်များတွင်လည်း နိုင်ငံသားအယောက်စီတိုင်းနှင့် လူမျိုးများအားလုံး တန်းတူ ရည်တူရှိစွာ ပါဝင်ဆောင်ရွက်နိုင်မည့် နိုင်ငံရေးဆိုင်ရာအစီအမံများကိုလည်း ဖန်တီးနိုင်ခဲ့ခြင်းမရှိပါ။

နိုင်ငံတော်တည်ထောင်သယောင်ယောင်နှင့် ဗမာဗဟိုပြုအမျိုးသားရေးလက္ခဏာ တည်ဆောက်ခြင်းအား အစဉ်တစိုက် ဆောင်ရွက်ခဲ့ခြင်း၏ အကျိုးရလဒ်မှာ ယနေ့မြင်တွေ့နေရသည့် တိုင်းရင်းသားလူမျိုးအချင်းချင်းကြား မယုံကြည်မှုများ၊ မသင့်မြတ်မှုများနှင့် လူမျိုးရေးဆိုင်ရာအစွဲများ ပို၍ပင် ကြီးထွားလာခြင်းပင်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ဗမာလူမျိုးအပါအဝင် အခြားသောတိုင်းရင်းသားလူမျိုးများအားလုံး သတိထားသင့်သည်မှာ အစိုးရအဆက်ဆက်မှ ဗမာလူမျိုးအခြေပြုအမျိုးသားရေးလက္ခဏာအား တည်ဆောက်ခဲ့ကြသော်လည်း ဗမာလူမျိုးကြီးဝါဒဆိုသည်မှာ အုပ်ချုပ်သူ လူတန်းစားတစ်ရပ်မှ ၎င်းတို့၏အကျိုး တည်မြဲရေးအတွက် စနစ်အဖြစ်အသုံးချခဲ့ခြင်းသာ ဖြစ်ပါသည်။ ဗမာလူထု အားလုံးမှ ၎င်းစနစ်၏ ကောင်းကျိုးအားခံစားရခြင်း မရှိသည့်အတွက်ကြောင့်ပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံအစိုးရအဆက်ဆက်မှ အထက်တွင် ဖော်ပြခဲ့သည့် နိုင်ငံရေးထုတ်ကုန်များ (Political Goods) များအား ဗမာမဟုတ်သော တိုင်းရင်းသားလူမျိုးများထံသို့ သာမကပဲ အခြေခံလူတန်းစား ဗမာလူမျိုးများထံသို့လည်း ဆောင်ကျဉ်းပေးနိုင်ခဲ့ခြင်း မရှိသည့်အတွက်ကြောင့်ပင်ဖြစ်ပါသည်။ ဗမာလူမျိုးကြီးဝါဒဆိုသည်မှာ ဗမာလူထုထံမှ ပေါက်ပွားခဲ့ခြင်းမဟုတ်ဘဲ ဗမာလူမျိုးအခြေပြုအမျိုးသားရေးလက္ခဏာတည်ဆောက်ခြင်းအား နိုင်ငံတော်တည်ဆောက်ခြင်း၏ စနစ်တစ်ခုအဖြစ်အသုံးချခဲ့သော အုပ်ချုပ်သူလူတန်းစားတစ်ရပ်မှ ဖန်တီးပေါက်ပွားစေခဲ့ခြင်းသာဖြစ်ပါသည်။

၎င်းစနစ်၏ အကျိုးဆက်ကြောင့်ပင် ဗမာမဟုတ်သော တိုင်းရင်းသားလူမျိုးများမှာ ဗမာလူမျိုးမဟုတ်ရုံ နှင့် အလိုအလျောက် ပေးဆပ်မှုများစွာ ပညာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေး စသည့်နယ်ပယ်များတွင် ပြုခဲ့ရပါသည်။ အခြေခံလူတန်းစားဗမာလူမျိုးများမှာ နိုင်ငံရေးဆိုင်ရာထုတ်ကုန်များ (Political Goods) အား မခံစားရသော်လည်း ဗမာဖြစ်ခြင်း၊ ပီသခြင်းအားဖြင့် စနစ်မှ အလိုအလျောက်ခံစားရသော ကောင်းကျိုးများကို ပြန်လည်ဆန်းစစ်သင့်ပါသည်။ သို့မှသာ မြန်မာနိုင်ငံ၏ပြဿနာမှာ လူမျိုးရေးပြဿနာကို အခြေခံခြင်းမဟုတ်ဘဲ အုပ်ချုပ်သူလူတန်းစားအဆက်ဆက်မှ ဖန်တီးထိန်းသိမ်းခဲ့သောစနစ်သည်သာ ပြဿနာအစစ်အမှန်ဖြစ်သည်ကို မြင်နိုင်မည်ဖြစ်သည်။ သို့မဟုတ်ပါက အစိုးရသာ အဆက်ဆက်ပြောင်းနေခဲ့သော်လည်း အုပ်ချုပ်သူလူတန်းစားမှာ ဆက်လက် တည်မြဲနေမည်ဖြစ်ပြီး မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးအသီးသီးတွင် လူမျိုးရေးအစွဲများ ပို၍ကြီးထွားလာကာ လူမျိုးရေးတန်းတူ မညီမျှမှုသည်လည်း ပြေလည်လာနိုင်လိမ့်မည် မဟုတ်ပေ။

ဆက်လက်၍ လက်တွေ့မြေပြင်အနေအထားနှင့် ကိုက်ညီမှုမရှိသော မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများအား အမျိုးအစား ၁၃၅ မျိုးခွဲခြားခြင်းနှင့် လူမျိုးဖြစ်တည်မှုအလိုက် နိုင်ငံရေးဆိုင်ရာ အသိအမှတ်ပြုမှုများ၊ အာဏာနှင့် လုပ်ပိုင်ခွင့်များအား ပေးအပ်နေမှုများ သည်လည်း ဥပဒေဆိုင်ရာလစ်ဟာမှုများနှင့် တိကျ၍ ဘက်လိုက်မှုကင်းသောမူဝါဒများ မရှိပါက မြန်မာနိုင်ငံ၏ လူမျိုးရေး မမျှတမှုများ နှင့် မကြေလည်မှုများအား ရေရှည် ဖြေရှင်းပေးနိုင်မည်မဟုတ်ပါ။ ၂၀၁၄ သန်းခေါင်စာရင်းပြုစုကောက်ခံရာတွင် တရားဝင် အသုံးပြုခဲ့သော တိုင်းရင်းသား လူမျိုးစာရင်းသည် လူမျိုးဖြစ်တည်မှုအလိုက် နိုင်ငံရေး အခွင့်အရေး ပေးအပ်ရာတွင် ဆုံးဖြတ်ချက်ချမှတ်မှုများအတွက် အသုံးချရန် ရည်ရွယ် ချက်ထက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးချရန်ဖြစ်သော အချက်အလက်များသာ ဖြစ်ကြောင်း နိုင်ငံတော်အစိုးရမှ အတိအလင်း အသိပေးအကြောင်းကြားမှုလည်း လိုအပ်ပါသည်။ မြေပြင်အနေအထားနှင့် ကိုက်ညီမှုမရှိသော တိုင်းရင်းသားလူမျိုး များအား အမျိုးအစား ခွဲခြားမှုများ၊ အုပ်စုဖွဲ့ခွဲခြားသတ်မှတ်မှုများအားလည်း သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးများ၏ သဘောထားကို အရေးထားကာ သဘောထားကောက်ခံ ပြန်လည်ပြင်ဆင်သင့်ပါသည်။ အမျိုးသားအဆင့် လူမျိုး (National)၊ မျိုးနွယ်စု (Tribe)၊ ဆွေမျိုးစုများ ခွဲခြားသတ်မှတ်၍ အုပ်စုဖွဲ့ထားခြင်းသည်လည်း မှားယွင်းမှုများ အတော်အတန်ပင်ရှိနေရာ လူမျိုးတစ်မျိုးအတွင်းရှိ မျိုးနွယ်စုအချင်းအချင်းပင် အငြင်း အခုံ ဖြစ်လာနေသည့် ဥပမာများ ရှိနေပါသည်။ ၁၃၅ မျိုးသော တိုင်းရင်းသား အမျိုးအစား ခွဲခြားသတ်မှတ်မှုအား တိုင်းရင်းသားရေးရာဝန်ကြီးများ ရွေးကောက်ခံ ပိုင်ခွင့်နှင့် ဆက်စပ်ဆင်ခြင်ပါကလည်း တိုင်းရင်းသားရေးရာဝန်ကြီးများ ဖန်တီး ရခြင်းမှာ လူနည်းစုတိုင်းရင်းသားလူမျိုးများအား ကာကွယ်ခြင်းလော သို့မဟုတ် လူများစု အား တစ်ဖက်လှည့်ဖြင့် ထပ်မံအကာအကွယ်ပေးနေခြင်းလော မရှင်းမလင်း ဖြစ်နေ ပါသည်။ အထက်ဖော်ပြပါ အစိုးရအဆက်ဆက်၏ မတူကွဲပြားမှုကို စီမံခန့်ခွဲခြင်း များသည် လက်တွေ့တွင် ထွေပြားသော မြန်မာနိုင်ငံ၏လူမျိုးရေးမမျှတမှုများနှင့် မကြေလည်မှုများကို ဖြေရှင်းပေးခြင်းဖြစ်ဟန် မပေါ်ဘဲ ပို၍ရှုပ်ထွေးသော ဘက်သို့သာ တွန်းပို့နေပုံ ပေါ်လွင်နေပါသည်။ ဆင်းသက်ရာဇာတိဇစ်မြစ်အရ ကွဲပြားကြသော တိုင်းရင်းသားလူမျိုးများ၏ အရေးအားစီမံခန့်ခွဲရာတွင် အနှစ်သာရ ပြည့်ဝသော အာမခံချက်ပါသည့် နိုင်ငံရေးအစီအမံများအား မဖန်တီးပါက ကွဲပြားနေကြသော တိုင်းရင်းသားလူမျိုးများမှာ ခွဲခြားဆက်ဆံပြုမှုနေထိုင်ကြသော လူမှုအသိုက်အဝန်း အဖြစ်သာ ဆက်လက်ရှင်သန်နေကြမည်ဖြစ်ပါသည်။

# ကျမ်းကိုးစာရင်း

## မြန်မာဘာသာ


၁။ Pyidaungsu Institute (2018)၊ မြန်မာနိုင်ငံဆိုင်ရာ ဖွဲ့စည်းပုံ အခြေခံဥပဒေများ - ၁၉၄၇ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေ။ Pyidaungsu Institute Press.

၂။ မြန်မာနိုင်ငံသားဥပဒေ (၁၉၈၂)။

၃။ တိုင်းရင်းသားလူမျိုးများအခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေ (၂၀၁၅)။

၄။ မြန်မာနိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၏ Nationwide Ceasefire Agreement (NCA) စာချုပ် သုံးနှစ်ပြည့် နှစ်ပတ်လည်အစည်းအဝေးတွင် ပြောကြားခဲ့သော မိန့်ခွန်း (2018)။

၅။ ဦးကျော်ဝင်း၊ ဦးမြဟန်၊ ဦးသိန်းလှိုင်၊ တိုင်းရင်းသားလူမျိုးများအရေး နှင့် ၁၉၄၇အခြေခံဥပဒေ၊ တက္ကသိုလ်များပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၉၉။

၆။ နေဝင်းနိုင်၊ ပြည်ထောင်စုကိုအမွေခွဲကြခြင်း၊ The Fifth Pillar စာပေ၊ ရန်ကုန်၊ ၂၀၁၈။

၇။ ဆရာဇော်ဂျီ၊ ဇော်ဂျီ၏စာရှုခင်း (၄)၊ စာတမ်းငယ်များနှင့်စာပေလေ့လာချက်များ၊ စိတ်ကူးချိုချိုစာပေ၊ ရန်ကုန်၊ ၂၀၁၅။

၈။ ၁၉၆၁ ခုနှစ်၊ ဖွဲ့စည်းပုံအုပ်ချုပ်ပုံအခြေခံဥပဒေ (တတိယပြင်ဆင်ချက်) အက်ဥပဒေ။ (၁၉၆၁ ခုနှစ်၊ အက်ဥပဒေ အမှတ် ၁၇)။

၉။ ဗမာပြည်ကွန်မြူနစ်ပါတီဝင် မင်းလတ်ရဲခေါင်၏ အတွေးပုံရိပ်များ၊

၁၀။ ငြိမ်းငြိမ်းပြည့်၊ ဗမာတို့မြင်ဖို့ ယနေ့ခေတ်၊ ၂၀၁၉။ https://www.theworldtoday-magazine.com/%E1%80%97%E1%80%99%E1%80%AC%E1%80%B1%E1%80%90%E1%80%BC-%E1%80%BB%E1%80%99%E1%80%84%E1%80%B9%E1%80%96%E1%80%AD%E1%80%AF%E1%82%94.html (နောက်ဆုံးဝင်ရောက်ဖတ်ရှုချိန် ဇွန်လ ၂၀ရက်နေ့၊ ၂၀၁၉ ခုနှစ်).

၁၁။ ပြည်ထောင်စုသမ္မတနိုင်ငံတော် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုအစီရင်ခံစာ၊ ၂၀၁၅။

၁၂။ ဂျူလိုင် ၅၊ ၁၉၈၉။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေး နှင့်တည်ဆောက်ရေးအဖွဲ့ ဥက္ကဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးစောမောင်မှ နိုင်ငံခြားသတင်းထောက်များ နှင့် တွေ့ဆုံမေးမြန်းခန်း ,Yangon: Ministry of Information, 1989။

၁၃။ ဧရာဝတီ၊ တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးဘယ်လိုသတ်မှတ်ခဲ့သလဲ၊ ၂၀၁၇၊ https://burma.irrawaddy.com/opinion/viewpoint/2017/06/16/136701.html (နောက်ဆုံးသွားရောက်ဖတ်ရှုချိန် ဧပြီလ ၅ရက်၊ ၂၀၁၉ ခုနှစ်)။

၁၄။ ဖက်ဒရယ်ဂျာနယ်၊ ချင်းလူမျိုးထဲက မျိုးနွယ်စုများအကြောင်း၊ ၂၀၁၃။

၁၅။ မြန်မာ့အလင်း၊ တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေပြဋ္ဌာန်း၊ ဗုဒ္ဓဟူး၊ ဖေဖော်ဝါရီ ၂၅၊ ၂၀၁၅။

၁၆။ ပြည်ထောင်စုသမ္မတနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်။


## အင်္ဂလိပ်ဘာသာ


1. Cheesman, N., How Myanmar's 'national races' trumped citizenship. New Mandala, 2017. https://www.newmandala.org/myanmars-national-races-trumped-citizenship/ (accessed 28 June 2019).

2. Mark, S., What's In A Term? The Challenge Of Finding Common Terminology For Ethnic Alliance-Building In Myanmar's Peace Process, twai-Torino World Affairs Institute, 2018.

   https://www.twai.it/magazines/myanmar-ethnic-alliance-peace/ (accessed 28 April 2019).

3. POPULATION REFERENCE BUREAU, Deciphering the Demography of Myanmar, 2014. https://www.prb.org/myanmar-demography/ (accessed 15 April 2019).

4. United Nations, Indigenous People at the UN, 1982. https://www.un.org/development/desa/indigenouspeoples/about-us.html (accessed 10 April 2019).

5. Sakhong Lian H, The Dynamics of Sixty Years of Ethnic Armed Conflict in Myanmar, Burma Center for Ethnic Studies, Peace and Reconciliation, 2012, http://www.burmalibrary.org/docs13/BCES-AP-01-dynamics(en).pdf (accessed 12 April 2019).

6. Hippler 2004, Goldsmith 2007 in Scott, Z., Literature Review on State Building, Governance and Social Development Resource Center, 2007, http://www.gsdrc.org/docs/open/hd528.pdf (accessed 16 April 2019).

7. Armin von Bogdandy. Et al., State-Building, Nation-Building, and Constitutional Politics in Post-Conflict Situations: Conceptual Clarifications and an Appraisal of Different Approaches, Max Planck Yearbook of United Nations Law, Volume 9, 2005, p. 579-613, 2005, https://pdfs.semanticscholar.org/f76d/229ac415b5279875dfddfcbeb68622ef4bd2.pdf (accessed 12 April 2019).

8. Dinnern, S., The Twin Process of Nation Building and State Building, Australian National University, 2017, http://dpa.bellschool.anu.edu.au/experts-publications/publications/1484/twin-processes-nation-building-and-state-building (accessed 5 April 2019).

9. Socialist Republic of the Union of Myanmar 1962 Printers and Publishers Registration Law (Law No. 1 amended by the Revolutionary Council of the Union of Myanmar, 1971), http://www.burmalibrary.org/docs6/Printers_and_Publishers_Registation_Act.pdf (accessed 15 March 2019).

10. Tun Aung Chain, Nation Building: The Question of the Nationalities, Myanmar Peace Center, 2014.

11. Walton, J, M., The Wages of Burman-ness: Ethnicity and Burman Privilege in Contemporary Myanmar, Journal of Contemporary Asia, iFirst article pp 1-27, 2012, https://themimu.info/sites/themimu.info/files/documents/Academic_Article_Wages_of_Burman-ness_Matthew_Walton_Jan2012.pdf (accessed 7 April 2017).

12. South, A. & Lall, M., Language, Education and the Peace Process in Myanmar, Contemporary Southeast Asia , 38 (1) pp. 128-153, 2016, http://discovery.ucl.ac.uk/1505876/ (accessed 6 April 2019).

13. Gravel, M., Exploring Ethnic Diversity In Burma, 2007.

14. McAuliffe L. E., Caste and the quest for racial hierarchy in British Burma:An analysis of census classifications from 1872-1931, University of Washington, 2017, https://digital.lib.washington.edu/researchworks/bitstream/handle/1773/39860/McAuliffe_washington_0250O_17297.pdf?sequence=1 (accessed 2 June 2019).

15. Transnational Institute, Ethnicity without Meaning, Data without Context The 2014 Census, Identity and Citizenship in Burma/Myanmar, Burma Centrum Netherland, 2014, https://www.tni.org/files/download/bpb_13.pdf (accessed 2 April 2019).

16. Mratt Kyaw Thu & Soe Than Lynn, Mixed reaction to new ethnic ministry, Frontier Myanmar, 2016, https://frontiermyanmar.net/en/mixed-reaction-to-new-ethnic-ministry (accessed 7 March 2019).

17. World Statesmen.org., States and Regions of Myanmar, nd. http://www.worldstatesmen.org/Myanmar_Regions.html (Accessed 7 March, 2019).

## နောက်ဆက်တွဲများ

### နောက်ဆက်တွဲ (၁) ၂၀၁၄ သန်းခေါင်စာရင်းပါ တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးတို့၏

| Sr. no | Main Ethnic Group | Ethnicity | Code |
|---|---|---|---|
| 1 | ကချင်/ Kachin | ကချင်/Kachin | ၁၀၁ |
| | | ကရို(တရွမ်း)/ Trone | ၁၀၂ |
| | | ဒလောင်/ Dalaung | ၁၀၃ |
| | | ဂျိန်းဖော/ Jing Phaw | ၁၀၄ |
| | | ဂေါ်ရီ/ Guari | ၁၀၅ |
| | | ခခု/ Hkahku | ၁၀၆ |
| | | ဒူရင်/ Duleng | ၁၀၇ |
| | | မရူ (လော်ဂေါ်)/ Maru (Law Gore) | ၁၀၈ |
| | | ရဝမ်/ Rawang | ၁၀၉ |
| | | လရှီ (လာချစ်)/ Lashi (La Chit) | ၁၁၀ |
| | | အဇီး/ Atsi | ၁၁၁ |
| | | လီဆူး/ Lisu | ၁၁၂ |
| ၂ | ကယား/ Kayah | ကယား/ Kayah | ၂၀၁ |
| | | ဇယိမ်း/ Zayein | ၂၀၂ |
| | | ကယမ်း (ပဒေါင်)/ Ka-Yun (Padaung) | ၂၀၃ |
| | | ဂေခို/ Gheko | ၂၀၄ |
| | | ဂေဘား/ kebar | ၂၀၅ |
| | | ပရဲ(ကယော)/ Bre (Ka-Yaw) | ၂၀၆ |
| | | မနုမနော/ Manu Manaw | ၂၀၇ |
| | | ယင်းတလဲ/ Yin-talai | ၂၀၈ |
| | | ယင်းတော်/ Yin Kaw | ၂၀၉ |

## အမည်စာရင်း နှင့် Code နံပါတ်များ

| Sr. no | Main Ethnic Group | Ethnicity | Code |
|---|---|---|---|
| ၄ | ချင်း/Chin | ချင်း/ Chin | ၄၀၁ |
| | | မယ်တိုင် (ကသဲ)/ Meithei (Kathe) | ၄၀၂ |
| | | ဆလိုင်း/ Saline | ၄၀၃ |
| | | ကလင်ကော (လူရှေ)/ Ka-Lin-Kaw (Lushaw) | ၄၀၄ |
| | | ခမီ/ Khami | ၄၀၅ |
| | | အောဝခမီ/ Awa Khami | ၄၀၆ |
| | | ခေါ်နိုး/ Khawno | ၄၀၇ |
| | | ခေါင်စို/ Kaungso | ၄၀၈ |
| | | ခေါင်ဆိုင်/ KaungSaing | ၄၀၉ |
| | | ခွာဆင်းမ်/ Khwelshin | ၄၁၀ |
| | | ခွန်လီ (ခေါ်) ဆင်မ်/ Kwangli (Sim) | ၄၁၁ |
| | | ဂန်ဘဲ/ Gunte | ၄၁၂ |
| | | ဂွေးတဲ/ Gwete | ၄၁၃ |
| | | ငွန်း/ Ngorn | ၄၁၄ |
| | | ဆီစာန်/ Zizan | ၄၁၅ |
| | | ဆင်ထန်/ Sentang | ၄၁၆ |
| | | ဆိုင်းတန်/ SaingZan | ၄၁၇ |
| | | ဇာတောင်/ Za-How | ၄၁၈ |
| | | ဇိုထုံး/ Zataung | ၄၁၉ |
| | | ဇိုဖေ/ Zo-Pe | ၄၂၀ |
| | | ဇို/ Zo | ၄၂၁ |

| Sr. no | Main Ethnic Group | Ethnicity | Code |
|---|---|---|---|
| ၃ | ကရင်/ Kayin | ကရင်/ Kayin | ၃၀၁ |
| | | ကရင်ဖြူ/ Karenpyu | ၃၀၂ |
| | | ပလေကြီး (ကလေရှိ)/ Pe-Le-Chi | ၃၀၃ |
| | | မွန်ကရင်/ Mon Kayin (Sarpyu) | ၃၀၄ |
| | | စကော (ကရင်)/ Sagaw | ၃၀၅ |
| | | တလေ့ပွား/ Ta-Lay-Pwa | ၃၀၆ |
| | | ပကူး/ Paku | ၃၀၇ |
| | | ဘွဲ/ Bwe | ၃၀၈ |
| | | မောနေပွား/ Monnepwa | ၃၀၉ |
| | | မိုးပွာ/Monpwa | ၃၁၀ |
| | | ပိုး (ကရင်)/ Shu (Pu O) | ၃၁၁ |
| ၅ | ဗမာ/Burmese | ဗမာ/ Burmese | ၅၀၁ |
| | | ထားဝယ်/ Travoyan | ၅၀၂ |
| | | မြိတ်/ Merguese | ၅၀၃ |
| | | ယော/ Yaw | ၅၀၄ |
| | | ရဘိန်း/ Yabein | ၅၀၅ |
| | | ကဒူး (ခံကူး)/ Kadu | ၅၀၆ |
| | | ဂဏန်း/ Ganna | ၅၀၇ |
| | | ဆလုံ/ Salon | ၅၀၈ |
| | | ဖွန်း (ဖွန်)/ Hpon | ၅၀၉ |
| ၆ | မွန်/ Mon | မွန်/ Mon | ၆၀၁ |
| ၇ | ရခိုင်/ Rakhine | ရခိုင်/ Rakhine | ၇၀၁ |
| | | ကမန်/ Kamei | ၇၀၂ |

| Sr. no | Main Ethnic Group | Ethnicity | Code |
|---|---|---|---|
| | | ဇန်ညုပ် (ဇန်နီယပ်)။ Zahnyet (Zanniet) | ၄၂၂ |
| | | တပေါင်/ Tapong | ၄၂၃ |
| | | တီးတိန် (ဟဲဒင်မ်)/ Tiddin (Hai-dim) | ၄၂၄ |
| | | တေဇန်/ Tay-Zan | ၄၂၅ |
| | | တိုင်ချွန်း/ Taishon | ၄၂၆ |
| | | တာ့ဒိုး/ Thado | ၄၂၇ |
| | | တောရ်/ Torr | ၄၂၈ |
| | | ဒင်မ်/ Dim | ၄၂၉ |
| | | ဒိုင် (ယင်ဒူး)/ Dai (Yindu) | ၄၃၀ |
| | | နာဂ/ Naga | ၄၃၁ |
| | | တန်ခူး/ Tanghkul | ၄၃၂ |
| | | မာရင်/ Malin | ၄၃၃ |
| | | ပနမ်း/ Panum | ၄၃၄ |
| | | မကန်း/ Magun | ၄၃၅ |
| | | မဟူ/ Matu | ၄၃၆ |
| | | မီရမ် (ခေါ်) မရာ/ Miran (Mara) | ၄၃၇ |
| | | မီအဲ/ Mi-er | ၄၃၈ |
| | | မွင်း/ Mgan | ၄၃၉ |
| | | လူရှိုင်း (လူရှေ)/ Lushei (Lushay) | ၄၄၀ |
| | | လေးမြို/ Laymyo | ၄၄၁ |
| | | လင်တဲ့ / Lyente | ၄၄၂ |
| | | လောက်တူ/ Lantu | ၄၄၃ |
| | | လိုင်/ Lai | ၄၄၄ |

| Sr. no | Main Ethnic Group | Ethnicity | Code |
|---|---|---|---|
| | | ခမွီး/ KweMyi | ၇၀၃ |
| | | ဒိုင်းနက်/ Daingnet | ၇၀၄ |
| | | မရမာကြီး/ Mayamagyi | ၇၀၅ |
| | | မြို/ Mro | ၇၀၆ |
| | | သက်/ Thet | ၇၀၇ |
| ၈ | ရှမ်း/ Shan | ရှမ်း/ Shan | ၈၀၁ |
| | | ယွန်း (လအို)/ Yun (Lao) | ၈၀၂ |
| | | ကွီ/ Kwi | ၈၀၃ |
| | | ဖျင်/ Pyin | ၈၀၄ |
| | | ယအို/ Yao | ၈၀၅ |
| | | ဓနော/Danaw | ၈၀၆ |
| | | ပလေး/ Pale | ၈၀၇ |
| | | အင်/ En | ၈၀၈ |
| | | စုံ (ဆံ)/ Son | ၈၀၉ |
| | | ခမု/ Khamu | ၈၁၀ |
| | | ကော် (အခါ-အီကော)/ Kaw (Akha-E-Kaw) | ၈၁၁ |
| | | ကိုးကန့် / Ko Kang | ၈၁၂ |
| | | ခန္တီးရှမ်း/ Khamti Shan | ၈၁၃ |
| | | ဂုံ (ခုန်)/ Hkun | ၈၁၄ |
| | | တောင်ရိုး/ TaungYo | ၈၁၅ |
| | | ဓနု/Danu | ၈၁၆ |
| | | ပလောင် (တအောင်း)/ Palaung | ၈၁၇ |
| | | မြောင်ဇီး/ Manzi | ၈၁၈ |

| Sr. no | Main Ethnic Group | Ethnicity | Code |
|---|---|---|---|
| | | လိုင်ဇို/ Laizo | ၄၄၅ |
| | | ပါကင်းမ် ခေါ် မရို/ Wakin (Maro) | ၄၄၆ |
| | | ဟွာလ်ငို/ Hualngo | ၄၄၇ |
| | | အနူး/ Anu | ၄၄၈ |
| | | အနန်/ Anun | ၄၄၉ |
| | | အူပူ/ Oo-Pu | ၄၅၀ |
| | | လျှင်းတူ/ Lhinbu | ၄၅၁ |
| | | အရှိချင်း (မြေပြန့်)/ Asho | ၄၅၂ |
| | | ရောင်ထု/ Rongtu | ၄၅၃ |
| ၉ | | မြန်မာ + နိုင်ငံခြားသား | ၉၀၀ |
| | | ထိုင်း/ Thailand | ၉၀၁ |
| | | မလေးရှား/ Malaysia | ၉၀၂ |
| | | နီပေါ/ Naipaul | ၉၀၃ |
| | | ပါကစ်စတန်/ Pakistani | ၉၀၄ |
| | | စင်ကာပူ/ Singapore | ၉၀၅ |
| | | တရုတ်/ Chinese | ၉၀၆ |
| | | ဂျပန်/ Japanese | ၉၀၇ |
| | | ကိုရီးယား/ Korean | ၉၀၈ |
| | | အိန္ဒိယ/ Indian | ၉၀၉ |
| | | ဘင်္ဂလားဒေ့ရှ်/ Bangladesh | ၉၁၀ |
| | | အမေရိကန်/ US American | ၉၁၁ |
| | | ဗီယက်နမ်/ Vietnamese | ၉၁၂ |
| | | ဖိလစ်ပိုင်/ Philippines | ၉၁၃ |

| Sr. no | Main Ethnic Group | Ethnicity | Code |
|---|---|---|---|
| | | ယင်းကြား/ Yin Kha | ၁၀၉ |
| | | ယင်းနက်/ Yin Net | ၁၂၀ |
| | | ရှမ်းကလေး/ Shan Gale | ၁၂၁ |
| | | ရှမ်းကြီး/ Shan Gyi | ၁၂၂ |
| | | လားဟူ/ Lahu | ၁၂၃ |
| | | အင်းသား/ Intha | ၁၂၄ |
| | | အိုက်တွယ်(အိုက်ဘွယ်)/ Eikswair | ၁၂၅ |
| | | ပအို့ဝ် (တောင်သူ)/ Pa-O | ၁၂၆ |
| | | တိုင်းလွယ်/ Tai-Loi | ၁၂၇ |
| | | တိုင်းလျမ်/ Tai-Len | ၁၂၈ |
| | | တိုင်းလုံ/ Tai-Lon | ၁၂၉ |
| | | တိုင်းလေ့/ Tai-Lay | ၁၃၀ |
| | | မိုင်းသာ/ Maingtha | ၁၃၁ |
| | | မောရှမ်း/ Maw Shan | ၁၃၂ |
| | | ဝ/ Wa | ၁၃၃ |

*Adapted_National Reform in Myanmar and the 2014 Population and Housing Census, Marry Call*

| Sr. no | Main Ethnic Group | Ethnicity | Code |
|---|---|---|---|
| ၁၀ | | အခြား/ Other | ၉၁၄ |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |

*ahan.*

# နောက်ဆက်တွဲ (၂) တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေ

၁၀ | ဗုဒ္ဓဟူး၊ ဖေဖော်ဝါရီ ၂၅၊ ၂၀၁၅

ဥပဒေ

# တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေပြဋ္ဌာန်း

**တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေ**

**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၈။)**

**၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်**

**(၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကိုတိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသောအောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တိုင်းရင်းသားလူမျိုးများ**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ပင်ရင်းနိုင်ငံအဖြစ် သတ်မှတ်၍ စဉ်ဆက်မပြတ်နေထိုင်ခဲ့ကြသော လူမျိုးများကိုဆိုသည်။ ယင်းစကားရပ်တွင် နိုင်ငံသားပြုခွင့်ရသူများနှင့် ဧည့်နိုင်ငံသားများမပါဝင်။

(ခ) **ဝန်ကြီးဌာန** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသည့် ပြည်ထောင်စုအစိုးရ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကိုဆိုသည်။

(ဂ) **ပြည်ထောင်စုဝန်ကြီး**ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်သော တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(ဃ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာန** ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတက သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏သဘောတူညီချက်ဖြင့် တိုင်းရင်းသားလူမျိုးရေးရာ ကိစ္စရပ်များကို ဆောင်ရွက်ရန်ဖွဲ့စည်းတာဝန်ပေးအပ်သော ဝန်ကြီးဌာနကို ဆိုသည်။

(င) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီး** ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ဝန်ကြီးကို ဆိုသည်။

(စ) **တိုင်းရင်းသားရေးရာ**ဆိုသည်မှာ တိုင်းရင်းသားတို့၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် ကိုးကွယ်သည့် ဘာသာ၊ သမိုင်းအမွေအနှစ်၊ ငြိမ်းချမ်းရေး၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ အခွင့်အရေးများရရှိရေးတို့အပါအဝင် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးစသည့် ကိစ္စရပ်များကို ဆိုသည်။

**အခန်း (၂)**

**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တိုင်းရင်းသားလူမျိုးအားလုံး တန်းတူညီမျှသော နိုင်ငံသားအခွင့်အရေးများရရှိစေရန်၊

(ခ) တိုင်းရင်းသားအချင်းချင်းချစ်ကြည်ရင်းနှီးမှုဖြင့် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်အခြေခံ၍ ထာဝစဉ်အတူတကွ လက်တွဲနေထိုင်ကြစေရန်၊

(ဂ) တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်း၊ အမျိုးသားရေးလက္ခဏာနှင့် သမိုင်းအမွေအနှစ်တို့ကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန်၊

(ဃ) တိုင်းရင်းသားလူမျိုးအချင်းချင်းစည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန်၊

(င) တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေသည့် တိုင်းရင်းသားလူမျိုးများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးစသည်တို့ပါဝင်သော လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်၊

(စ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများကို တိုင်းရင်းသားလူမျိုးများအပြည့်အဝရရှိစေရန်။

**အခန်း(၃)**

**တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနှင့်ရပိုင်ခွင့်များ**

၄။ တိုင်းရင်းသားလူမျိုးများသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင်-

(က) မိမိတို့၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် ကိုးကွယ်သည့် ဘာသာသာသနာတို့ကို လွတ်လပ်စွာဆောင်ရွက်ခွင့်ရှိသည်။

(ခ) မိမိတို့၏ စကား၊ စာပေတို့ကို နိုင်ငံတော်၏ ပညာရေးမူဝါဒကို ထိခိုက်မှုမရှိစေဘဲသင်ကြားခွင့်နှင့် သင်ယူခွင့်ရှိသည်။

(ဂ) မိမိတို့၏ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းအရဆောင်ရွက်သောအခမ်းအနားများနှင့် နေ့ထူးနေ့မြတ်များကို လွတ်လပ်စွာကျင်းပခွင့် ရှိသည်။

(ဃ) မိမိတို့၏ စာပေနှင့်အနုပညာတို့ကိုခေတ်မီတိုးတက်စေရန် တီထွင်ကြံဆဖော်ထုတ်ခွင့်နှင့် ယဉ်ကျေးမှုကိစ္စရပ်များနှင့်စပ်လျဉ်း၍ လွတ်လပ်စွာသုတေသနပြုဖော်ထုတ်ခွင့်ရှိသည်။

(င) ပညာသင်ကြားခွင့်၊ ဆေးကုသခွင့်၊ အလုပ်အကိုင်ရပိုင်ခွင့်နှင့် စီးပွားရေးလုပ်ငန်းများတွင် တန်းတူညီမျှသော အခွင့်အရေးများ ရပိုင်ခွင့်ရှိသည်။

(စ) မိမိတို့၏ရိုးရာတိုင်းရင်းဆေးပညာများတိမ်ကောပပျောက်မှုမရှိစေရေးအတွက်ထိန်းသိမ်းခြင်း၊ ဖော်ထုတ်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်စေခြင်းတို့ကို ဆောင်ရွက်ခွင့်ရှိသည်။

(ဆ) မိမိတို့၏ ရှေးဟောင်းအမွေအနှစ်များကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခွင့်ရှိသည်။

(ဇ) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်သောလူဦးရေရှိပါက သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုဥပဒေပြုရေးတွင် မိမိတို့ကိုယ်စားလှယ်များပါဝင်နိုင်ရန် ဆောင်ရွက်ခွင့်ရှိသည်။

(ဈ) ပုဒ်မခွဲ(ဇ)အရ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဥပဒေပြုရေးတွင် ကိုယ်စားလှယ် ပါဝင်ခွင့်ရရှိသည့် တိုင်းရင်းသားလူမျိုးဖြစ်လျှင် ထိုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုအုပ်ချုပ်ရေးတွင် အဓိကအားဖြင့် ထိုတိုင်းရင်းသားလူမျိုးများရေးရာကို ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ ပါဝင်ခွင့်ပြုရမည်။

(ည) မိမိတို့တိုင်းရင်းသားများ၏ သမိုင်းဖြစ်စဉ်များကို ထုတ်ဖော်ခွင့်နှင့် အမွေအနှစ်များကို ဥပဒေနှင့်အညီ ထိန်းသိမ်းကာကွယ်ခွင့်ရှိရမည်။

**အခန်း(၄)**

**ဝန်ကြီးဌာနဖွဲ့စည်းခြင်းနှင့် ပြည်ထောင်စုဝန်ကြီးခန့်အပ်ခြင်း**

၅။ တိုင်းရင်းသားလူမျိုးများ၏ ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ စီမံကိန်းကြီးများ၊ စီးပွားရေးလုပ်ငန်းများ၊ သဘာဝသယံဇာတ ထုတ်ယူသုံးစွဲခြင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုပါက စီမံကိန်းအကြောင်းအရာများကို သက်ဆိုင်ရာဌာနေတိုင်းရင်းသားလူမျိုးများအား ပြည့်စုံတိကျစွာ ကြိုတင်ချပြအသိပေး၍ ညှိနှိုင်းဆောင်ရွက်ရမည်။

၆။ နိုင်ငံတော်သမ္မတသည် တိုင်းရင်းသားလူမျိုးများရေးရာ ကိစ္စရပ်များကို အလေးထားဆောင်ရွက်နိုင်ရန် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကို ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည်။

၇။ နိုင်ငံတော်သမ္မတသည် -

(က) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများရေးရာ ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်ကိုယ်စားလှယ်များထဲကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူများထဲကဖြစ်စေ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၃၂ ပုဒ်မခွဲ (က) ပါ အရည်အချင်း သတ်မှတ်ချက်နှင့် ပြည့်စုံသောသင့်လျော်သည့် ပုဂ္ဂိုလ်ကိုရွေးချယ်၍ ယင်း၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်သို့တင်သွင်းလျက် သဘောတူညီချက်ရယူရမည်။

(ခ) ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးရန် ပြည်ထောင်စုလွှတ်တော်၏သဘောတူညီချက်မရရှိပါက ယင်းပုဂ္ဂိုလ်အစား အမည်စာရင်းသစ်ကို ပြည်ထောင်စုလွှတ်တော်သို့ ထပ်မံတင်သွင်းခွင့်ရှိသည်။

(ဂ) ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရရှိပြီးသည့် ပုဂ္ဂိုလ်အား ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးရမည်။

၈။ ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်။ ပြည်ထောင်စုဝန်ကြီး၏ ရာထူးသက်တမ်းသည် သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်းဖြစ်သည်။

**အခန်း(၅)**

**ဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၉။ ဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် မူဝါဒနှင့် လုပ်ငန်းစဉ်များချမှတ်ခြင်း၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဤဥပဒေပါ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများကို ဥပဒေနှင့်အညီ အပြည့်အဝရရှိခံစားနိုင်ရေးအတွက် ကာကွယ်စောင့်ရှောက်ခြင်း၊

(ဂ) တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးတမ်းတို့ကို ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခြင်း၊ သမိုင်းနှင့် ရှေးဟောင်းအမွေအနှစ်တို့ကို စူးစမ်းရှာဖွေဖော်ထုတ်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ဆောင်ရွက်ခြင်း၊

(ဃ) တိုင်းရင်းသားအချင်းချင်းစည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန် ဆောင်ရွက်ခြင်း၊

(င) ဖွံ့ဖြိုးတိုးတက်မှုနည်းပါးသောတိုင်းရင်းသားလူမျိုးများ၏လူမှုဘဝမြင့်မားရေးအတွက်ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့်လမ်းပန်းဆက်သွယ်ရေးစသည့်လုပ်ငန်းရပ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း၊

(စ) တိုင်းရင်းသားလူမျိုး တစ်မျိုးနှင့်တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုးအချင်းချင်းကိုလည်းကောင်း၊ အခြားဘာသာသာသနာကို လည်းကောင်း ထိခိုက်နစ်နာမှုမရှိစေဘဲ မိမိချစ်ခင်မြတ်နိုးသည့် စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာသာသနာနှင့် ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာ ဆောင်ရွက်ခြင်း၊

(ဆ) တိုင်းရင်းသားများ၏ အခွင့်အရေးကို ဥပဒေနှင့်အညီ ထိရောက်စွာ အကာအကွယ်ပေးခြင်း၊

(ဇ) တိုင်းရင်းသားအချင်းချင်း သို့မဟုတ် တိုင်းရင်းသားလူမျိုးများအကြား ဖြစ်ပွားသည့် အငြင်းပွားမှုနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ဖြေရှင်းခြင်း၊

(ဈ) တိုင်းရင်းသားလူမျိုးများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်စေမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သုတေသနလုပ်ငန်းများဆောင်ရွက်ခြင်း၊

(ည) လူနည်းစုဖြစ်သော၊ ကွယ်ပျောက်လုနီးပါးဖြစ်နေသော တိုင်းရင်းသား မျိုးနွယ်စုများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးတမ်းတို့ကို ဖော်ထုတ်ခြင်း၊ ထိန်းသိမ်းခြင်း၊ စောင့်ရှောက်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း၊

(ဋ) ဤဥပဒေပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဌ) ပြည်ထောင်စုအစိုးရအဖွဲ့က ဖြစ်စေ၊ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ ပေးအပ်သော တိုင်းရင်းသားလူမျိုးရေးရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၁၀။ ဝန်ကြီးဌာနသည် လိုအပ်သည့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ထမ်းအဖွဲ့အစည်းအသီးသီးကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းဆောင်ရွက်ရမည်။

၁၁။ ဝန်ကြီးဌာနသည် တိုင်းရင်းသားရေးရာကိစ္စရပ်များကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ပါက ကော်မတီနှင့်လုပ်ငန်းအဖွဲ့များကို သက်ဆိုင်ရာအခြားပြည်ထောင်စုဝန်ကြီးဌာနများနှင့် ညှိနှိုင်း၍ဖွဲ့စည်းနိုင်ပြီး ယင်းတို့ကိုဖွဲ့စည်းပါက လုပ်ငန်းတာဝန်များကို တစ်ပါတည်းသတ်မှတ်ပေးရမည်။

၁၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနသည် ယင်း၏ လက်အောက်တွင် လိုအပ်သည့် သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ထမ်းအဖွဲ့အစည်းအသီးသီးကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းဆောင်ရွက်ရမည်။

၁၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနသည် သက်ဆိုင်ရာ တိုင်းရင်းသားရေးရာ ကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ရသုံးမှန်းခြေငွေစာရင်းတွင် နှစ်စဉ်ထည့်သွင်းရေးဆွဲရမည်။

**အခန်း (၆)**

**တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်ခြင်း**

၁၄။ တိုင်းရင်းသားလူမျိုးများသည် မိမိတို့တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနစ်နာဆုံးရှုံးပါက ကာကွယ်စောင့်ရှောက်မှုရရှိနိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ထံ တင်ပြနိုင်သည်။

၁၅။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ပုဒ်မ ၁၄ အရ တင်ပြချက်ကိုလက်ခံရရှိသည့်အခါ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး နစ်နာဆုံးရှုံးမှုမရှိစေရေးအတွက် လိုအပ်သည့် ကာကွယ်စောင့်ရှောက်မှုပေးရန်-

(က) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးအား တာဝန်ပေးအပ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ တာဝန်ပေးအပ်နိုင်ခြင်းမရှိပါက သင့်လျော်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦးဦးအား တာဝန်ပေးအပ်ရမည်။

၁၆။ ပုဒ်မ ၁၅ အရ တာဝန်ပေးအပ်ခြင်းခံရသောဝန်ကြီးသည် -

(က) မိမိအားတာဝန်ပေးအပ်သောကိစ္စရပ်နှင့်စပ်လျဉ်း၍ တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး နစ်နာဆုံးရှုံးမှုပေါ်ပေါက်ခြင်း ရှိ မရှိ စိစစ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ စိစစ်သည့်အခါ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး နစ်နာဆုံးရှုံးမှုပေါ်ပေါက်ကြောင်း တွေ့ရှိပါက ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရလည်းကောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှိ ဝန်ကြီးဌာနများ၊အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များနှင့် လိုအပ်သလိုပေါင်းစပ်ညှိနှိုင်း၍ လည်းကောင်း ဆောင်ရွက်ရမည်။

(ဂ) ပုဒ်မခွဲ (ခ)အရ ဆောင်ရွက်ရာတွင် ပြည်ထောင်စုအဆင့်ရှိ အခြားဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၏ ပံ့ပိုးမှုရရှိရန် လိုအပ်ပါကသက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနသို့လည်းကောင်း တင်ပြရမည်။

၁၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ဂ) အရ တင်ပြချက်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့်ရှိ ဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၏ ပံ့ပိုးမှုရရှိရန် လိုအပ်ကြောင်း သုံးသပ်တွေ့ရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

၁၈။ ဝန်ကြီးဌာနသည် ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ဂ) အရ တင်ပြချက်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့်ရှိ ဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၏ ပံ့ပိုးမှုရရှိရန် လိုအပ်ကြောင်း သုံးသပ်တွေ့ရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

၁၉။ ပုဒ်မ ၁၅ အရ တာဝန်ပေးအပ်ခြင်းခံရသောဝန်ကြီးသည် မိမိဆောင်ရွက်ရသောကိစ္စတွင် တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးကိုကာကွယ်စောင့်ရှောက်မှုပေးနိုင်ခြင်းမရှိပါက အကျိုးအကြောင်းပြည့်စုံစွာဖော်ပြ၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြရမည်။ ***စာမျက်နှာ ၁၁ သို့***



## နောက်ဆက်တွဲ (၃) မြန်မာတိုင်းရင်းသားတို့၏ ရိုးရာစကားပုံများ

ကမ္ဘာပေါ်ရှိ လူမျိုးအသီးသီးတွင် ဆိုင်ရာဆိုင်ရာစကားပုံများရှိကြသကဲ့သို့ပင် မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးအသီးသီးတွင်လည်း မိမိတို့ရှင်သန်နေထိုင်ရာ လူမှုပတ်ဝန်းကျင်အား နောက်ခံထားကာ ပုံဆောင်ဖွဲ့ညွှန်းထားသော စကားပုံများကိုယ်စီ ရှိကြပါသည်။ အကြောင်းအရာတစ်ခုတည်းအား ပုံဖော်ညွှန်းဆိုထားသော်လည်း မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးအသီးသီးတို့ ရှင်သန်လှုပ်ရှားရာ အရပ်ဒေသနှင့် လူမှုပတ်ဝန်းကျင်များမှာ ကွဲပြားခြားနားကြသည့်အလျောက် ခိုင်းနှိုင်းညွှန်းဆိုထားသည့် ပုံသဏ္ဌာန်များမှာ မတူညီကြပါ။ သို့ဖြစ်၍ တိုင်းရင်းသားလူမျိုး တစ်မျိုးနှင့်တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုးများ အချင်းချင်းကြား ရေရှည်တည်တံ့သော နားလည်မှု တည်ဆောက်နိုင်ရန်အတွက် လူမျိုးတစ်မျိုး၏ စကားပုံအား အခြားသောလူမျိုးတစ်မျိုးမှ လေ့လာသဘောပေါက်ထားရန်လည်း လိုအပ်ပါသည်။ မြန်မာနိုင်ငံတွင်တိုင်းရင်းသား လူမျိုးများစွာမှီတင်းနေထိုင်ကြသော်လည်း ယခုစာတမ်းတွင်မူ လက်လှမ်းမှီသလောက် စုဆောင်းရရှိထားသော တိုင်းရင်းသားလူမျိုးတို့၏ စကားပုံများကိုသာ တင်ပြထားပါသည်။

### ဂျိန်းဖော့တိုင်းရင်းသားစကားပုံများ

၁။ စဉ်းစားလျှင်ငိုင်၊ လုပ်လျှင်နိုင်။

ဆိုလိုရင်း။။ စဉ်းစားနေလျှင်အလုပ်မပြီး၊ လက်တွေ့လုပ်လျှင် အလုပ်ပြီးမည်။

၂။ ဖွဲကကျောရိုး၊ ဝီရိယမှာထမ်းပိုး။

ဆိုလိုရင်း။။ ဖွဲနှင့်ဝီရိယတို့ကို အောင်မြင်ခြင်းရရှိရန်အတွက် အမာခံများအဖြစ်ထားရှိရန်။

### မရူတိုင်းရင်းသားစကားပုံများ

၁။ ညီအစ်ကိုများကိုစွန့်ပစ်ရန် ချောက်ကမ်းပါးမရှိ၊ ဖက်နွမ်းဖက်ခြောက်များကိုသာ စွန့်ပစ်ရန် ချောက်ကမ်းပါးရှိသည်။

ဆိုလိုရင်း။။ ညီအစ်ကိုများမှာ သွေးသားအရင်းအချာဖြစ်ကြသည့်အတွက် ဖက်နွမ်းဖက်ခြောက်များကို စွန့်ပစ်သကဲ့သို့ စွန့်ပစ်ရန် သံယောဇဉ်မပြတ်နိုင်ပါ။

၂။ ခွေးကောင်းသည်လူကိုမဟောင်၊ လူကောင်းသည် သူတစ်ပါးအား မကဲ့ရဲ့။

ဆိုလိုရင်း။။ သူတစ်ပါးအား ကဲ့ရဲ့ခြင်းသည် လူကောင်းတို့၏လက္ခဏာမဟုတ်ပါ။

၃။ လူမကောင်းလျှင် တရားဖျက်၊ တိရစ္ဆာန်မကောင်းလျှင် ခြံဖျက်။

ဆိုလိုရင်း။။ မကောင်းသောသူသည် တရားဖျက်တတ်သည်။

၄။ ဝါးမကွဲဘဲနှင့်ရေမဝင်၊ ဝါးကွဲမှသာ ရေဝင်သည်။

ဆိုလိုရင်း။။ အချင်းချင်းစည်းလုံးညီညွတ်မှုရှိလျှင် ပြင်ပရန်သူများမဝင်နိုင်၊ စည်းလုံးမှု မရှိပါက ပြင်ပရန်သူများ ဝင်နိုင်မည်။

## ရဝမ်တိုင်းရင်းသားစကားပုံများ

၁။ ကျီးကိုရေချိုးပေး၍ မဖြူနိုင်၊ ကျွဲချိုကိုမည်မျှပြုတ်သော်လည်း အသွေးမပြောင်း။

ဆိုလိုရင်း။။ လူ၏ပင်ကိုသဘာဝအား ပြုပြင်ပြောင်းလဲ၍ မရနိုင်ပါ။

၂။ ကြက်ဥမပေါက်သေးခင်၊ ကြက်ကလေးမရေပါနှင့်။

ဆိုလိုရင်း။။ ပန်းတိုင်မရောက်သေးခင် ကြိုတင်၍အောင်ပွဲ မခံရန်။ မရေရာသော အနာဂတ် အတွက် ကြိုတင်၍တိတိကျကျ မတွက်ဆသင့်။

၃။ ရန်သူ့လက်ဆောင်သည် အလွန်ကြောက်မက်ဖွယ်ကောင်း၏။

ဆိုလိုရင်း။။ ပရိယာယ်ဆင်လာတတ်သော ရန်သူမျိုးသည် အလွန်ကြောက်မက်ဖွယ် ကောင်းသည်။

## လရှိုတိုင်းရင်းသားစကားပုံများ

၁။ ကလေးကျပြီးမှ လေ့ကားထောင်သည်၊ သားကောင်လွန်ပြီးမှ ခွေးဟောင်သည်။

ဆိုလိုရင်း။။ လုပ်သင့်လုပ်ထိုက်သည့်ကိစ္စကို အချိန်နှောင်းမှ ဆောင်ရွက်သဖြင့် အကျိုးထိခိုက်ရတတ်သည်။

၂။ သားကောင်းသည် မိခင်မှ၊ အသီးကောင်းသည် အမြစ်မှ။

ဆိုလိုရင်း။။ သားကောင်းများဖြစ်ရေးအတွက် မိခင်၏အခန်းကဏ္ဍသည်အလွန်အရေးကြီးသည်။

၃။ သက်ကြီးစကားကို မလွန်ဆန်သင့်၊ အရိုးရင့်ကိုလည်း မခုတ်သင့်။

ဆိုလိုရင်း။။ အမြော်အမြင် ဗဟုသုတရှိသော လူကြီးသူမများ၏ ဆိုဆုံးမစကားများကို နာယူသင့်သည်။

## လီဆူးတိုင်းရင်းသားစကားပုံများ

၁။ သူတစ်ပါးကကူညီသည်ကိုမှတ်ထားပါ၊ ကိုယ်ကကူညီသည်ကို မေ့ပစ်ပါ။

ဆိုလိုရင်း။။ သူတစ်ပါးကျေးဇူးကိုသိတတ်ရန် နှင့် သူတစ်ပါးအားကူညီရာတွင်လည်း ရိုးသားဖြူစင်သည့်စိတ်ဓာတ်နှင့် ကူညီတတ်ရန် ဆိုလိုပါသည်။

## အဖီးတိုင်းရင်းသားစကားပုံ

၁။ ချောင်းကူးပြီးလျှင် တောင်ဝှေးကိုပစ်တတ်သည်။

ဆိုလိုရင်း။။ လိုအပ်သည့်အခါတစ်ပါးသူထံမှ အကူအညီကိုယူပြီး မိမိလုပ်ငန်းကိစ္စ အောင်မြင်ပြီးဆုံးသည့်အခါ ထိုကူညီသူအား ပစ်ပယ်တတ်ခြင်းကိုဆိုလိုသည်။

၂။ မယားယူမှားတစ်သက်၊ တောင်ယာခုတ်မှားတစ်နှစ်။

ဆိုလိုရင်း။ ။အိမ်ထောက်ဖက်ရွေးခြင်းအမှုသည်အလွန်ပင်အရေးကြီးကြောင်းကိုဆိုလိုသည်။

၃။ ရေမတိုးမီ တံတားဆောက်ပါ။

ဆိုလိုရင်း။ ။ လုပ်ရန်ရှိသည့်ကိစ္စကို ကြိုတင်ဆောင်ရွက်ရန်ဖြစ်သည်။

## ကယားတိုင်းရင်းသားစကားပုံများ

၁။ ချတောင်ပို့တည်သကဲ့သို့ ညီညွတ်ပါ၊ ကလိန်နီ (ပုရွက်ဆိတ်အမျိုးအစားတစ်မျိုး ကဲ့သို့) ချီတက်ပါ။

ဆိုလိုရင်း။ ။ မည်သည့်လုပ်ငန်းမဆို စည်းလုံးညီညွတ်မှုရှိစွာ ဆောင်ရွက်ပါက အောင်မြင်မှုကို ရနိုင်သည်။

၂။ လိပ်တွင်းဝင်သကဲ့သို့ ကြိုးစားပါ၊ သင်းခွေချပ်မြေတူးသကဲ့သို့ အားထုတ်ပါ။

ဆိုလိုရင်း။ ။ အလုပ်လုပ်ရာတွင် ဖွဲလုံ့လဝီရိယရှိရန် လိုအပ်ကြောင်းဆိုလိုသည်။

၃။ ပေါက်တူးကို အဖော်ပြုရင်ခါးနာတယ်၊ ပေါက်ပြားကို အဆွေဖက်ရင် လက်မောင်းနာတယ်။

ဆိုလိုရင်း။ ။ အသိပညာ၊ အတတ်ပညာမရှိပါက ပင်ပန်းကြီးစွာ လုပ်ကိုင်စားသောက်ရမည်။

## ကရင်တိုင်းရင်းသားစကားပုံများ

၁။ ကောင်းကင်သည် တိမ်နှင့်မကင်း၊ လူမှာလည်း အပြစ်နှင့်မကင်း။

ဆိုလိုရင်း။ ။ လူမှန်လျှင် အပြစ်နှင့် မကင်းနိုင်ပါ။

၂။ ငါးခူသည် ငါးခူနှင့်ပေါင်း၊ ငါးကျည်းသည် ငါးကျည်းနှင့်ပေါင်း။

ဆိုလိုရင်း။ ။ အမျိုးအစား၊ အကျင့်စရိုက်တူသူခြင်းပေါင်းဖော်တတ်ကြောင်းဆိုလိုသည်။

၃။ စားရလည်းမပြုံးနှင့် ဝတ်လည်းမငိုနှင့်။

ဆိုလိုရင်း။ ။ လောကဓံအားကြံ့ကြံ့ခံ ရင်ဆိုင်ရန်ဖြစ်သည်။

၄။ ဓားမရမီ ဓားရိုးခုတ်ထား၊ မိုးမကျမီ ခေါင်မိုးပြင်ထား။

ဆိုလိုရင်း။။ ကြိုတင်ပြင်ဆင်တတ်သော အလေ့အထရှိရန်ဖြစ်သည်။

၅။ ဝါးများလျှင် မြစ်ကူးနိုင်၏၊ လူများလျှင် အလုပ်ပြီးနိုင်၏။

ဆိုလိုရင်း။။ စည်းလုံးညီညွတ်ခြင်း နှင့် စုပေါင်းအင်အားတို့၏ တန်ဖိုးကြီးမားပုံကို ဆိုလိုခြင်းဖြစ်သည်။

## ချင်းတိုင်းရင်းသားစကားပုံများ

၁။ ဂျီကောင်ကလေးသည် အမေဂျီကောင်ကဲ့သို့နီသည်။

ဆိုလိုရင်း။။ သားသမီးသည် မိခင်နှင့် စရိုက်သွင်ပြင်တူတတ်သည်။

၂။ မေတ္တာဖြင့်အရင်းတည်လျှင် မေတ္တာတုံ့ပြန်၍၊ ရန်ဖြင့်အရင်းတည်လျှင် ရန်တုံ့ပြန်တတ်သည်။

ဆိုလိုရင်း။။ မိမိလိုချင်သည့်အရာအား အရင်းတည်ပြုမူပါက အလားတူတုံ့ ပြန်ခံရမည်။

၃။ သစ်ပင်ကြောင့်မိုးရွာ၍၊ မိုးကြောင့်သစ်ပင်ပေါက်ရသည်။

ဆိုလိုရင်း။။ မိုးနှင့် သစ်ပင်သည် တစ်ဦးနှင့်တစ်ဦးမှီတွယ်အကျိုးပြုနေကြောင်းကို ဆိုလိုခြင်းဖြစ်သည်။

## လူရှေတိုင်းရင်းသားစကားပုံများ

၁။ ကောင်းသောလမ်းသည်မတ်စောက်ပြီး၊ မကောင်းသောလမ်းသည်ညီညာသည်။

ဆိုလိုရင်း။။ လူတော်လူကောင်းအဖြစ် ကျင့်ကြံနေထိုင်ရန်မှာ ခက်ခဲ၍ လူဆိုးလူသွမ်းဖြစ်ရန်မှာ လွယ်ကူကြောင်းကို ဆိုလိုခြင်းဖြစ်သည်။

၂။ ကျားသော နွားနောက်က ကျားသော နွားနောက်ကိုပင်မွေးတတ်၍ ကျားကလည်း ကျားကိုပင် မွေးတတ်သည်။ ဆီးဖြူပင်က အခြားသစ်သီးများမသီးတတ်ချေ။

ဆိုလိုရင်း။။ မျိုးရိုးဗီဇကို ဖော်ညွှန်းထားခြင်းဖြစ်သည်။

၃။ ဝေဝေမျှမျှလုပ်တတ်သောသူသည် အသက်ရှည်တတ်၍၊ တစ်ကိုယ်ကောင်းကြံပြီး စားတတ်သောသူသည် အသက်တိုလေ့ရှိသည်။

ဆိုလိုရင်း။။ တစ်ကိုယ်ကောင်းမဆန်ပဲ၊ မျှမျှတတ ကျင့်ကြံပြုမူနေထိုင်ခြင်းအား ဆိုလိုခြင်း ဖြစ်သည်။

## တအာန်းတိုင်းရင်းသားစကားပုံများ

၁။ ကျီးလိုဝိုင်းကူညီပြီး၊ ကြက်သွန်ဖြူဥလို စုစည်းပါ။

ဆိုလိုရင်း။။ အချင်းချင်း ဝိုင်းဝန်းကူညီပြီး စုစုစည်းစည်းနေထိုင်ကြရန်ဖြစ်သည်။

၂။ ကျွဲနှစ်ကောင်ခတ်လျှင် ကန်သင်းပျက်သည်။

ဆိုလိုရင်း။။အင်အားကြီးသောသူနှစ်ယောက်၏အာဃာတမာန်မာနခိုက်ရန်ဒေါသကြောင့် ကြားလူများ နစ်နာခြင်းဖြစ်ရခြင်းကိုဆိုလိုခြင်းဖြစ်သည်။

၃။ ရဲသူမပြော၊ ပြောသူမရဲ။

ဆိုလိုရင်း။။ ရဲရင့်သူက ရဲရင့်ပါသည်ဟု ထုတ်ဖော်ပြောလေ့မရှိ၊ ရဲသည်ဟုကြွားဝါနေတတ် သူသည် တကယ်ရဲရင့်ခြင်းမရှိပါ။

## ထားဝယ်တိုင်းရင်းသားတို့၏ စကားပုံများ

၁။ ငါးမရှိတဲ့အရပ်မှာ ငါးဖျင်းသလက်သည် ငါးကောင်းဖြစ်၏။

ဆိုလိုရင်း။။တန်းဖိုးရှိသည့် အရာမရှိလျှင် တန်းဖိုးမဲ့သည့်အရာပင်လျှင် အသုံးဝင်နေရာရတတ်သည်။

၂။ လိပ်ကျုံ့လူမသိ။

ဆိုလိုရင်း။။ မိမိအခြေအနေမှန်ကို မိမိသာ သိနိုင်မည်ကို ဆိုလိုခြင်းဖြစ်သည်။

၃။ စပါးရှင် မျောက်လိုက်။

ဆိုလိုရင်း။။ ပြောင်းပြန်ဖြစ်တတ်သော လောကသဘောတရားအား ဖော်ညွှန်းထားခြင်းဖြစ်သည်။

## ဓနုနှင့် တောင်ရိုးတိုင်းရင်းသားတို့၏ စကားပုံများ

၁။ နွားပျင်းချိုကုပ်၊ လူပျင်းမီးမှုတ်။

ဆိုလိုရင်း။။ လူ နှင့် တိရစ္ဆာန်တို့ ပျင်းရိခြင်းလက္ခဏာအား ဖော်ညွှန်းထားခြင်းဖြစ်သည်။

၂။ လူဖျင်းရှိရာ လူဖျင်းလာ၊ အမှိုက်ရှိရာ ခွေးချေးလာ။

ဆိုလိုရင်း။။ သဘောထားတူအချင်းချင်း ပေါင်းဖော်မိကြပုံကို ဆိုလိုခြင်းဖြစ်သည်။

## ပအိုဝ်းတိုင်းရင်းသားတို့၏ စကားပုံများ

၁။ ငါးမရှိတော့ ဖားစွံ၊ စောင်မရှိတော့ အဝတ်စုတ်ကန္ဒေး။

ဆိုလိုရင်း။။ တန်ဖိုးရှိသည့်အရာ မရှိလျှင် တန်းဖိုးမဲ့သည့်အရာများ အသုံးဝင်နေရာရတတ်ခြင်းကို ဆိုလိုခြင်းဖြစ်သည်။

၂။ အထဲကဖျင်ကြမ်း၊ အပြင်ကဖဲ။

ဆိုလိုရင်း။ ။ မရှိဘဲနှင့် ဟန်ဆောင်ကြွားဝါခြင်းကို ဆိုလိုခြင်းဖြစ်သည်။

၃။ အလုပ်တစ်လံ၊ အပြောတစ်ထွာ။

ဆိုလိုရင်း။ ။ အလုပ်များများလုပ်၍ စကားနည်းနည်းသာပြောရန် ဖြစ်သည်။

၄။ ဦးချိုကိုရွက်ထားတဲ့ နွားဟာ ဦးချိုကို ပြန်မမြင်ဘူး၊ ကံကိုရွက်ထားတဲ့ သူဟာ ကံကို ပြန်မမြင်ဘူး။

ဆိုလိုရင်း။ ။ မိမိပြုလုပ်ခဲ့သော ကုသိုလ်၊ အကုသိုလ်ကံ၏ အကျိုးပေးကို မမြင်နိုင်ကြောင်းအား ဆိုလိုခြင်းဖြစ်သည်။

## မွန်တိုင်းရင်းသားစကားပုံများ

၁။ ကဒက်က အမြစ်လိုက်၊ သားသမီးက မျိုးရိုးလိုက်။

ဆိုလိုရင်း။ ။ မျိုးရိုးဟူသည် အစဉ်အဆက်လိုက်တတ်ကြောင်းကို ဆိုလိုခြင်းဖြစ်သည်။

၂။ နွားကောင်းမကောင်း လှည်းဆွဲမှသိ၊ လူကောင်းမကောင်းအတူနေမှသိ။

ဆိုလိုရင်း။ ။ လူတစ်ယောက်အကြောင်းအား အတူနေမှသာ ကောင်း၊ မကောင်း ပို၍သိနိုင်မည်ဖြစ်ကြောင်း ဖော်ညွှန်းထားခြင်းဖြစ်သည်။

၃။ လွတ်သောငါးကြီးပြီး၊ သေသော သားဖွံ့သည်။

ဆိုလိုရင်း။ ။ ဆုံးရှုံးပြီးသွားသော အရာကို ပိုမိုတန်ဖိုးထားတတ်ကြောင်းကို ဆိုလိုခြင်းဖြစ်သည်။

## ရခိုင်တိုင်းရင်းသားစကားပုံများ

၁။ ခွေးလိမ္မာ အမြီးကုပ်၊ လူလိမ္မာ နောက်ဆုတ်။

ဆိုလိုရင်း။။ အင်အားခြင်းမတူလျှင် နောက်ဆုတ်သင့်က ဆုတ်ရမည်ဖြစ်ကြောင်းကို ဆိုလိုခြင်းဖြစ်သည်။

၂။ တမိုးလယ်ထွန်၊ နွားထီးလား နွားမလားမသိ။

ဆိုလိုရင်း။။ အလုပ်ကိစ္စတစ်ခုအား အမှုမဲ့ အမှတ်မဲ့ လုပ်ခြင်းကို ဆိုလိုခြင်းဖြစ်သည်။

၃။ မဟိစ္စာထက်၊ မသိစ္စာခက်။

ဆိုလိုရင်း။။ ဥစ္စာပစ္စည်းမရှိခြင်းထက် အခါအခွင့်မသိခြင်းက ပို၍ခက်ခဲကြောင်းကို ဆိုလိုခြင်း ဖြစ်သည်။

## ရှမ်းတိုင်းရင်းသားစကားပုံများ

၁။ နွားကွဲလျှင် အမဲသားဖြစ်မည်။

ဆိုလိုရင်း။။ စည်းလုံးညီညွတ်မှုမရှိခြင်း၏ အကျိုးကို ပြခြင်းဖြစ်ပါသည်။

၂။ ရေစီးသန်သောမြစ်တွင် လှေကောင်းကိုမယုံရာ၊ ကျားဆိုးနှင့် တွေ့သောအခါ ကံကို မယုံရာ။

ဆိုလိုရင်း။။ ကံကိုကြီးသက်သက် အားကိုးမနေသင့်ပဲ လုံ့လဝီရိယ စိုက်ထုတ်လုပ်ကိုင် သင့်ကြောင်းကို ဆိုလိုခြင်းဖြစ်ပါသည်။

၃။ သူ့ထမင်းစားပြီး သူ့အတင်းကို မပြောနှင့် ၊ မိုးကြိုးမပစ်သော်လည်း ဆင်းရဲတာရှည် တတ်သည်။

ဆိုလိုရင်း။။ သူ့ကျေးဇူးအားသိတတ်ရန် ဆိုလိုခြင်းဖြစ်သည်။

## အင်းသားတိုင်းရင်းသားစကားပုံများ

၁။ မရှိလျှင်ဖားတစ်ကောင်၊ ရှိလျှင်ကျားတစ်ကောင်။

ဆိုလိုရင်း။။ မရှိလျှင်မရှိသည့်အလျောက်၊ ရှိလျှင်ရှိသည့်အလျောက် ဆင်ခြင်နေထိုင် စားသောက်တတ်ရန်ကို ဆိုလိုခြင်းဖြစ်ပါသည်။

၂။ မီးလောင်မှ ရေပွေ့ရိုးရှည်ရှာသလို။

ဆိုလိုရင်း။။ အရေးကြုံလာကာမှ ကပျာကယာလုပ်ဆောင်ခြင်းကို ဆိုလိုခြင်းဖြစ်သည်။

၃။ လှေပျောက်မှ လှေကြိုးရှာ၊ အထည်ပျောက်မှ အိမ်အောက်ထရံကာ။

ဆိုလိုရင်း။။ တစ်ခုခုဆုံးရှုံးပြီးကာမှ အကာအကွယ်လုပ်ရန် သတိရခြင်းကိုဆိုလိုသည်။

## နာဂတိုင်းရင်းသားစကားပုံများ

၃။ ပျိုပူခွေးအူပိုက်သလို။

ဆိုလိုရင်း။။ မိန်းမပျိုများသည် ပူပန်စရာရှိသည်ကိုရှက်ကြောက်ခြင်းကြောင့် ထုတ်ဖော်ပြလေ့မရှိ။ ဒါဏ်ရာအနာတရာကာ အူထွက်နေသော ခွေးအိုသည် ၄င်းထွက်နေသော အူအားပိုက်ရုံသာပိုက်ထားပြီး ဘာမှမလုပ်သကဲ့သို့ ပင်ဖြစ်သည်။

၃။ ဝက်ဝံကတိုက် တုံးကတိုက်။

ဆိုလိုရင်း။။ ပြဿနာတစ်ခုပြီး တစ်ခု ဆင့်ကာကြုံရခြင်းကိုဆိုလိုသည်။

အထက်ဖော်ပြပါ မြန်မာတိုင်းရင်းသားစကားပုံများအား မြန်မာနိုင်ငံပညာရေးဌာန၊ ကယားစာပေနင့်ယဉ်ကျေးမှု၊ နာဂစာပေနင့်ယဉ်ကျေးမှုတို့အား အဓိကထား ကိုးကား ဖော်ပြထားပါသည်။

## နောက်ဆက်တွဲ (၄) တိုင်းနှင့် ပြည်နယ်အလံများ













၁၉၄၇ ပြည်ထောင်စုအလံ








၁၉၇၄ ပြည်ထောင်စုအလံ








၂၀၁၀ ပြည်ထောင်စုအလံ














## နောက်ဆက်တွဲ (၅) တိုင်းရင်းသား သင်္ကေတများ

တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်ကြသော မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုး အသီးသီးတို့၏ ရှေးယခင်အဆက်ဆက်မှ တန်ဖိုးထား ထိန်းသိမ်းထားခဲ့ကြသော ဆိုင်ရာဆိုင်ရာ အမျိုးသားသင်္ကေတများရှိကြပါသည်။ တိုင်းရင်းသားတစ်မျိုးချင်းစီ၏ အတွေးအခေါ် အမြော်အမြင်၊ လူမှုရေးဓလေ့ထုံးတမ်း၊ ယဉ်ကျေးမှု၊ ရှင်သန်နေထိုင်မှုပုံစံနှင့် သမိုင်းအစဉ်အလာများကို ၎င်းတို့အမြတ်တနိုးတန်ဖိုးထားသော သင်္ကေတများတွင် ထင်ရှားတွေ့နိုင်ပါသည်။ တိုင်းရင်းသားလူမျိုးတစ်မျိုးနှင့် တစ်မျိုး ပိုမိုနားလည်မှုရှိလာပြီး ရေရှည်တည်တံ့သော ယုံကြည်မှုတည်ဆောက်နိုင်ရန်အတွက် တစ်ဦးမှ တန်ဖိုးထားသော အမျိုးသားသင်္ကေတနှင့် လက္ခဏာများကို တစ်ဦးက လေ့လာအဓိပ္ပါယ်ဖော်ဆောင်တတ်ရန်လည်းအလွန်ပင်အရေးကြီးပါသည်။ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ကြိုးပမ်းနေသော ဤကာလတွင် ပို၍ပင် အရေးကြီးပါသည်။ တိုင်းရင်းသားလူမျိုးများစွာရှိသော်လည်း အချို့ကိုသာ ဖော်ပြရခြင်းမှာ ထိမ်ချန်ထားလိုသော ရည်ရွယ်ချက်မဟုတ်ပါ။ လက်လှမ်းမှီစုဆောင်းနိုင်ခဲ့သော အချို့သင်္ကေတများကိုသာ ဖော်ပြခြင်းဖြစ်ပါသည်။



**ကရင်တိုင်းရင်းသားတို့၏ ဖားစည်နှင့် ကျွဲချို**



ကယားတိုင်းရင်းသားတို့၏ ဖားစည်



ချင်းတိုင်းရင်းသားတို့၏ အမျိုးသားသင်္ကေတတစ်မျိုးဖြစ်သော အောက်ချင်းငှက်



ရခိုင်တိုင်းရင်းသားတို့၏ သင်္ကေတတစ်မျိုးဖြစ်သော Byala



ရှမ်းတိုင်းရင်းသားတို့၏ သင်္ကေတတစ်မျိုးဖြစ်သော ရှမ်းအိုးစည်



မွန်တိုင်းရင်းသားတို့၏သင်္ကေတ တစ်မျိုးဖြစ်သော ဟင်္သာငှက်



ဗမာတိုင်းရင်းသားတို့၏သင်္ကေတ တစ်မျိုးဖြစ်သော ဒေါင်းငှက်



နာဂတိုင်းရင်းသားတို့၏ သင်္ကေတတစ်မျိုးဖြစ်သော လှံ



နာဂတိုင်းရင်းသားတို့၏ သင်္ကေတတစ်မျိုးဖြစ်သော ဦးထုပ်



ပအိုဝ်းတိုင်းရင်းသားတို့၏ သင်္ကေတတစ်မျိုးဖြစ်သော နဂါး



တအာင်း (ပလောင်) တိုင်းရင်းသားတို့၏ သင်္ကေတတစ်မျိုးဖြစ်သော နဂါး



**ကချင်တိုင်းရင်းသားတို့၏သင်္ကေတတစ်ခုဖြစ်သော မနောတိုင်**

ပြည်ထောင်စု မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများ မတူညီကွဲပြားသော သဘောသဘာဝနှင့်အတူ ခေတ်အဆက်ဆက် နိုင်ငံရေးစနစ်များနှင့် တိုင်းရင်းသား လူမျိုးအသီးသီးတို့၏ တည်ရှိမှု၊ နားလည်မှုနှင့် မတူညီသော နိုင်ငံရေးခံယူချက်များကို ပိုမိုနားလည်မှုရှိစေရန် ရည်ရွယ်၍ ဤစာတမ်းကို ထုတ်ဝေလိုက်ပါသည်။

မတူကွဲပြားခြင်းကို အားသာချက်ဟု နားလည်ရှုမြင်သလား သို့မဟုတ် အားနည်းချက်ဟု သတ်မှတ်သလားဆိုတာ တိုင်းပြည်ကို အုပ်ချုပ်သူများက ကျင့်သုံးသော နိုင်ငံရေးလမ်းစဉ် နှင့် အုပ်ချုပ်ရေးစနစ်များကို လေ့လာခြင်းဖြင့် သိသာမြင်သာနိုင်ပါသည်။

လွတ်လပ်ရေးရပြီးချိန်ကစပြီး ပြည်ထောင်စုမြန်မာနိုင်ငံ၏ အတွေ့အကြုံများအရ မတူညီသောတိုင်းရင်းသားလူမျိုးများ စုစည်းတည်ရှိနေမှုကို ပြည်ထောင်စု၏ အင်အားအဖြစ် မတည်ဆောက်နိုင်သေးသလို တိုင်းရင်းသားလူမျိုးများ အချင်းချင်းအကြား နားလည်ယုံကြည်မှု ပိုမို၍ ကွဲပြားအားနည်းလာသည်ကို တွေ့ရသည်။

အတိတ်ကပြောသော အတွေ့အကြုံနှင့် သင်ခန်းစာများကို နားလည်ပြီး အနာဂါတ်ပြည်ထောင်စုကြီးကို တည်ဆောက်သည့်အခါတွင် မမှားသင့်သော အမှားများကို ရှောင်ရှားနိုင်ကာ မတူကွဲပြားချက်များနှင့်အတူ အမှန်တကယ် နားလည်မှုရှိပြီး စည်းလုံးညီညွတ်သော ပြည်ထောင်စု ပေါ်ထွန်းစေရန် ရည်ရွယ်ပြီး ဤစာတမ်းအား ထုတ်ဝေလိုက်ပါသည်။